www.burmeseclassic.com



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အင်ပါယာ
စာပေ

EMPIRE
PUBLISHING CENTER

# အင်ပါယာ

စာပေ

■ တိုက် ၂၁၊ အခန်း ၁၁
ဗိုလ်မှူးကျော်သန်းဝန်ထမ်းအိမ်ယာ
ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၇၂၅၂၃၃
P.O. Box-234

■ တိုက် ၉၊ ကသစ်ပင်လမ်း (ဝ)
ယုဇနလမ်း၊ ဇော်ဂျီတောင်နိမ့်မှန်
ယုဇနဥယျာဉ်မြို့တော်။
ဖုန်း - ၅၅၃၂၆၅
E-mail: empirecenter@

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ
ဦးနိုင်မျိုးထွန်း (ဘော်ပိုင်အင်းစာပေ)
တိုက် ၂၈ အခန်း ၁၁
ပြည်ကျနဲ့သန့်ရှင်းရပ်ကွက်...
ဦးစိုးတင့်ညွန့် ရန်ကုန်မြို့

ပုံနှိပ်သူ
ဦးသောင်းအောင်ကျော် (ကာလီဟုတ်ပန်းပုံနှိပ်တိုက်)
၂၄၅၊ လမ်း ၃၁ ရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com



စာမူခွင့်ပြုချက် - ၅၈၁/၂၀၀၃ (၆)
မျက်နှာဖုံးခွင့်ပြုချက် - ၆၄၃/၂၀၀၃ (၆)
ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၀၃၊ ဇူလိုင်လ
အုပ်ရေ ၊ တန်ဖိုး - ၅၀၀ ၊ ၁၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**စည်းကမ်းလိုက်နာ ဘေးကင်းကွာ**

**စည်းကမ်းရှိမှ တိုးတက်မည်။**

**စည်းကမ်းကိုက်ညီ ဘေးကင်းသည်။**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်**

**ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်။**

## ပြည်သူ့သဘောထား

[ ] ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

[ ] နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။

[ ] နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများ အား ဆန့်ကျင်ကြ။

[ ] ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

# [illegible]

ဖေါင်ဦးပြုစုသည် [မန္တလေး]

www.burmeseclassic.com

www.burmeseclassic.com

မနက်ကတည်းက ဇာတိပြခဲ့သော ဆောင်းသည် နေ့လယ်အချိန်ထိ အအေးမပြယ်ချင်။ နေကျသွားသည်နှင့် အနွေးထည်ကို ကောက်ဝတ်ထားရသည်။

“ခိုင်းစရာအထွေအထူးမရှိရင် ပြန်ဖို့ပြင်တော့မယ်နော် မမ”

“ကောင်းပြီခိုင်ဝါ. . . မမလည်း ပြန်တော့မှာ ကားက ဝပ်ရှော့ပို့ထားတော့ ဖယ်ရီနဲ့ပဲ လိုက်ဖြစ်မယ်ထင်တယ်”

“မမကလည်း ဦးဗညားဇော်ကို ဖုန်းဆက်ခေါ်လိုက်လေ၊ သူက အကြိုအပို့လုပ်ပေးချင်နေတာပဲ ဥစ္စာ၊ ခိုင်ဝါ ဖုန်းဆက်ပေး



www.burmeseclassic.com

www.burmeseclassic.com



ရမလား မမ”

ပတ်ဝန်းကျင်က အရင်းနှီးဆုံး . . ဟု သတ်မှတ်ထားသော ကိုဗညားဇော်ကို အမြဲမေ့လျော့နေဖြစ်ခဲ့သည်ပဲ။

“သူလည်း သူ့အလုပ်နဲ့သူ ရှုပ်နေမှာပါကွယ်”

“မမကလည်း . . မကြာခင်စေ့စပ်တော့မယ့် ကိုယ့်ခင်ပွန်းလောင်းကို အဆိုးအနွဲ့တွေလုပ်ထားဦး၊ မိန်းမတွေအနေနဲ့ ကိုယ့်ကို ဂရုစိုက်ခံချင်သလိုပဲ၊ ယောက်ျားတွေရဲ့ သဘာဝကလည်း ဂရုစိုက်ဖို့ အမြဲ အဆင်သင့်ဖြစ်နေတတ်တာ”

ခြောက်နှစ်လောက်ငယ်သည်ဖြစ်သော ခိုင်ဝါက . . . ယောက်ျားတွေသဘာဝကို ပြောပြနေ၏။ အလွန်ဆုံးရှိမှ ခိုင်ဝါ့ အသက် နှစ်ဆယ်ပင် ရှိဦးမည်။ ခိုင်ဝါ့စည်းရုံးရေးကြောင့်ပင် ကိုဗညားဇော်ဆီ ဖုန်းဆက်ချင်စိတ် ဖြစ်သွားမိသည်။

“ဒါဆိုရင် မမဟန်းဖုန်းကနေပဲ ခိုင်ဝါခေါ်ပေးလေ”

ခိုင်ဝါကတော့ အလိုက်သိတတ်သော လက်အောက်ငယ်သားပင်ဖြစ်၏။ ကိုဗညားဇော်၏ဖုန်းနံပါတ်ကို အလွတ်ရနေပြန်သည်။

“အခုလောလောဆယ်တော့ ဖုန်းပိတ်ထားတယ် မမရဲ့၊ မမဆီကမှန်းသိရင် သူပြန်ဆက်ပါလိမ့်မယ်”



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

"သူ့အလုပ်ရှုပ်နေမှာပါလို့ မမပြောသွားပဲ"

"ခိုင်ဝါ စောင့်ပေးမယ်လေ၊ ဖယ်ရီမမီလည်း ကားငှားပြန်မယ်"

ခိုင်ဝါကတော့ ထပ်ပြီးအလိုက်သိတတ်ပြပြန်၏။ ကိုဗညားဇော်နှင့် အဆက်သွယ်ရသည်အထိ စိတ်ရှည်ချင်နေပုံရသည်။

ခိုင်ဝါကို နှစ်သိမ့်စကား မပြောရခင်မှာပင် မှန်တံခါးဖွင့်လာ၏။

"နောက်တစ်ခါဆိုရင် လုံခြုံရေးအားလုံးကို အသေအချာပြောထား . . . ပန်းနုသွေး၊ နင့်ဆီလာဖို့ ဘယ်သူ့ဆီကမှ ငါ ခွင့်မတောင်းချင်ဘူး"

စိတ်ဆိုးမာန်ဆိုးဖြစ်နေသော "မင်းသုတ" ကြောင့်ပင် ခိုင်ဝါတစ်ယောက် မျက်နှာမဲ့ပြီး အခန်းပြင်ထွက်သွား၏။

"အလုပ်မှာဆိုတော့ အိမ်မှာလိုတော့ ဘယ်ဟုတ်မလဲ မင်းသုတရယ်"

"ငါ့လိုလူမျိုးကို နင်က မတွေ့ချင်ဘူးဆိုတာ ရှိဦးမှာလား ပန်းနုသွေး"

မင်းသုတတစ်ယောက် ကုမ္ပဏီသို့ ရောက်လာလေတိုင်း ပြဿနာတစ်ခု အမြဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မင်းသုတ၊ ဒီကုမ္ပဏီက နိုင်ငံခြားကုမ္ပဏီ၊ ငါ့အထက်မှာ နိုင်ငံခြားသားတွေ ရှိသေးတယ်၊ ကုမ္ပဏီအကြီးအကဲ တစ်ယောက်ကို တွေ့ဖို့ဆိုရင် ပထမဆုံး အကြောင်းကြားရမယ်၊ အစည်းအဝေးလုပ်နေတာမျိုး အရေးကြီးတဲ့ဧည့်သည် ရောက်နေတာမျိုးဆိုရင် ဘယ်လိုလုပ်မလဲ၊ လုံခြုံရေးကတော့ သူ့အလုပ်ကို သူတာဝန်ကျေအောင် လုပ်ရတာပဲလေ"

"နင်နဲ့ငါက ငယ်ငယ်ကတည်းကပေါင်းလာတဲ့ သူငယ်ချင်းတွေပါဟာ၊ နင့်ဆီကိုတော့ တံခါးမရှိခါးမရှိ ငါ လာခွင့်ရှိရမှာပေါ့"

မင်းသုတက သူ့မထက် နှစ်လကြီးသည်။ မင်းသုတ အသက်က နှစ်ဆယ့်ခြောက်နှစ်ထဲမှာ။ အခုအရွယ်ထိ ဆိုးလို့ မိုက်လို့ ကောင်းတုန်းပင်ရှိသေး၏။

"ကဲပါ . . . အခုပဲ ငါ့ဆီရောက်လာပြီ မဟုတ်လား၊ ဘာလဲ . . . နင့်မှာ ပိုက်ဆံပြတ်သွားလို့ ဝင်လာတာလား မင်းသုတ"

မျှော်နေသူက ကိုဗညားဇော် . . .။

မှတ်မထင်ဘဲ ရောက်လာသူက မင်းသုတဖြစ်နေ၏။

"မဟုတ်ဘူး ပန်းနုသွေး၊ ဝပ်ရှော့မှာ နင့်ကား ထိုးထားတာတွေ့လို့ တမင်လာခဲ့တာ၊ နင်ပြန်မှာမဟုတ်လား"

ဟုတ်တာမဟုတ်တာ အပထား။ အခုလောလောဆယ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မှာတော့ မင်းသုတနှင့် လိုက်သွားတာ အဆင်ပြေဆုံးဖြစ်မည် ထင်၏။

ကိုဗညားဇော်ကို မျှော်နေပါလျက် မင်းသုတနှင့်လိုက် သွားခြင်းကြောင့် ခိုင်ဝါတစ်ယောက် မကျေမနပ်ဖြစ်ကျန်ခဲ့သည်။

ကားပေါ်ရောက်သည်နှင့် ဖုန်း အသံမြည်လာသည်။

ကားစက်နှိုးရင်းကပင် မင်းသုတမေး၏။

"ဘယ်သူ့ဆီက ဖုန်းလဲ . . ."

"ကိုဗညားဇော်ဆီက"

တိုတောင်းစွာ စကားပြန်ပြီး ကိုဗညားဇော်နှင့် ဖုန်းပြော လိုက်သည်။ 'ဗညားဇော်' ဆိုသည့်အသံ ကြားသည်နှင့် မင်းသုတ ကတော့ ကားကိုခပ်ကြမ်းကြမ်းလေး မောင်းထွက်ပြလိုက်သည်။

"ကိုဗညားဇော်လား"

"ဟုတ်တယ် ပန်းနုသွေး၊ ဖုန်းနံပါတ်ပေါ်နေလို့ ကိုယ်ပြန်



www.burmeseclassic.com

www.burmeseclassic.com



ဆက်လိုက်တာ၊ ညော့သည်နဲ့ စကားပြောနေလို့ ဖုန်းပိတ်ထားတာလေ၊ ဘာအရေးကြီးကိစ္စရှိလို့လဲ ပန်းနုသွေး”

“တခြားတော့ မဟုတ်ပါဘူး၊ ကားက ဝပ်ရှော့ထိုးထားလို့လေ၊ အဲဒါ . . . ကြုံရင် အိမ်ပြန်ပို့ခိုင်းမလို့”

ဖုန်းပြောရင်းကပင် မင်းသုတကို ငုံ့ကြည့်ဖြစ်သည်။

မျက်နှာထားကတော့ အတော်လေး သုန်သုန်မှုန်မှုန် ဖြစ်နေ၏။

“ဟုတ်လား . . . အခု ပန်းနုသွေး ဘယ်မှာရှိနေလဲ၊ ကိုယ်အခုချက်ချင်း ထွက်လာခဲ့မယ်”

“မလာနဲ့တော့၊ အခု ပန်းနုသွေး အိမ်ပြန်နေပြီ”

“ဘာနဲ့ ပြန်တာလဲ ပန်းနုသွေး”

“မင်းသုတကားနဲ့လေ၊ လမ်းကြုံလို့ ဝင်ခေါ်တာနဲ့ လိုက်ဖြစ်တာ”

မင်းသုတ . . . ဟု ပြောလိုက်သည်နှင့် ကိုဗညားဖော်တစ်ယောက် နှုတ်ဆိတ်သွား၏။ ခဏကြာမှ နှုတ်ဆက်စကား ပြောပြီး၊ စကားပြောခြင်းကို အဆုံးသတ်လိုက်၏။ မင်းသုတကတော့၊ ကားကို အရှိန်ပြင်းပြင်း မောင်းနေတုန်းပင်။ ကြောက်ပြနေလျှင် မင်းသုတက ကဲနေဦးမည်။ ကက်ဆက်ခလုပ်ကိုနှိပ်ရင်း သီချင်း



www.burmeseclassic.com

www.burmeseclassic.com



ခပ်ကျယ်ကျယ် ဖွင့်လိုက်၏။

သီချင်းနားထောင်ရင်းကပင် ဝန်းကျင်ကို သတိထားဖြစ်သည်။ မင်းသုတ ဦးတည်မောင်းနေသည်က အိမ်ပြန်လမ်းနှင့် ဘာမှမဆိုင်။ ဝန်းကျင်မှာတော့ အမှောင်နှင့်အတူ နှင်းတို့ ကြီးစိုးစပြုနေ၏။

"ဘယ်ရောက်အောင် မောင်းမလို့လဲ မင်းသုတ၊ အိမ်ပြန်နေတယ်ဆိုတာကို နင်မေ့နေပြီလား"

မင်းသုတ၏အရယ်အပြုံးကို တွေ့ရသည်။

ကားအရှိန်ကို တဖြည်းဖြည်းချင်းလျှော့ရင်း မင်းသုတ ပြော၏။

"နင်မှတ်မိဦးမလား ပန်းနုသွေး . . . ဒီလိုဆောင်းတွင်းမျိုးပဲ . . . နှင်းနဲ့မိုး မကင်းတဲ့အချိန်၊ အဲဒီတုန်းက နင် ဆယ်တန်းအောင်ပြီးစ၊ ငါကတော့ မအောင်ဘူး၊ မနက်ခြောက်နာရီလောက်



www.burmeseclassic.com

www.burmeseclassic.com



ကေရီနဲ့ချိန်းထားလို့ သွားမလို့လုပ်နေတုန်း နင်ရောက်လာတာလေ၊ ပထမတော့ ဆိုင်မှာတစ်ခုခုစားဖို့ နင်လိုက်လာခဲ့တာ၊ ကေရီနဲ့ ချိန်းထားမှန်းလည်း သိရော . . . နင် ငါ့ကို အလောင်းအစား လုပ်ခဲ့တာ မှတ်မိသေးလား ပန်းနုသွေး"

မင်းသုတန္နှိုးဆွပေးလိုက်သောအတိတ်ကို ရေးတေးတေး မဟုတ်ဘဲ မှတ်မိလိုက်သည်။ ကေရီဆိုသော ကောင်မလေးက မင်းသုတ၏ အချစ်တော်လေး။ မိန်းကလေးများစွာ ဝိုင်းနေပါလျက် ကေရီကတော့ မင်းသုတ၏ အရေးပေးခံရဆုံးပင်။

မင်းသုတ မလုပ်လောက်ဘူးထင်ပြီး ကျိုက်ထီးရိုးဘုရားကို အခုချက်ချင်း ထသွားမလားဟု အလောင်းအစား လုပ်ကြည့်မိသည်။ ဘယ်ကနေဘယ်လို မင်းသုတ စိတ်ကူးပေါက်သွားသည် မသိ။ ချိန်းဆိုထားသည်ကို လျစ်လျူရှုပြီး ကျိုက်ထိုသို့ နှစ်ယောက်တည်း ကားမောင်းပြီး ထွက်လာဖြစ်သည်။

"ဘာလဲ မင်းသုတ . . . ကလေးဘဝကအဖြစ်အပျက်ကို အခုချိန်မှာ ပြန်ပြီးကလဲ့စားချေလိုတဲ့ သဘောလား"

"ကလဲ့စားတော့ မဟုတ်ပါဘူး၊ ကားမောင်းနေရင်းက အလောင်းအစားတစ်ခု လုပ်ချင်လာလို့ပဲ၊ အခုခရီးကို နောက်ပြန် မလှည့်ဘဲ ကျိုက်ထီးရိုးရောက်အောင် မောင်းရအောင်၊ ပိတ်ရက်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း သုံးရက်ကြီးများတောင် အလုပ်မအားဘူးလို့ နင်အကြောင်းမပြနဲ့နော်”

ငယ်ငယ်ကတည်းက မင်းသုတ ဆိုးသွမ်းသည်။ အခုလည်း မင်းသုတက လူဆိုး။ ဟိုတုန်းကလို မင်းသုတနှင့် ပြိုင်ပြီးမမိုက်ချင်။

“ဒါတော့ မဖြစ်ဘူးထင်တယ် မင်းသုတ၊ အားရက်ရှိတယ် ဆိုပေမယ့် ငါ့မှာ အလုပ်ကိစ္စတွေ တစ်ပုံတစ်ပင် ရှိနေတယ်၊ ဆန်းဒေးမှာ ကိုဗညားဇော်တို့မိသားစု အိမ်လာလိမ့်မယ်၊ စေ့စပ်ပွဲအတွက် စကားလာပြောကြလိမ့်မယ်”

“အဲဒါတွေ ငါမသိဘူး ပန်းနုသွေး၊ အခုချိန်မှာ ငါဖြစ်ချင်တာက နင်နဲ့အတူတူ ခရီးတစ်ခုကို သွားချင်နေတာပဲ၊ နင်မလိုက်ချင်လည်း ငါကတော့ အတင်းခေါ်သွားရမှာပဲ”

“နင့်အနေနဲ့ကတော့ အချိန်မရွေး ကလေးဆန်လို့ရပေမယ့် ငါ့အနေအထား၊ ငါ့ဂုဏ်သိက္ခာနဲ့ ကလေးဆန်ဆန် လျှောက်လုပ်နေလို့ မဖြစ်ဘူး မင်းသုတ”

မင်းသုတနှင့် အခြေအတင်စကားပြောနေရင်းကပင် မဂ်လာဒုံတိုင်းခန်းမရှေ့သို့ ရောက်လာတော့သည်။

မင်းသုတကတော့ ကောင်းကောင်းကြီး ပညာပေးနေပုံ

www.burmeseclassic.com

www.burmeseclassic.com



ရသည်။

"ကားခွေကို ငါကိုင်ထားတာနော် ပန်းနုသွေး၊ ငါ့ခြေထောက်တွေကိုရော၊ ငါ့လက်တွေကိုပါ ကြိုက်သလို ငါ အမိန့်ပေးလို့ ရတယ်၊ ငါ တစ်ခုမေးမယ် ပန်းနုသွေး"

"ဥပမာဟာ အခုအချိန်မှာ လူတစ်ယောက်က နင့်ကို ကားတင်ပြေးတယ်ဆိုရင် နင် ဘယ်လိုတုံ့ပြန်မလဲ"

"ဘာပြောတယ် မင်းသုတ"

မင်းသုတစကားက အပြောင်အနောက်တွေ ပါလာနေပြီ။ သူမကိုတော့ နိမိတ်ပြစကားတွေဖြင့် စိတ်ဒုက္ခပေးတော့မှာ သေချာနေသည်ပဲ။ မင်းသုတကားနှင့် လိုက်ခဲ့မိတာကိုက အကုသိုလ်ဝင်ခြင်းပင်။

"ငါသိချင်လို့ မေးတာပါ"

"အဲဒီလို လွယ်လွယ်ကူကူ လုပ်လို့ရမလားဟ၊ ငါ့အသက်နဲ့ လဲပြီး ကာကွယ်မှာပေါ့"

"တကယ်လား"

"တကယ်ပေါ့"

"ကောင်းပြီ၊အဲဒီလူက တခြားသူမဟုတ်ဘူး၊ မင်းသုတဆိုတဲ့ကောင် ဖြစ်နေရင်ရော"

www.burmeseclassic.com

www.burmeseclassic.com



နောက်နေသည်လား၊ အတည်ပေါက်ပြောခြင်းလားဟု မကွဲမပြား။ ဒါမျိုးတွေ မင်းသုတလုပ်နေကျ။

မင်းသုတ ဘာစကားတွေပြောပြီး ဘယ်ထိရောက်အောင် မောင်းနိုင်မလဲ . . . ဟု စိတ်ထဲမှာ တေးထားမိသည်။

"ဘယ်သူပဲဖြစ်ဖြစ် ငါ့အသက်နဲ့လဲပြီး ကာကွယ်ရမှာပဲ၊ မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို တရားလက်မဲ့ စော်ကားတာ၊ ကောင်းတဲ့အလုပ်မှ မဟုတ်ဘဲ၊ ငါက ခပ်ညံ့ညံ့ မိန်းကလေးမျိုးလည်း မဟုတ်ဘူး . . . "

"နင် မညံ့မှန်း ငါသိတာပေါ့၊ ငယ်ငယ်ကတည်းက နင် အရမ်းတော်တယ်၊ လိမ္မာတယ်၊ ငါက အရမ်းညံ့တယ်၊ အခုထိ ညံ့နေတုန်းပဲ၊ ဆိုးလိုက်တာလည်း ကမ်းကုန်အောင်ပဲ၊ နင် အားလုံး သိနေတာပဲ"

မင်းသုတက ခြိမ်းခြောက်တာလား၊ တကယ်ပြောနေတာလား မသိ။ မင်းသုတကို ကြည့်ရင်းကပင် ကျောစိမ့်ချင်သလို ဖြစ်လာမိ၏။ သူပြောသည့်စကားတွေအတိုင်းတော့ မင်းသုတ လုပ်ရက်မယ်မထင်။

ငယ်ငယ်ကတည်းက ရှိခဲ့ဖူးသော သံယောဇဉ်များကို တော့ မြေကြီးပေါ်သို့ ချမနင်းလောက်ဟု တွေးမိသည်ပဲလေ။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [ တစ် ]

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဘာမဟုတ်တဲ့ သံယောဇဉ်မှာ

စတင် မြစ်ဖျားခံတယ်....။

အစမှာ ချောင်းကလေး

တဖြည်းဖြည်း အသွင်ပြောင်း

နှစ်ပေါင်းများစွာ စီးဆင်းရင်းနဲ့

မြစ်တစ်စင်းဖြစ်ခဲ့တယ်...။

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# (၁)

"ပတ်ဝန်းကျင်ကို ကြည့်လိုက်စမ်း ပန်းနုသွေး၊ နှင်းနဲ့ မိုးရောထွေးနေတာလေ၊ ပြောရင်းဆိုရင်းနဲ့ ကောင်းကင်မှာ လျှပ်တွေလက်နေပြန်ပြီ"

ကားလေးက ဝါယာလက်ကိုပင် ကျော်လွန်စပြုနေပြီ . .။

အိမ်ပြန်ရောက်ချိန်ကို တစစနှင့် ကျော်လွန်လို့လာ၏။

"နင် နောက်ကြောင်းပြန်မလှည့်တော့ဘူးလား မင်းသုတ၊ တဖြည်းဖြည်းနဲ့ ငါ ဒေါသထွက်လာပြီနော်၊ ပြောင်တယ် နောက်တယ်ဆိုတာ အခြေအနေတစ်ခုအထိပဲ ကောင်းတယ်၊ အပြောင်အပျက်ကနေ ခြေလွန်လက်လွန် ဖြစ်လာပြီဆိုရင် မလိုလားအပ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတွေ တစ်ခုပြီးတစ်ခု ဖြစ်လာမှာနော်”

မင်းသုတကို မကြမ်းရဲသလို၊ အရမ်းလည်း မချော့ရဲပြန်။

ကျိုးကြောင်းဆီလျော်စွာဖြင့် ဖျောင်းဖျ နားသွင်းရသည်။

“ဒီအခြေအနေထိ ငါနောက်နေတယ်ပဲ နင်ထင်နေတာလား ပန်းနုသွေး၊ နင် ဗိုက်ဆာနေပြီလား”

မင်းသုတပြောသော စကားနှစ်ခွန်းသည် တစ်ခုနှင့်တစ်ခု ဆက်စပ်လို့မရပေ။

မင်းသုတမျက်နှာကို အသေအချာ အကဲခတ်ရပြန်သည်။

မဟုတ်မှလွဲရော . . . မင်းသုတတစ်ယောက် ကြောင်ပြီးတော့ ထင်ရာမြင်ရာတွေ လျှောက်လုပ်နေတာလား မပြောတတ်ပေ။

မင်းသုတက အပေါင်းအသင်းစုံတော့ မလုပ်နိုင်ဘူးတော့ အတပ်မပြောနိုင် . . .။

“အေး ငါ ဗိုက်ဆာသလိုလိုတော့ ရှိတယ်၊ တွေ့တဲ့ဆိုင် တစ်ဆိုင်ဆိုင်မှာ တစ်ခုခုဝင်စားရအောင် မင်းသုတရာ၊ ပြီးရင် ငါတို့ အိမ်ပြန်ကြမယ်”

မိန်းမညာဏ်သုံးပြီး မင်းသုတကို စည်းရုံးရတော့၏။

တကယ်တမ်းကျတော့ သူမ၏စည်းရုံးမှုမှာ ခပ်ညံ့ညံ့

www.burmeseclassic.com

www.burmeseclassic.com



ပျက်လုံးတစ်ခုသာ ဖြစ်ခဲ့ရပြန်သည်။

"ဒီကားကို ဘယ်နေရာမှ မရပ်နိုင်သလို၊ နင့်ကိုလည်း ပေးမဆင်းနိုင်ဘူး ပန်းနုသွေး၊ နင်ဆာရင် နောက်ခန်းမှာ စားစရာ အစုံပါတယ်၊ ပြီးတော့ နင့်အတွက် အဝတ်အစား အပိုနှစ်စုံပါတယ်၊ ဒီခရီးကို ငါ အားလုံးစီစဉ်ပြီးမှ ထွက်လာခဲ့တာပဲ"

"နင် ဘာအရူးထတာလဲ မင်းသုတ၊ ဘာလဲ . . နင် ငါ့ကို ပြန်ပေးဆွဲလာတဲ့သဘောလား"

"ငါ ရူးနေတာတော့ အမှန်ပဲ ပန်းနုသွေး"

လမ်းမီးတွေကလည်း မှောင်နေသလို၊ မောင်းလာသော ခရီးကလည်း ထောက်ကြံ့သို့ပင် ရောက်လုနီးပေပြီ။

ရူးနေတဲ့လူတစ်ယောက်ကတော့ သူ့ကိုယ်သူ ရူးနေသည် ဟု ပြောမှာမဟုတ်။

မဟုတ်မှလွဲရော သူမ, ထင်သလို မင်းသုတတစ်ယောက် ပေါက်ကရတွေလုပ်ပြီး ကြောင်သွားတာပဲဖြစ်ရမည်။

"ဒီရက်ပိုင်းမှာ နင် ဘာတွေသုံးထားသေးလဲ မင်းသုတ၊ မဟုတ်တာတွေ နင် လျှောက်လုပ်ထားမိလား၊ အခုရော တစ်ခုခု နင်သုံးထားတယ် မဟုတ်လား၊ နင် အခုလုပ်နေတာတွေရော နင် ပြောတဲ့စကားတွေပါ ပုံမှန်မဟုတ်ဘူးနော်၊ နင်စိတ်ထင်ရာ လျှောက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတော့ ငါ့ကိုများ မသနားတော့ဘူးလား မင်းသုတရယ်"

"ဘာလဲ နင်က ငါ တစ်ခုခုသုံးထားလို့ ကြောင်သွားပြီလို့ ထင်နေတာလား၊ ဒီမနက်အစောကြီးကတည်းကစပြီး အခုချိန်ထိ မူးယစ်စေတတ်တဲ့ အရာမှန်သမျှကို ငါ မသုံးစွဲထားဘူး၊ ကုန်ကုန် ပြောမယ်ဟာ . . . ငါ စီးကရက်ကြိုက်တာကို နင်သိပါတယ်၊ ကား ပေါ်မှာ ခါတ်ဆီပုံးတွေပါလာတော့ ငါ စီးကရက်မသောက်တာ ကြည့်ပါလား၊ ငါတို့က ဘယ်အထိသွားပြီး ဘယ်ရောက်မယ်မှန်း မသိတော့ ဆီတိုင်ကီကို အပြည့်ဖြည့်ထားရုံတင်မကဘူး၊ အပို ခါတ်ဆီတွေပါ ငါ အသင့်တင်လာခဲ့တာ၊ ဒီလို စံနစ်တကျ မစီစဉ်လို့ မရဘူးလေ . . ."

မင်းသုတစကားတွေကို နားထောင်နေရင်းကပင် အမိပ္ပာယ်ရှိရှိဖြင့် ကြိုတင်ကြံစည်ထားမှန်း သိသာနေသည်။

ဘာရည်ရွယ်ချက်ဖြင့် မင်းသုတတစ်ယောက် ဒီလို စံနစ် တကျစီစဉ်ပြီး ဒီအပြုအမူကို လုပ်ခဲ့ပါလိမ့်။

တွေးရင်းကပင် ဦးနှောက်ခြောက်ချင်လာ၏။

ရှေ့လျှောက် ဘာတွေဖြစ်လာဦးမည်ကို မတွေးရဲတော့ ပေ။

ကားလေးကလည်း ထောက်ကြံ့လမ်းဆုံသို့ရောက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်-မန္တလေးလမ်းမကြီး ဘက်သို့ ချိုးကွေ့ဝင်လိုက်လေသည်။

“ငါ့ကို ဒီလိုမျိုးခေါ်လာတာရယ် နင်စီစဉ်ထားတာတွေရယ်ကို ကြည့်ရင် . . . နင့်မှာ အကြံအစည်တစ်ခုခုတော့ ရှိရမယ် မင်းသုတ”

သူမ, ပြောလိုက်သော စကားကြောင့်ပင် နှလုံးပျက်ဖွယ်ဖြစ်လောက်အောင် မင်းသုတရယ်မောလေ၏။

“ဘယ်လိုအသံမျိုးနဲ့ ရယ်နေရတာလဲ မင်းသုတ”

“ရယ်စရာ အရမ်းကောင်းလို့ပေါ့ ပန်းနုသွေး၊ နင်စဉ်းစားကြည့်စမ်း . . . နင်က ငါ့ထက် ပညာတွေ အများကြီးတတ်တယ်၊ နင့်ပတ်ဝန်းကျင်မှာရော ငါ့ပတ်ဝန်းကျင်မှာပါ နင့်ကို အရမ်းတော်ကြောင်း ချီးမွမ်းကြတာ နားမဆံ့ဘူး၊ အေးလေ . . . ဘယ်လောက်တော်တော်၊ ဘယ်လောက်ပညာတတ်တတ် နောက်ဆုံးကျတော့ မိန်းမဆိုတာ မိန်းမတွေးပဲ တွေးတတ်ကြတာချည်းပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ဒေါသမဖြစ်,ဖြစ်အောင် တမင်လုပ်နေတာလား မင်းသုတ၊ ကောင်းပြီ . . . နင်ရှေ့ဆက်တိုးမယ်ဆိုရင် အခုချက်ချင်း ရဲစခန်းတစ်ခုခုကို အကြောင်းကြားမယ်၊ ငါ့အိမ်ကိုလည်း အကြောင်းကြားမယ်၊ နင့်မိဘတွေဆီလည်း ဖုန်းနဲ့ အကြောင်းကြားရမယ်"

ရဲစခန်းကို ရှေ့တင်ပြီး ပြောလိုက်ပေမယ့် တကယ်တမ်းကျတော့ မင်းသုတတို့အိမ်၏ ဖုန်းနံပါတ်များကို အရင်နှိပ်ဖြစ်၏။

သူမ, လုပ်ပုံကိုင်ပုံများကို ကြည့်နေရင်းကပင် ရယ်ရယ်မောမောနှင့် မင်းသုတ ပြောလိုက်ပြန်လေ၏။

"ပြောနေရင်းကကို တစ်ခုပြီးတစ်ခု ညံ့ပြနေပါလား ပန်းနုသွေးရယ် . . . နင် ရူးနေလား၊ နင့်ဆီက ဟန်းဖုန်းရော၊ ငါ့ဆီက ဟန်းဖုန်းပါ ဒီနေရာကနေပြီး ဘယ်ကိုမှ အဆက်အသွယ်လုပ်လို့ မရဘူးလေ၊ အခုချိန်မှာ အဲဒီဖုန်းတွေအားလုံးက တစ်ခုမှ အသုံးမဝင်တော့ဘူး ပန်းနုသွေး၊ အခုရောက်မယ့် Toll Gate မှာ ပစ်ထားခဲ့ရုံပဲ ရှိတော့မယ်"

"အကောင်စုတ်"

တကယ်လည်း ဟုတ်နေ၏။ သူမလက်ထဲမှ ဖုန်းမှာ ဘာဆိုဘာမှ အဆက်အသွယ်လုပ်လို့ မရတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



Toll Gate ရောက်တော့ မှန်တစ်ချက်ချပြီး ဂိတ်ကြေးပေးသည်။ ဖျတ်ခနဲခေါင်းထဲမှာ အတွေးဝင်လာပေမယ့် များစွာနောက်ကျသွားခဲ့ပြီ။ ကားတံခါးကို ဆကြည့်ပြန်တော့ အဖွင့်အပိတ်လုံးဝ လုပ်လို့မရတော့ပေ။

"ဘာလဲ ပန်းနုသွေး . . . ကားတံခါးဖွင့်ပြီး နင် ခုန်ချမလို့လား၊ ပါဝါခလုတ်နဲ့ တံခါးတွေအားလုံးကို ငါသော့ချထားပြီးသား၊ နင် ဘာမှ ထပ်မကြိုးစားနဲ့ ပန်းနုသွေး"

"နင် ငါ့ကို ဘယ်ခေါ်သွားမှာလဲ မင်းသုတ"

"ခြေဦးတည့်ရာပေါ့ ပန်းနုသွေးရယ်၊ အခုလောလောဆယ်တော့ ပဲခူး အရင်ရောက်မှာပဲ၊ ဘုရားကြီးလမ်းဆုံရောက်မှ ဘယ်ဆက်သွားရမယ်ဆိုတာကို မီးစင်ကြည့်ကရုံပဲလေ၊ ဒါက ငါတို့ခရီးရဲ့ အကြမ်းဖျင်းအစီအစဉ်ပဲ ပန်းနုသွေး"

ဒီပုံစံဆိုရင်တော့ တကယ့်ကိုပြဿနာ။ ဘယ်လိုမိစ္ဆာကများ မင်းသုတကိုယ်မှာ ပူးကပ်ပြီး ပေါက်ကရတွေ လျှောက်လုပ်ခိုင်းနေပါလိမ့်။ တစ်ခုခုတော့ အမှားအယွင်းဖြစ်နေတာ သေချာနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"မင်းသုတ"

"ဘာလဲ ပန်းနုသွေး"

"ကောင်းကင်မှာ လျှပ်တွေ လက်နေတယ်၊ လေတွေလည်း တိုက်နေတယ်၊ မိုးရွာလိမ့်မယ်ထင်တယ်၊ ငါတို့ နောက်ကြောင်း ပြန်လှည့်ရအောင်ဟာ"

လှည်းကူးအဝင်မှာပင် အောက်ကျို့ခံပြီး ပြောလိုက်မိသည်။

မိုးစက်ပေါက်လေးများပင် ကားမှန်သို့ ထိရောက်လာ၏။

"သိပ်ပြီးစကားမများနဲ့ ပန်းနုသွေး၊ မိုးကလည်း ရွာတော့မယ်၊ မီးတွေကလည်း ပျက်နေတယ်၊ ငါ ကားမောင်းရတာ အာရုံနောက်တယ်"

ဒီကောင့်ကို အောက်ကျို့ခံနေလည်း အကြောင်းထူးမှာ မဟုတ်တော့ပေ။ မောင်းချင်ရာ မောင်း၊ ရောက်ချင်တဲ့နေရာ ရောက်စေတော့ဟု စိတ်လျှော့ချလိုက်သည်။ ရန်ကုန် ပြန်ရောက်ရင်တော့ လူကြီးတွေရှေ့မှာ ပွဲကြမ်းပြဖို့ပဲ ဆုံးဖြတ်လိုက်သည်။ ဒီတစ်ခါတော့ မင်းသုတနှင့် သေခန်းပြတ်ဖို့ များသွားပြီ။

"ကောင်းပြီ မင်းသုတ . . . အခုချိန်ကစပြီး နင်စိတ်ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



သာ လုပ်ပေတော့၊ နင် မိုးကောင်းနေတုန်းမှာ ငါ ခံရုံပဲရှိတော့တာ ပေါ့၊ အခုချိန်လေးမှာတော့ ငါက နင့်လက်ခုပ်ထဲကရေ ဖြစ်နေပြီပဲ”

“နင် စိတ်အေးအေးထားပြီး နားထောင် ပန်းနုသွေး”

“အခုပြောမယ့်စကားက အရေးကြီးတယ်”

“ပြောစရာရှိတာသာ ပြောတော့မင်းသုတ”

“စထွက်ကတည်းက ငါပြောချင်ရာတွေ လျှောက်ပြောနေခဲ့တာ၊ တကယ်တော့ အားလုံးကို ငါ သေသေချာချာစီစဉ်ပြီးမှ နင့်ကိုငါ ကားတင်ပြေးခဲ့တာပဲ”

“ဘာပြောလိုက်တယ်”

“ငါ နင့်ကို ကားတင်ပြေးလာတာလေ၊ ဒီလိုမှ မလုပ်ရင် မဖြစ်တော့တဲ့ အခြေအနေမို့ပါ၊ ဒီအတွက်တော့ နင့်ကို ငါ တောင်းပန်ပါတယ် ပန်းနုသွေး”

“နင် အရူးမထနဲ့ မင်းသုတ၊ နင် ကားတင်ပြေးရအောင် နင်နဲ့ငါ ဘယ်လိုပတ်သက်လို့လဲ၊ နင်နဲ့ငါက သူငယ်ချင်းတွေပဲ ဥစ္စာ၊ နင့်မှာလည်း ကောင်မလေးတွေ အများကြီးရှိနေတာပဲ၊ ဟိုးငယ်ငယ်ကတည်းက ခုချိန်ထိ သူငယ်ချင်းအနေနဲ့ကလွဲပြီး နင် ဘာများ စိတ်ဖောက်ပြန်ခဲ့ဖူးလို့လဲ မင်းသုတ”

“ငါ့ကို ရူးတယ်ဆိုလည်းဆိုတော့ ပန်းနုသွေး၊ နင့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ငါ သွေးရူးသွေးတမ်းဖြစ်ရတာတော့ မလိမ်မညာဘဲ ပြောရဲတယ်”

ဒုက္ခတော့ များကုန်ပြီလားမသိ။ ဘယ်ကနေဘယ်လို ကြောင်ပြီးတော့ ထင်ရာတွေ မင်းသုတလျှောက်လုပ်နေသည် မသိ။ ကိုယ်ကျိုးတော့ နည်းကုန်ပြီလားလေ။

“နေဦး မင်းသုတ၊ နင်နဲ့ငါက သူငယ်ချင်းဆိုတာက လွဲပြီး ထူးထူးခြားခြား သံယောဇဉ်ရှိကြတာမဟုတ်ဘူး၊ ဆိုင်းမဆင့်ဗုံမဆင့် ငါ့ကို ကားတင်ပြေးတာ နင့်မှာ ရည်ရွယ်ချက်တော့ရှိမယ်”

“တခြားရည်ရွယ်ချက်တော့ မရှိဘူးပန်းနုသွေး၊ နင့်ကို အဆုံးရှုံးမခံနိုင်ဘူးဆိုတဲ့ ရည်ရွယ်ချက်ပဲဖြစ်ရမယ်”

“အရူး . . . အကောင်စုတ်၊ ကိုဗညားဇော်က ငါ့ကို ပရိုပို့(စ်) လုပ်ထားတာရော၊ စေ့စပ်ဖို့ ကမ်းလှမ်းထားတာတွေရော နင်သိရဲ့သားနဲ့၊ နင် မရိုးသားတဲ့စိတ်နဲ့ ဒီပွဲကို တမင် ဖျက်လိုဖျက်ဆီး လုပ်တာမဟုတ်လား”

“ရိုးသားစွာနဲ့ ငါလုပ်ခဲ့မိတာပါ၊ နင်ရဲ့ဗညားဇော်ဆို တဲ့ပုဂ္ဂိုလ်က တရားဝင်ချစ်သူတွေမှ မဖြစ်ကြသေးပဲ၊ ဒီတော့ နင့်ကို ငါ ပိုင်ဆိုင်ခွင့်ရှိတယ်၊ နင်နဲ့ငါနဲ့ကြားမှာ သူငယ်ချင်းဆိုတဲ့ သံယော ဇဉ်လောက် ကြီးမားတဲ့ အနှောင်အဖွဲ့ ရှိဦးမှာလား၊ ဗညားဇော် ဆိုတဲ့သူ ပေါ်လာတာ တစ်နှစ်တောင် မပြည့်တတ်သေးပါဘူးဟာ”



www.burmeseclassic.com

www.burmeseclassic.com



အကုသိုလ်ကတော့ အကောင်လိုက်ဝင်နေပြီ။ လျှာ အရိုးမရှိတိုင်း ထင်ရာတွေကို မင်းသုတလျှောက်ပြောနေ၏။

ဘာကို ဘယ်လိုယုံကြည်ရမှန်း မသိ။

"နင် လူယုတ်မာ"

"ငါ ယုတ်မာတာမဟုတ်ဘူး၊ နင့်ကို ချစ်တာ"

ဘာတွေဖြစ်ကုန်ပြီလဲ . . .။ မင်းသုတနှင့်ပတ်သက်ပြီး ပထမဆုံး မျက်ရည်ကျဖြစ်တော့၏။ မိန်းမတစ်ယောက်လက်နက်မှာ မျက်ရည်ဖြစ်လင့်ကစား မင်းသုတအဖို့မှာတော့ မျက်ရည်လက်နက်ကို ကလေးကစားသလို သဘောထားမှာ သေချာနေ၏။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# (၂)

ကျောင်းတက်ပျင်းတဲ့ ဂါဝန်ဝတ်ကောင်မလေးတစ်ယောက်ကို သတိထားဖြစ်တယ်။ သူတို့ခြံနဲ့ ငါးခြံကျော်လောက်က သစ်သားအိမ်လေးမှာ ကောင်မလေးနေတယ်။ ကျောင်းကို ကားနဲ့ ဖြတ်အသွား နေ့တိုင်းလိုလိုပဲ ကောင်မလေးနဲ့သူ့အမေကိုမြင်ရတယ်။

လက်တစ်ဖက်ကို ကောင်မလေးအမေက ဆွဲကိုင်ထားတယ်။ ကျန်တဲ့လက်တစ်ဖက်နဲ့မျက်ရည်တွေကို သုတ်တတ်တဲ့ ကောင်မလေးရဲ့ခြေလှမ်းတွေက ရှေ့မတိုးချင်ပုံပဲ။ မိခင်ဖြစ်သူကတော့ တချောချော့ တမော့မော့နဲ့ . . .။

ဒီမြင်ကွင်းကို သူတင်မဟုတ်ဘူး။ ကျောင်းလိုက်ပို့ကြတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေတို့မေမေတို့ပါ မြင်ကြတယ်။

“သားက အဲဒီကလေးလို ကျောင်းတက်မပျင်းတာကိုပဲ ကျေးဇူးတင်ရမလိုပဲနော်”

“ကျွန်မတို့သားလေးက အလိမ္မာလေးပါ”

လူကြီးချင်း သူ့ကိုချီးမွမ်းနေတာကို ရိပ်မိတယ်။ မဆီမဆိုင်နဲ့ ကောက်ခါငင်ခါပဲ သူမေးလိုက်မိတယ်။

“သားက မလိမ္မာပါဘူး၊ သားက ဆိုးပါတယ်၊ အဲဒီကောင်မလေးလို မငိုတတ်တာပဲရှိတယ်၊ အဲဒီကောင်မလေးလို သား ငိုခဲ့ရင် မေမေတို့ ဘာလုပ်မှာလဲ”

မေမေတို့ ချက်ချင်း မဖြေနိုင်ကြဘူး။ ခဏကြာမှ . . .

“သားပူဆာသမျှကို အကုန်လုပ်ပေးရတော့မှာပေါ့ကွာ”

“တကယ်နော်”

“တကယ်ပေါ့ သားရဲ့”

သူ့ခေါင်းထဲမှာ တစ်ခုမှတ်ထားလိုက်တယ်၊ ငိုတတ်တာ မကောင်းမှန်းသိပေမယ့် ကောင်မလေးကိုကြည့်ပြီး ငိုဖို့ စိတ်ကူးမိတယ်။

အဲဒီနောက်ပိုင်း သူတစ်ခုခုလိုချင်တိုင်း ကောင်မလေးလိုပဲ ငိုတတ်လာတော့တယ်။ သူလိုချင်တာရဖို့ ကောင်မလေးဆီက နည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုရလိုက်တာပေါ့။

⌂ ⌂ ⌂

သူငယ်တန်းမှာ ကောင်မလေးနဲ့ သူငယ်ချင်း မဖြစ်သေးဘူး။ တစ်တန်းတက်တော့ ကောင်မလေးနဲ့ တစ်ခန်းတည်းကျတယ်။ ခုံချင်းကပ်ပြီးကျတာ။ ထူးခြားတာက တစ်တန်းတက်တော့ ကျောင်းတက်ရတဲ့အတွက် ကောင်မလေး ငိုတာမတွေ့တော့ဘူး။ သူ့မှာသာ ကောင်မလေးဆီက အကျင့်ဆိုးကျန်ရစ်ခဲ့တာ။

ဒါနဲ့ပဲ ကျောင်းစတက်ပြီး နှစ်ရက်မြောက်တဲ့နေ့မှာ မနေနိုင်တော့ဘဲ သူ စပ်စုမိတယ်။

"ဟဲ့ ကောင်မလေး"

"ဘာတုန်း"

"မနှစ်ကတုန်းက ကျောင်းလာတိုင်း လမ်းမှာ နင်ငိုတာချည်းပဲ၊ ဒီနှစ်ကျတော့ ဘာလို့ မငိုတော့တာလဲ"

သူ့အနေနဲ့ ထူးထူးဆန်းဆန်းလုပ်ပြီး မေးဖြစ်ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးဖြေပုံကတော့ တကယ့်ကို ရိုးရိုးစင်းစင်းလေးပါပဲ။

"သူ့ဘာသာ မငိုတော့တာ"

"မဟုတ်သေးပါဘူး ကောင်မလေးရာ"

"ငါ့မှာ နာမည်ရှိတယ်၊ ငါ့နာမည် ကောင်မလေးမဟုတ်ဘူး၊ ဒီစာအုပ်မှာ ရေးထားတယ် နင်ဖတ်ကြည့်"

ကောင်မလေးက စာအုပ်ထိုးပေးတာနဲ့ သူ ဖတ်လိုက်ရတယ်။ ငိုတဲ့ကိစ္စက သူ့အလိုလို ပြီးသွားရော။

"ပန်း . . . နု . . . သွေး"

"ဟုတ်တယ် ငါ့နာမည် ပန်းနုသွေး၊ နင့်နာမည်ရော . . . နင့်အမေက စာအုပ်အဖုံးမှာ မရေးပေးလိုက်ဘူးလား"

ပန်းနုသွေးက အကြွားသန်တော့ သူကလည်း အားကျမခံပေါ့။

"ရေးထားတာပေါ့၊ နင် ဖတ်ကြည့်"

မေမေရေးပေးလိုက်တာက မြန်မာလိုမဟုတ်ဘူး၊ အင်္ဂလိပ်လို။ ကောင်မလေးက ကြိုးစားပြီး ဖတ်ကြည့်ပေမယ့် အသံထွက်ဖို့ ခက်နေပြန်ရော။ သူ့နာမည်မို့ သူက လူတတ်ကြီးလုပ်ပြီး ပြောလိုက်တယ်။

"နင်ကလည်း ညံ့လိုက်တာ၊ မင်း . . . သု . . . တ . . . တဲ့၊

www.burmeseclassic.com

www.burmeseclassic.com



မင်းဆိုတာကဘုရင်. . . သုတနဲ့ပြည့်စုံတဲ့ဘုရင်တစ်ပါးပေါ့ဟာ”

မင်းဆိုတာတော့ သူပြောတတ်ပေမယ့် သုတကျတော့ မပြောတတ်။ သိသရွေ့ကိုတော့ ရောချမိလိုက်တယ်။

“နေပါဦး . . . မင်းဆိုတာ ဘုရင်၊ သုတဆိုတာ ပြည့်စုံတာ ကိုခေါ်တာလား”

“လျှာရှည်လိုက်တာ၊ တိတ်တိတ်နေတော့ ဟိုမှာ ဆရာမ ကြိမ်လုံးကိုင်ပြီး ဝင်လာပြီ”

အဲဒီနေ့ကပဲ ပန်းနုသွေးနဲ့ သူငယ်ချင်းဖြစ်ခဲ့တယ်။

ပန်းနုသွေးနဲ့ မင်းသုတတို့ သူငယ်ချင်းဖြစ်တာကို တစ်ခန်း လုံးကလည်း သိတယ်။ တစ်ကျောင်းလုံးလည်း သိတယ်။ နှစ်ဖက် မိဘတွေလည်း သိခဲ့ကြတယ်။

“ငါ့အမေက ပြောတယ် . . . နင်တို့အိမ်က အကြီးကြီးတဲ့၊ ကားလည်း စီးနိုင်တယ်၊ ငါ့အဖေလည်း အလုပ်လုပ်တာပဲ၊ နင်တို့လို



www.burmeseclassic.com

www.burmeseclassic.com



အိမ်အကြီးကြီး မဆောက်နိုင်ဘူး၊ ကားလည်း မစီးနိုင်ဘူး”

“အဲဒါတော့ ငါလည်းမပြောတတ်ဘူး ပန်းနုသွေး”

“နင် မောင်နှမသုံးယောက်နော်၊ ငါကတော့ တစ်ယောက်တည်းပဲ မင်းသုတ”

“ငါ့အစ်မနှစ်ယောက်နဲ့ ငါက အသက်အများကြီးကွာတာ ဟ . . .၊ ငါ့ကို အများကြီးနောက်ကျပြီးမှ မေမေမွေးတာ၊ ငါ့အစ်မတွေက အပျိုလုပ်ချင်တာက များနေတာ၊ ငါနဲ့ ဆော့လို့ မရဘူးလေ၊ ဒါကြောင့် နင့်ကို သူငယ်ချင်းတော်ရတာပေါ့”

သူပြောတာတွေကို ပန်းနုသွေးစိတ်ဝင်စားဖို့ ဝေးလာဝေး။ သေသေချာချာကြည့်တော့ တစ်စုံတစ်ခုကို ပန်းနုသွေး စဉ်းစားနေပုံပဲ။

တော်တော်လေးကြာမှ . . . စဉ်းစားမိတဲ့အကြောင်းကို ပန်းနုသွေး ပြောလိုက်တယ်။

“နင်ပြောတော့ အိမ်မှာလည်း ဆရာခေါ်သင်တယ် ပြောတယ်၊ အတန်းထဲကျတော့ အရမ်းညံ့တာပဲ၊ ဒီနေရာမှာတော့ နင့်မေမေထက် ငါ့မေမေက တော်သွားပြန်ရော၊ အိမ်ရောက်ရင် ငါ့အမေက ငါ့ကို စာသင်ပေးတာ”

“အဲဒါ နင့်အမေတော်လို့ မဖြစ်နိုင်ဘူး၊ နင်က ငါ့ကို ညံ့



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ပြောရင် နင်ကိုယ်တိုင် စာတော်နေလို့ပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ ငါ့ကို အိမ်မှာလာသင်ပေးတဲ့ဆရာမက အရမ်းတော်တာ၊ နင့်ကိုစာသင်ပေးလို့ နင့်အမေ ပိုက်ဆံ ဘယ်လောက်ရလဲ"

"တစ်ပြားမှ မရပါဘူး"

"အေး . . . ငါ့ကိုစာသင်ပေးတဲ့ ဆရာမကိုတော့ မေမေ တို့က ပိုက်ဆံ အများကြီးပေးရတာ၊ ငါကိုယ်တိုင်က နင့်လောက် မတော်လို့ ညံ့နေတာပါဟာ"

"မဆိုးပါဘူး"

"ဘာမဆိုးတာလဲ ပန်းနုသွေး"

"တခြားမဟုတ်ပါဘူး နင်က ခင်ဖို့ကောင်းတယ်"

ပန်းနုသွေးစကားက အူလည်လည်ပဲ။

သူငယ်ချင်းဖြစ်ပြီဆိုမှတော့ သူဆိုးသမျှကို ပန်းနုသွေး ခံရပြီး ပန်းနုသွေးဆိုးသမျှကို သူလည်းခံရတယ်။



www.burmeseclassic.com

www.burmeseclassic.com



မှတ်မှတ်ရရ အဲဒီတုန်းက လေးတန်းအောင်လို့ ဖေဖေက ဂျစ်ကားတစ်စီး ဝယ်ပေးတယ်။ ကလေးကစားစရာကားဆိုပေမယ့် တကယ့်ကားလို တက်မောင်းလို့ရတဲ့ ဂျစ်ကားလေး။ နှစ်ယောက်စီး လို့လည်း ရတယ်။

ဖေဖေကတော့ သူ့သား စီးတတ်အောင်ဆိုပြီး ခြံထဲမှာ လေ့ကျင့်ပေးတယ်။

"ဖေဖေ ဒီကားနဲ့ ဟိုးအဝေးကြီးသွားလို့ရလား"

"ဒီနားဟိုနားလောက် ဆော့ဖို့လုပ်ထားတဲ့ကားလေ၊ အရမ်းအဝေးကြီးတော့ ဘယ်မောင်းနိုင်ပါ့မလဲ၊ သားက ဘာလုပ် ချင်လို့ မေးတာလဲ"

"တခြားမဟုတ်ဘူး ဖေဖေ၊ ပန်းနုသွေးကို ဘေးမှာ ထိုင် ခိုင်းပြီး မန္တလေးတို့ ဘာတို့ လိုက်ပို့ပေးမလို့"

"ဘယ်ရမှာလဲသားရဲ့ . . . သားတို့နှစ်ယောက် ဟိုနား ဒီနား ဆော့ကစားလို့ပဲ ရမယ်"

"ဒါဆိုရင် ပန်းနုသွေးတို့အိမ်ကို ဒီကား ယူသွားမယ်နော်၊ သူ့ကိုတင်ပြီး သား မောင်းကြည့်ချင်လို့"

"အရမ်းလျှောက်သွားမနေနဲ့နော်၊ လမ်းမ,ထွက်ရင် သတိ ထားပြီး မောင်းဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါဖေဖေ"

ဖေဖေဆီက ခွင့်တောင်းပြီး ဂျစ်ကားလေးနဲ့ ထွက်လာခဲ့တယ်။ တကယ်တော့ ပန်းနုသွေးနဲ့သူတို့အိမ်က သိပ်အဝေးကြီးမဟုတ်။

ပန်းနုသွေးရဲ့ခြံထဲရောက်အောင် အတော်ကြာသည်အထိ မောင်းယူလိုက်ရတယ်။

သူလည်း တော်တော်မောဟိုက်သွားတယ်။ ဂျစ်ကားလေးနဲ့ သူ့ကိုမြင်တော့ ပန်းနုသွေး အပြေးလာတယ်၊ အနားကိုရောက်ရင်ပဲ ပန်းနုသွေးက ဂျစ်ကားလေးကိုကြည့်ပြီး ထခုန်မတတ် ဝမ်းသာနေတယ်၊ သူကတော့ ချွေးတွေရွှဲလို့ မောဟိုက်နေတယ်။

"လှလိုက်တဲ့ ကားလေး၊ နင့်ဖေဖေ ဝယ်ပေးတာလား၊ နှစ်ယောက်စီးလို့ ရတာပဲ၊ ငါပါ တက်စီးမယ်၊ နင်က မောင်း၊ ငါက စပါယ်ယာလုပ်ပေးမယ်နော် မင်းသုတ"

"ခဏလေး နေစမ်းပါဦးကွာ၊ သောက်ရေတစ်ဘူးလောက် သွားယူပေးစမ်း ပန်းနုသွေး"

"ခဏလေးစောင့် ငါ သွားယူပေးမယ်"

ဂျစ်ကားပေါ်တက်ဖို့ အားယူနေတဲ့ ခြေထောက်ကို ပန်းနုသွေး ချက်ချင်းရုပ်သွားပြီး အိမ်ဆီသို့ အပြေးထွက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရေသန့်ဘူးလေးဆွဲယူလာပြီး ပန်းနုသွေးပြန် ရောက်လာတယ်။ ပန်းနုသွေးယူလာတဲ့ ရေဘူးကို မော့ချလိုက်တော့မှ အမောပြေသွားတော့တယ်။

"အမယ်လေး . . . ဒီကတော့ ကားထဲမှာ ရေထည့်မလားလို့ အောက်မေ့ပါတယ် လက်စသတ်တော့ လူက သောက်ပစ်တာကိုး"

"ကားက မမောဘူးဟ . . . လူကသာ ကားမောင်းရလို့ မောနေတာ"

ဂျစ်ကားပေါ် စွေ့ခနဲခုန်တက်ပြီး ပန်းနုသွေးထိုင်လိုက်တယ်။ သူ့ကို စေ့စေ့ကြည့်ပြီးတော့ . . .

"နင် အမောပြောရင်လည်း ကားလျှောက်စီးရအောင်ဟာ၊ နင်မောင်းတာကို ဘေးကနေပြီး ဖိမ်ရှိရှိနဲ့ ငါထိုင်စီးချင်လှပြီ"

"အဝေးကြီးတော့ သွားလို့မရဘူးနော်၊ ဒီကားက ဆော့ဖို့ လုပ်ထားတာ၊ တကယ့်ကားမဟုတ်ဘူး၊ ငါ့အိမ်ကနေ နင့်ဆီရောက်အောင် အကြာကြီး မောင်းရတာ၊ အရမ်းမောတာဟ ပင်ပန်းလွန်းတယ်"

"နင်ကလည်းဟာ အရေးထဲ ကြီးကျယ်ပြနေပြန်ပြီ"

"ကြီးကျယ်တာ မဟုတ်ဘူး ပန်းနုသွေး၊ နင်စီးချင်ရင်

www.burmeseclassic.com

www.burmeseclassic.com



ဒီခြံထဲမှာပဲ လှည့်ပတ်မောင်းကြတာပေါ့ဟာ”

“ပြီးရော . . . မောင်းမှာသာမောင်းဟာ”

ပန်းနုသွေးကို တင်မမောင်းချင်လို့မဟုတ် . . . ပန်းနုသွေး စိတ်ကျေနပ်အောင်တော့ သူ မောင်းပေးလိုက်တယ်၊ ပန်းနုသွေး တစ်ယောက်ပိုလာတော့ ဂျစ်ကားလေးက စောစောကလောက်တောင် မရွေ့ချင်တော့ပြန်ဘူး။ ဘီးရွေ့ဖို့ ကြိုးစားရတဲ့ သူ့ခြေထောက်တွေကတော့ အံကို သေရောပဲ။

“ငါတောင် နင့်ကိုကြည့်ရင်း မောလာပြီ မင်းသုတရယ်၊ ဒီခြံထဲမှာမောင်းတာတောင် ဒီလောက်ဖြစ်နေရင် အဝေးကြီးဆိုရင်တော့ မလွယ်ဘူး၊ နင့်ကားက မနိုင်ပါဘူးဟာ”

“ဒါက တကယ့်ကားမှ မဟုတ်တဲ”

“တကယ်ကားဆိုရင်လည်း နင်က မောင်းတတ်လို့လား”

“ဖေဖေနဲ့ဆိုရင် အတူထိုင်ပြီး မောင်းနေကျ၊ အေး . . . ငါ ကားမောင်းနိုင်တဲ့အခါကျမှ နင် တဝကြီးစီးပေတော့ ပန်းနုသွေး”

“နင်က ငါ့ကို ကားပေါ်တင်ပြီး ငါသွားချင်တဲ့နေရာကို လိုက်ပို့ပေးမှာလား”

“ပို့ပေးမှာပေါ့၊ နင် ကျိုက်ထီးရိုးဘုရား ဖူးချင်လား၊ ပုဂံတို့ မန္တလေးတို့ လျှောက်လည်ချင်သလား၊ နင့်ကို ကားပေါ်တင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မရောက်ရောက်အောင် ပို့ပေးဦးမှာ”

သူ့ကတိစကားတွေကို ပန်းနုသွေးက ယုံယုံကြည်ကြည်နဲ့ နားထောင်နေခဲ့တယ်။ သူအနေနဲ့ကလည်း ပန်းနုသွေးကို တင်ပြီး ခရီးရှည်ကြီးထွက်ဖို့ အိပ်မက်မက်မိတယ်။

အဲဒါက ဟိုးငယ်ငယ်တုန်းက အဖြစ်အပျက်လေးတစ်ခု။ အပူအပင် အကြောင့်အကြမရှိကြသေးသော အချိန်အခါ။



www.burmeseclassic.com

www.burmeseclassic.com

# (၃)

အင်းတကော်ရောက်ခါနီးမှာပင် ကောင်းကင်အနှံ့အပြား မှာ လျှပ်များ ပြိုးပြက်၏။

ခြိမ်းခြောက်နေသော အသံတွေနှင့်အတူ ရင်သည် . . . ပူ လောင်ရပြီ။

ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုသော စကားပုံအတိုင်း ဖြစ်ပြီလားလေ။

“အရေးထဲ မိုးရွာတော့မယ် ပန်းနုသွေး၊ ဆောင်းတွင်းကြီး မိုးရွာပြနေတော့ နိမိတ်ကောင်းတစ်ခုပဲ၊ ပိုပြီး အေးချမ်းသွားတာ ပေါ့ . . . မဟုတ်ဘူးလား ပန်းနုသွေး”



www.burmeseclassic.com

www.burmeseclassic.com



သီချင်းသံက ကျယ်လောင်နေပေမယ့် မင်းသုတ၏ စကားသံများကို ပျောက်ကွယ်သွားအောင် မလုပ်နိုင်ခဲ့ပေ။

ကြားရတာ နားကြားပြင်းကတ်လွန်းလှသည်။ စိတ်ထဲရှိသည့်အတိုင်း ပြောထည့်လိုက်သည်။

"နင့်လိုလူယုတ်မာက မဟုတ်တာတွေ လျှောက်လုပ်နေလို့ ရာသီဥတုက သတိပေးနေတာ၊ နင့်ကို မိုးကြိုးပစ်ချလိမ့်မယ် . . . သိလား မင်းသုတ"

"ငါ့ကို မိုးကြိုးထိမှတော့ နင်ရော စက်ကွင်းလွတ်ပါ့မလား ဟာ . . . စဉ်းစဉ်းစားစား ပြောပါဦး"

"ပေါက်ကရတွေ ပြောမနေနဲ့ မင်းသုတ၊ ပဲခူးမရောက်ခင် ရန်ကုန်ပြန်မောင်းပေးပါဟာ၊ အခုချိန်လောက်ဆို အဖေတို့ စိတ်ပူနေလောက်ပြီ၊ အားလုံးမျက်နှာပျက်စရာတွေ ဖြစ်ကုန်ပါ့မယ်"

လမ်းမီးတွေကပဲ ပျက်နေခြင်းလား၊ အလျှဉ်းမရှိခြင်းလား မသိ။ လျှပ်အလက်မှာပင် မင်းသုတမျက်နှာကို ဖျတ်ခနဲ မြင်ရ၏။

မင်းသုတကတော့ တုန်လှုပ်ခြင်း မရှိ။

မျက်နှာကိုက အူမြူးနေသူ တစ်ယောက်လို ဖြစ်နေ၏။

"ကျန်တာတွေကို တွေးမနေနဲ့ ပန်းနုသွေး၊ ငါတို့ရဲ့ ရှေ့ခရီးကိုသာ တွေးလိုက်စမ်း၊ ဒီပျားရည်စမ်းခရီးက ဘယ်လောက်ပျော်



www.burmeseclassic.com

www.burmeseclassic.com



စရာ ကောင်းလိုက်သလဲလို့”

“ဘာပျော်စရာ ကောင်းတာလဲ၊ ဘာပျားရည်စမ်းခရီးလဲ။ သူများသားသမီးကို အလိုမတူဘဲ ကားတင်ပြေးတာ ပျော်စရာတဲ့လား။ နင် ငါ့ကို တမင်ဒုက္ခပေးတာ၊ ငါ့ကိုတင် မဟုတ်ဘူး၊ ခုနစ်ရက်သားသမီးအားလုံးကို အရှုးဖြစ်အောင် လုပ်လိုက်တာ”

အင်းတကော်ဖြတ်တော့ မိုးက အားကုန်သွန်ချလိုက်တော့၏။

ဆောင်းနှင့်ရောထွေးနေသော အခါလွန်မိုးသည် ကြမ်းတမ်းလွန်းလှသည်။

“သိပ်စကားမများနဲ့ ပန်းနုသွေး . . မိုးက မကြုံဖူးအောင်သည်းပြနေတယ်၊ ကားကို သတိထားပြီး မောင်းနေတာဟ”

မိုးနောက်ကွယ်မှနေပြီး လေက တရကြမ်းပါလာပြန်သည်။ အဝေးပြေးလမ်းမပေါ်မှာတော့ ကားအသွားအလာ ကျဲပါးလွန်းသည်။

လေနောက်သို့ မိုးနှင့်အတူ ကားလေး လွင့်ပါသွားလောက်အောင်ပင် ရာသီဥတုက ဆိုးရွားနေသည်။

“နောက်ကြောင်းပြန်လှည့်ပါ မင်းသုတရယ်၊ နင်နဲ့ ဆက်ဆံခဲ့ဖူးတဲ့ မိန်းကလေးတွေလိုပဲ ငါ့ကို တစ်တန်းတည်း ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာလား၊ ငါ့ဂုဏ်သိက္ခာကို ငဲ့ပါဦး သူငယ်ချင်းရယ်”

စကားပြောရင်းကပင် အလွန်အမင်း ဝမ်းနည်းရ၏။ ဒုတိယအကြိမ်ကျဖြစ်သော မျက်ရည်နှင့်အတူ ဝမ်းနည်းဆို့နင့်ခြင်းတွေပါ ကပ်ပါလာ၏။

မင်းသုတအပေါ် ထားခဲ့ဖူးသောသံယောဇဉ်က ဒီလောက်ပူလောင်လိမ့်မည်ဟု မထင်ထားခဲ့။

မင်းသုတတစ်ယောက် စိတ်တွေ ကပြောင်းကပြန်ဖြစ်သွားလောက်အောင်ပင် ဘယ်လိုမှိုင်းများ မိသွားပါလိမ့်။

“နင် ငါ့ကို မျက်ရည်ခံထိုးတာလား ပန်းနုသွေး၊ ကိုယ်ချစ်ရတဲ့သူတစ်ယောက် မျက်ရည်ကျတာကို ဘယ်သူမှ ဝမ်းမသာနိုင်ဘူးဆိုတာ ငါသိတယ်၊ အဲဒီမျက်ရည်တွေကြောင့်သာ ငါ့နှလုံးသားကပျော့ညံ့ပြီး အလျှော့ပေးလိုက်ရင် နင့်ကို ငါဆုံးရှုံးသွားမှာပေါ့”

“ဘာပြောတယ်”

“ဟုတ်တယ် ပန်းနုသွေး၊ နင့်ကို ဆုံးရှုံးလို့ မဖြစ်ဘူး၊ ဘာဖြစ်လို့လဲလို့ သိချင်လား . . . ငါဖြေပေါ့မယ်၊ နင့်ကို သိပ်ချစ်လို့ပဲပန်းနုသွေး”

ဝင်းခနဲလက်သော လျှပ်နှင့်အတူ မိုးကြိုးတစ်ခု ပစ်ချလိုက်သလို ခံစားလိုက်ရ၏။ သူမရှေ့တွင် ရှိနေသောသူမှာ မင်း



www.burmeseclassic.com

www.burmeseclassic.com



သုတမှ ဟုတ်ပါလေစ။ ဒီစကားတွေကို ဘယ်လိုရည်ရွယ်ချက်မျိုးနှင့် လီဆယ်ပြီး ပြောနေရပါသလဲ . . .။

“ဘာပြောတယ် မင်းသုတ၊ နင် ငါ့ကို ချစ်တယ်ဟုတ်လား၊ နင် . . . အလကားကောင်၊ ဘာရည်ရွယ်ချက်နဲ့ ဒီစကားတွေ ပြော နေရတာလဲ”

“လူတစ်ယောက်ကို ချစ်မိတာ၊ ဘာရည်ရွယ်ချက် ရှိလို့လဲ လို့ . . . နင်ကမေးတော့ ငါဘယ်လိုဖြေရမလဲ၊ အေး . . . ရည် ရွယ်ချက်တစ်ခုရှိတယ်လို့ နင် . . . ယူဆနေရင်လည်း အဲဒီရည် ရွယ်ချက်ဟာ နင့်ကိုချစ်တာပဲ ဖြစ်မှာ”

ပြောလေ ပိုဆိုးလေပါလား။

ရှုပ်ပွေလွန်းသော မင်းသုတ။ မုသားတွေ လိမ်းကျံနေ သော နှုတ်ခမ်း။ စိတ်ထဲမှာ တကယ်အချဉ်ပေါက်လာမိ၏။

“ငါ့ကို ဒီလို လျှာအရိုးမရှိတဲ့ စကားတွေနဲ့ မသိမ်းသွင်းနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



နင့်စရိုက်၊ နင့်အကျင့်တွေကို အူမ,ချေးခါးမကျန် သိနေတဲ့လူကိုမှ နင် လိမ်ချင်တာလား၊ နင်လုပ်နေတဲ့ အပြုအမူက ပြဇာတ်တစ်ပုဒ် ကနေတာမျိုး မဟုတ်ဘူးနော်၊ နင့်အပေါ်မှာ သံယောဇဉ်ကုန်တာနဲ့ နင် ဒုက္ခရောက်မှာ၊ ငါ့ကိုယ်ကျိုးကို ထိပါးလွန်းလာရင်တော့ အဲဒီ သံယောဇဉ်ကိုရော၊ အိုဟာ . . . ဘယ်သူ့မျက်နှာကိုမှ ငါ မထောက် နိုင်ဘူး၊ နင့်ကို ကြိုးစင်ပေါ်ရောက်အောင် ငါပို့ပစ်မှာ”

မင်းသုတ ဘာကိုများ လိုချင်တက်မက်နေပါလိမ့်။ ဇက်ရဲ လက်ရဲနိုင်သော မုဆိုးရှေ့မှာ လဲပြိုကျရတော့မှာလား။ တွေးရင်း ကပင် ကျောစိမ့်လာ၏။

ပြီးတော့ . . . ရန်ကုန်မှာ . . . ဘာတွေများ လီဆယ်ပြီး လုပ်ကြံဇာတ်တွေ ခင်းခဲ့ပါလိမ့်။ အတွေးတစ်စ ထွက်လာလေတိုင်း ရင်တစ်ခါပူရလေ ဖြစ်နေ၏။

“နင့်ကို ချစ်မိတဲ့အတွက် . . . ငါ . . . စက်တိုင်တက်ရင် တက်ရပါစေ၊ ငါ့ခြေလှမ်းတွေ လုံးဝမတွန့်ဘူး၊ နင်နဲ့ လုံးဝ ဝေးလို့ မဖြစ်ဘူးဆိုတာကို ငါနားလည်ပြီးတဲ့ အချိန်ကစပြီး ဘာကိုမှ ငါ မတွေးနိုင်တော့ဘူး၊ နင့်ကို ချစ်မိတဲ့အတွက် ငါ ရူးသွပ်သွားပြီ ဆိုတာကိုတော့ နင်ယုံလိုက်စမ်းပါ ပန်းနုသွေးရာ”

“လျှာအရိုးမရှိတဲ့ ပါးစပ်၊ နင် ယုတ်မာလွန်းအားကြီးတယ်”



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ကလည်း ပြောရင်း၊ မင်းသုတကျောကုန်းကို အားကုန် ထုရိုက်မိသည်။ ဒီလောက်ပြောပြီး၊ ဒီလောက်ရိုက်နေတာကိုတောင်မှ မင်းသုတတစ်ယောက် ပြုံးရယ်နိုင်သေး၏။

ဆယ်မိုင်ကုန်း အတက်မှာတော့ မိုးက စဲသွားခဲ့ပြီ . . .။

မှန်တံခါးတွေ အလုံပိတ်ထားတော့ စိတ်ထဲမှာ မွန်းကျပ်ကျပ်ကြီး ဖြစ်လို့လာ၏။

"မှန်ချပေးဦး"

"အကုန်တော့ မရဘူး၊ တစ်ဝက်လောက်ပဲ ချပေးနိုင်မယ်၊ ဘာလဲ . . . နင် အပေါ့အပါး သွားချင်လို့လား ပန်းနုသွေး၊ ဗိုက်ရော ဆာပြီလား"

မေးခွန်းတွေကို ဆက်တိုက်မေးပြန်၏။

မောင်းနေရင်းကပင် အရှိန်သတ်ကာ လမ်းဘေးသို့ ထိုးဆင်းလိုက်၏။ တစ်ဝက်ချထားသော အပေါက်မှနေပြီး ပတ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



ကျင်ကို ကြည့်ရတာ လွတ်လပ်သလို ခံစားမိသည်။

သူမကတော့ ဒီကားအတွင်းမှာ မင်းသုတ၏ ခြိမ်းခြောက်မှုတွေနှင့်အတူ ပိတ်လှောင်မိနေပြီလေ။

"ကဲ . . . နင် အောက်ဆင်းရင်ဆင်း . . . ငါ့ကို ဘာမှ ရှက်မနေနဲ့ လုပ်စရာရှိတာ လုပ်၊ ဆယ်မိနစ် နင့်ကို အချိန်ပေးမယ်၊ ထွက်ပြေးမယ်တော့ မကြံနဲ့နော် ပန်းနုသွေး၊ ငါ့လက်သံ ပြောင်တယ်ဆိုတာ ငယ်ငယ်ကတည်းက နင်သိပြီးသားပါ"

"ငါ မဆင်းဘူး၊ ဒီမှာထိုင်ပြီး ငုတ်တုတ်အသက်ထွက်သွားရင် ပိုတောင်ကောင်းသေးတယ်"

"ဒါဆိုလည်း ပြီးရော၊ ငါတော့ အောက်ဆင်းဦးမယ်"

ပြောပြောဆိုဆိုပင် မင်းသုတ အောက်ဆင်းသွား၏။

ဝေးဝေးကိုတော့ မသွားမှန်းသိသည်။ မင်းသုတ ဘာလုပ်မည်ဆိုတာကိုလည်း ရိပ်စားမိသည်။

ထို့ကြောင့်ပင် မင်းသုတ၏လှုပ်ရှားမှုကို မျက်ကွယ်ပြုထားလိုက်၏။

လက်မှနာရီကိုကြည့်ရင်းက ပြဿနာဖြစ်ပြီဆိုတာ သိလိုက်သည်။ သူမမိဘတွေကတော့ အခုချိန်လောက်ဆို ခေါင်းမီးတောက်မှာ သေချာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရေသောက်ဦးမလား၊ အစာဖြတ်ရင် ဖြတ်ပါဟာ၊ ရေတော့ မသောက်ဘဲ မနေပါနဲ့၊ ရေသန့် မသောက်ချင်ဘူးဆိုရင် တောင်မှ ကုတ်ဘူးတွေ ပါ, ပါတယ်"

ရေသန့်ဘူးကို ကိုင်ပြီးမှ မင်းသုတ ပြန်ချထားလိုက်၏။

ကားနောက်ခန်းကို အသေအချာကြည့်မိမှ ပစ္စည်းတွေ အတော်အစုံအလင်ပါလာတာကို တွေ့ရ၏။

ကုတ်ဘူးနှစ်ဘူးကိုယူပြီး . . . သူ့လက်ထဲသို့ တစ်ဘူးထည့်ပေး၏။

"မသောက်ချင်ဘူး . . . ဒီဘူးထဲမှာ နင် တစ်ခုခုထည့်ရင် ထည့်ထားမှာ"

"နင် ငါ့ကို အယုံအကြည် နည်းပါးနေပါလား ပန်းနုသွေးရယ်၊ ဒီဘူးအသစ်ထဲကို ငါက ဘယ်လိုလုပ်ပြီး ဘာထည့်လို့ရမှာလဲဟာ၊ နင့်စိတ်တွေ လန်းဆန်းသွားအောင်လို့ ယုံယုံကြည်ကြည်နဲ့ သောက်လိုက်စမ်းပါ ပန်းနုသွေးရာ"

သူမကိုယ်တိုင်ကပင် ကြည့်နေရင်း အာခေါင်တွေ ခြောက်ချင်လာ၏။ ယုတ္တိတန်သော မင်းသုတစကားကြောင့်ပင် အအေးဘူးကို မကျေမနပ်ဟန်ဖြင့် လှမ်းယူလိုက်၏။ သတ္တုကွင်းလေးကို ခပ်ဆတ်ဆတ်လေး ဆွဲဖွင့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းသုတကတော့ ကားစက်နှိုးပြီး အဝေးပြေးလမ်းမပေါ်သို့ ပြန်တက်လိုက်၏။

"ငါ့စိတ်တွေ ဘာဖြစ်တာလဲတော့ မသိဘူး ပန်းနုသွေး၊ ဟိုငယ်ငယ်လေးကတည်းက ငါ့မျက်စိရှေ့မှာပဲ နင်ကြီးလာခဲ့တာပါ၊ နှစ်တော်တော်များများမှာ နင်ကို မေ့လျော့ထားဖြစ်ခဲ့တယ်၊ နင်က အခုနှစ်ပိုင်းတွေကျမှ ပြင်ပြင်ဆင်ဆင်နေလာလို့လား မသိဘူး၊ ငါ့မျက်စိထဲမှာ ကြည့်လို့ကောင်းနေခဲ့တယ်"

မင်းသုတကတော့ . . . သူ့စိတ် ဖောက်လွဲဖောက်ပြန်မှု အကြောင်းတွေကို စကားပလ္လင်ခင်းနေ၏။

"ငါ တကယ်ပြောတာ၊ အလှအပ မမက်တဲ့ မိန်းကလေး၊ စာဆိုစာပဲ စိတ်ဝင်စားတဲ့မိန်းကလေး၊ အခုကျတော့လည်း ငါ့မျက်စိထဲမှာ တစ်မျိုးလှနေတာပဲ၊ လူ့စိတ်ဆိုတာ တစ်မျိုးပါပဲ၊ နင့်အနားမှာ ဘယ်သူမှ မရှိခင်တုန်းက ငါ့စိတ်တွေက ဘာမှ ဖောက်လွဲဖောက်ပြန် မဖြစ်ခဲ့ဘူး၊ ဗညားဇော်ဆိုတဲ့ပုဂ္ဂိုလ် ပေါ်လာတော့မှ နင့်ကို သူများလက်ထဲ ပါသွားမှာ စိုးရိမ်မိတာ၊ တကယ်ဆို အစောကြီးကတည်းက နင် ရည်းစားတစ်ယောက်ယောက်ထားဖို့ စိတ်ကူးရင် သိပ်ကောင်းခဲ့မှာပဲ၊ အခုဟာက ဗညားဇော်ဆိုတဲ့ပုဂ္ဂိုလ်က နင့်ကို အခိုင်အမာ သိမ်းပိုက်တော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မင်းသုတ . . . နင့်ဘ၀မှာ လုပ်ချင်တာတွေ လုပ်ခဲ့ပြီးပြီ၊ ငါ့ကိုတော့ နင် မကစားချင်ပါနဲ့ဟာ၊ ငါ့ဘ၀နဲ့ငါ အေးအေးချမ်းချမ်း နေ, နေတာပါ။ နင့်လိုလူမျိုးကို ငါ ဘယ်လို စဉ်းစားလို့ရမှာလဲ၊ နင့်မှာ ဦးနှောက်မရှိဘူးလား မင်းသုတ"

"ဦးနှောက်ဆိုတာ စဉ်းစားဆုံးဖြတ်တဲ့ တာဝန်ပဲရှိတာ၊ ဒီရင်ထဲက နှလုံးသားက တကယ်ခံစားမှုအစစ်၊ အခုချိန်မှာ ငါ့မှာ ဦးနှောက်မရှိတော့ဘူး၊ နင့်အတွက် နှလုံးသားအစုံပဲ ရှိနေတယ် ပန်းနုသွေး"

မင်းသုတစကားတွေကြောင့်ပင် မျိုချမိသော အချိုရည် အရသာကို မခံစားလိုက်မိတော့။

မပြောသင့် မပြောအပ်သော စကား။ မကြားနာဝံ့သော စကားများကို မင်းသုတနှုတ်မှ ထွက်ဝံ့သည်ပဲ။

"ငါ့မှာ ချစ်တတ်တဲ့နှလုံးသား ရှိရင်ရှိနေမှာပဲ၊ နင် မှတ်ထားလိုက်ပါ။ ရှိခဲ့ရင်လည်း နင့်အတွက်မဟုတ်တာ သေချာတယ်၊ နင့်စကားတွေ နင့်အပြုအမူတွေက ငါ့နှလုံးသားကို လုံးဝ မဆွဲဆောင်နိုင်တာ အမှန်ပဲ မင်းသုတ"

မင်းသုတတစ်ယောက် နားထောင်နေရင်းကပင် ငိုင်ကျသွား၏။ ဒီလိုစကားမျိုးတွေကို များများစားစား မပြောတတ်တာ



www.burmeseclassic.com

www.burmeseclassic.com



ကိုက သူမကိုယ်သူမ အပြစ်တင်မိပြန်သည်။ မင်းသုတ၏ပျော့ကွက်ကိုတော့ မှတ်မထင်ဘဲ သိသွားရသည်ပဲလေ . . .။

www.burmeseclassic.com

# (၄)

၀ လုံးတန်းတုန်းက ကျောင်းတက်ပျင်းတဲ့ ကောင်မလေး ကတော့ လူတွေအံ့သြအောင် လုပ်ပြခဲ့တယ်။

တန်းစဉ်တိုင်းမှာ ပထမဆုကိုချည်းပဲ အမြဲသိမ်းပိုက်နိုင်ခဲ့ ရဲ့။

"နေပါဦး သားရဲ့ . . . ဒီနှစ်ဆုပေးပွဲမှာ ငါ့သားက အညံ့ ဆုံး၊ အဆိုးသွမ်းဆုံး ကျောင်းသားဆုကို ယူဖို့သွားမှာလား"

မေမေက ရွှံ့ပြီးပြောပေမယ့် သူ . . . မနာခဲ့။

ရှစ်တန်းမှာ ပထမဆုရတဲ့ ပန်းနုသွေးကို အားပေးဖို့ ရည်ရွယ်ပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



"မေမေကလည်း ပန်းနုသွေးရတာ သားရတာနဲ့ တူတူပဲ ပေါ့၊ ပန်းနုသွေးက သားရဲ့တစ်ဦးတည်းသော သူငယ်ချင်းပဲဥစ္စာ"

မေမေကတော့ သာယာညင်းပြောင်းစွာပဲ သူ့ကို အပြစ်တင်တယ်။

"ဆုပေးပွဲဆိုတာက ဆုရတဲ့ကျောင်းသားကျောင်းသူတွေရယ် . . သူတို့တွေရဲ့မိဘတွေပဲ တက်ရတဲ့ပွဲလေ၊ မေမေတို့နဲ့ မဆိုင်သလို သားနဲ့လည်း ပတ်သက်တဲ့ပွဲ မဟုတ်ဘူး"

"ချီးမြှင့်သင့်သူကို ချီးမြှောက်ရတာလည်း မင်္ဂလာတစ်ပါးပဲမဟုတ်လား မေမေ၊ မေမေတို့ရော သားပါ ဒီပွဲကို လိုက်ခဲ့မယ်လို့ပြောထားပြီးသား၊ အခုလောက်ဆို ပန်းနုသွေးတို့ တစ်မိသားစုလုံး သားတို့ကို စောင့်နေရှာမှာ၊ သားကိုယ်တိုင် ကားမောင်းပို့ပေးဖို့ ပြောပြီးသား"

သူ့အနေနဲ့ တက်ကြွစွာ စီစဉ်ထားပြီးမှတော့ . . . ဖေဖေတို့လည်း အောက်သက်သက်နဲ့ လိုက်ပို့ခဲ့ရပြန်ရော။

ဟိုရောက်တော့လည်း ပန်းနုသွေးရဲ့အောင်မြင်မှုအတွက် ဖေဖေတို့ မေမေတို့ ကျေနပ်အားရခဲ့ရတယ်။

ဆုပေးပွဲကပြန်တော့ စားသောက်ဆိုင်တစ်ခုခုမှာ ဖေဖေ ကိုယ်တိုင် စပွန်ဆာလုပ်ပေးခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးရဲ့ အောင်မြင်မှုကို ဦးက ချီးမြှင့်တဲ့ ထမင်းဝိုင်းလေးပဲ၊ သမီးရဲ့သူငယ်ချင်းကိုလည်း ဒီအတိုင်း ပစ်မထားပါနဲ့၊ သမီးလောက်မဟုတ်တောင် တခြားဖက်မှာ ချွန်မသွားဖို့ ကြည့်ထိန်းပေးပါဦး"

"မရဘူး ဦးရဲ့၊ မင်းသုတကို စကားနိုင်အောင် ပြောနိုင်တဲ့သူရော၊ ထိန်းနိုင်တဲ့သူပါ ဒီလောကမှာ ရှိနိုင်မယ်မထင်ဘူး၊ သူက အားလုံးသိ၊ အားလုံးတတ်ပြီး သမီးတို့ကို ဆိုးကောင်းလို့ဆိုးနေတာ"

"အန်တီတို့လည်း သိပါတယ်ကွယ်၊ သမီးလေးက အနားမှာ ရှိနေတော့ တစ်မျိုးစိတ်ချရတယ်"

ထမင်းဝိုင်းကတော့ ပန်းနုသွေးကို ဂုဏ်ပြုသလိုပဲ။

သူ့ကို အနုနည်းနဲ့ ရှုတ်ချနေတဲ့ ပွဲတစ်ခုအလားပဲ။

သူကတော့ အရေထူနေခဲ့ပြီ။

ဒီစကားတွေလောက်တော့ သူ့ကိုချော့သိပ်တယ်ပဲ အောက်မေ့မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မော်မော်တစ်ယောက်လုံးကို တွဲနေရဲ့သားနဲ့ သိင်္ဂီကို နင်စာပေးတယ်ဆို မင်းသုတ"

မော်မော်တို့ သိင်္ဂီတို့ဆိုတာ ပန်းနုသွေးနဲ့ ကင်းသူ မဟုတ်။ ပန်းနုသွေးနဲ့ တစ်ဖွဲ့တည်းလို နေကြသူများပင်။

"ဟုတ်တယ်လေ"

"မိန်းကလေးတွေကို ကစားတာ အရုပ်ကလေးတွေလို နင်သဘောထားနေတာလား၊ မော်မော့်ခမျာ မျက်ရည်နဲ့မျက်ခွက်၊ အခုတော့ သူတို့ချင်းလည်း မခေါ်နိုင်မပြောနိုင် ဖြစ်နေကြပြီ"

ပန်းနုသွေးက မိန်းမဆိုပေမယ့် တောင်တောင်မြောက်မြောက်တွေကို စိတ်ဝင်စားတတ်သူမဟုတ်။

စာကြမ်းပိုး . . . အဘွားအိုလေးဟု အားလုံး အမည်ပေးထားလေရဲ့။

"ဒါ . . . ငါ့အပြစ် မဟုတ်ဘူး၊ မော်မော့်ကို ကြိုက်တာကလည်း သူက သေမလောက်ဖြစ်နေလို့ပဲ၊ ပြန်ကြိုက်လို့ ကိစ္စက ပြီးသွားမလား မှတ်တယ်၊ သိင်္ဂီက တစ်မျောင့်၊ သူ့ဘာသာသူ နေပါလား၊ ငါ့ကိုလာတွယ်တော့ လူကနေချင်ပေမယ့် ပညာက မနေဘူးလေ၊ ငါ စာပေးတာပဲ နင်တို့သိတာ . . . ငါပေးတာက တစ်စောင်တည်း၊

www.burmeseclassic.com

www.burmeseclassic.com



သူပြန်ပေးတာက ခုနစ်စောင်လောက်ရှိနေပြီ ပန်းနုသွေး"

"တကယ်"

"တကယ်ပေါ့ဟာ . . . မယုံရင် ဒီနေ့ပေးတဲ့စာနဲ့ သူပေးတဲ့ ပို့စကတ်တွေ ကြည့်ဦး"

မယုံသင်္ကာဖြင့် ပန်းနုသွေးက ဆတ်ခနဲ ယူကြည့်တယ်။

သိင်္ဂီလက်ရေးကိုမြင်တော့ ပန်းနုသွေး မျက်လုံးပြူးသွား တယ်။

"ဒါဆိုရင် သိင်္ဂီနဲ့ နင်က . . . "

"ရည်းစားတွေပေါ့ဟာ . . . ဒါပေမဲ့ နောက်နေ့ကစပြီး သူတို့နှစ်ယောက်စလုံးကို ရည်းစားအဖြစ်ကနေ ငါ စွန့်လွှတ်လိုက် တော့မယ်"

"ဘုရား . . . ဘုရား"

"ဟုတ်တယ်ဟ . . . သူတို့နဲ့ ရည်းစားဖြစ်ရတာ နားငြီး လာပြီ၊ ဟိုဘက်လမ်းထိပ်က တက္ကသိုလ်ကျောင်းသူ သန္တာဝေကို နင်သိတယ် မဟုတ်လား . . . သူ့ကို ရအောင်လိုက်မလို့"

သူ့ရဲ့နောက်ဆုံးအစီအစဉ်ကို သိရတော့ ပန်းနုသွေးမျက် လုံး ဆန်ကောလောက် ဖြစ်သွားသလိုပဲ။

ဒီကိစ္စမှာတော့ ပန်းနုသွေးက လူလားမမြောက်သေးသူ။



www.burmeseclassic.com

www.burmeseclassic.com



"နင် အရမ်းဆိုးတယ် မင်းသုတ၊ နင့်ရုပ်လေး လှ သလောက် တိမ်လို စိတ်မငြိမ်တဲ့ယောက်ျားပဲ"

လူဆိုတာက တစ်ခုမှာ မထူးချွန်ရင်တော့ အကျိုးပေးတဲ့ တစ်နေရာမှာတော့ ဗိုလ်ဖြစ်အောင်လုပ်ထားမှ။

ဒါမှလည်း သူ့ကို လူတွေ စိတ်ဝင်တစားရှိမှာလေ . . .။

"အောင်စာရင်းတွေ ထွက်ခါနီးပြီ မင်းသုတ၊ နင် ရင်မခုန် ဘူးလားဟင်"

"အောင်စာရင်းနဲ့ပတ်သက်ပြီး ငါ့မှာ ရင်ခုန်စရာမှ မရှိတာ၊ ချစ်စရာကောင်းတဲ့ ကောင်မလေးတစ်ယောက်အတွက် ဆိုရင်တော့ ငါ ရင်ခုန်ကောင်းခုန်မယ်"

"ငါက စကားအကောင်းပြောနေတာ မင်းသုတရယ်၊ ဆယ် တန်းအောင်စာရင်းဆိုတာ ဘဝရဲ့ အချိုးအကွေ့တစ်ခုပဲ"

"အဲဒီစာမေးပွဲကို ငါမှ မဖြေနိုင်တာ၊ ကျမယ့်လူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်အဖို့ အောင်စာရင်းက အရေးမကြီးတော့ဘူး”

“နင် တက္ကသိုလ်မရောက်ချင်ဘူးလား”

“ငါ ရောက်ဖူးတာပေါ့ . . . ခဏခဏပဲ”

ဟုတ်တယ်လေ . . . တက္ကသိုလ်ဆိုတာ ဘယ်သူမဆို ဝင်ထွက်သွားလာလို့ရနေတာပဲ။

ပန်းနုသွေးက ကြီးကြီးကျယ်ကျယ်တွေ လျှောက်ပြောနေတာ။

တက္ကသိုလ်မြေကို ခြေမချဖူးဘဲ စိတ်ကူးယဉ်နေတာ။

သူ့အဖို့တော့ ကြိမ်ဖန်ထပ်မျှ ဝင်ထွက်သွားလာခဲ့ဖူးပြီ။

“နင်ရောက်တာက အဓိပ္ပာယ်မရှိတဲ့ ရောက်ဖူးခြင်းမျိုးပဲ၊ အမိတက္ကသိုလ်ရဲ့အလှနဲ့မဆိုင်တဲ့ ရောက်ဖူးခြင်းပဲ၊ ဘာအနှစ်သာရရှိမှာလဲ”

“ဒါတော့ မသိဘူး ပန်းနုသွေး၊ ငါ့စားကျက်က တက္ကသိုလ်ဝင်းထဲအထိ ဖြန့်ကျက်ထားပြီးသား”

“ဒါကြောင့် အမေကပြောတာ . . . နင့်ကို သတိထားတဲ့၊ နင်နဲ့ငါ့ကို တစ်ခုခုဖြစ်မှာ အမေစိုးရိမ်တယ်၊ ငါက ပြန်ပြောလိုက်ပါတယ်၊ မင်းသုတဆိုတဲ့ကောင်က နှလုံးသားတင် မကဘူး၊ ဦးနှောက်ပါ မရှိတဲ့ယောက်ျားမျိုး . . .၊ ဒီတော့ အဲဒီလိုလူမျိုးကို ထမီရှပ်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဖို့တောင် သမီးက မစဉ်းစားဘူးလို့ ပြောထည့်လိုက်တယ်”

သူ့လိုလူမျိုးကို ဒီစကား ပြောဝံ့တာရော၊ ဒီလိုခိုင်းနိုင်းတာပါ ဒီကမ္ဘာမှာ ပန်းနုသွေးပဲရှိမယ်။

တခြားလူပြောရင် လက်တုံ့ပြန်မှာဖြစ်ပေမယ့် ပန်းနုသွေးကိုတော့ လျစ်လျူရှုထားလိုက်တယ်။

“ကောင်းတယ် . . . ကောင်းတယ် . . . အဲဒီစကားထက်ပိုထိရောက်တာ မရှိတော့ဘူးလား ပန်းနုသွေး၊ ခက်နေတာက အဲဒီစကားမျိုးပြောမယ့် မိန်းကလေးကို ငါမကြုံဖူးဘူး၊ ငါထင်ပါတယ် . . . နင်တစ်ယောက်ပဲ ငါ့ကို ဒီလိုပြောတတ်မှာပါ”

“ငါ . . . အခုကတည်းက ပြောထားမယ် မင်းသုတ၊ ငါတက္ကသိုလ်ရောက်ရင် ငါ့အသိုင်းဝိုင်းကြားမှာ နင် ငါ့ကို လာမနှုတ်ဆက်နဲ့၊ တက္ကသိုလ်ပုရဝဏ်ထဲမှာ နင်နဲ့ငါနဲ့ သူငယ်ချင်းမဟုတ်ဘူး၊ ဒီစကားကိုတော့ နင် မြဲမြဲမှတ်ထား၊ အေး . . . နင် ဆယ်တန်းအောင်ပြီး တက္ကသိုလ်တစ်ခုခုကို ရောက်လာခဲ့ရင်တော့ ငါပြောတဲ့ ရာဇသံကို ပြန်ရုပ်သိမ်းပေးမယ်”

ပြန်ပြောရင်တော့ ပန်းနုသွေး စိတ်မကောင်းမှာစိုးလို့ မပြောခဲ့ဘူး . . .။

သူ့လိုကောင်မျိုးက ဘယ်လိုလုပ်ပြီး ဆယ်တန်း အောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာလဲ။

သူ့ဘက်က တစ်ခုပဲ ပြန်တောင်းဆိုဖြစ်မယ်။

"အပြင်မှာတော့ ငါ့ကို အခေါ်အပြောလုပ်မှာလား"

"ဒါပေါ့ . . . တက္ကသိုလ်ထဲမှာတော့ ငါမခေါ်ဘူး၊ ကုန်ကုန် ပြောမယ်ဟာ သူများတွေက နင့်ကို ဝိုင်းသတ်ရင်တောင် ငါ လက်ပိုက်ကြည့်နေမှာ"

"ကောင်းတယ် . . ကောင်းတယ် . . ဒီစကားတော့ ငါ ကြိုက်သွားပြီ၊ အဲဒီပုရဝဏ်ထဲမှာ ငါ ရန်မဖြစ်မိအောင် သတိထား နေတော့မယ်၊ ဒီလိုမှ မဟုတ်ရင် ငါအသက်ထွက်ခါနီး နင့်ကို မမှာ ဖြစ်မှာ စိုးလို့လေ"

သူ့စကားတွေကြောင့်ပဲ ပန်းနုသွေး စိတ်ပျက်သွားပုံရ တယ်။ သူကလည်း တကယ်မကောင်းတဲ့သူ . . . ။

ပန်းလှလှလေးတွေနဲ့ ကစားတတ်တဲ့အကျင့်ကို ရနေတော့ အပျော်မွေ့လွန်နေပြီ။

တကယ်လည်း ပျော်စရာ ကောင်းနေတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



ပန်းနုသွေး တက္ကသိုလ်တက်တော့ အီကိုရတယ် . . .။ ကံဆိုးချင်တော့ ပန်းလှလှလေးတွေအများကြီးရှိတဲ့ အီကိုမှာ ပန်းနုသွေးနဲ့ နေ့တိုင်း ဆုံရတယ်။ ပန်းနုသွေးကတော့ ကတိတည်တယ်။ အမှတ်မထင်ဘဲ တွေ့တွေ့၊ တည့်တည့်ကြီးပဲ ဆုံဆုံ . . . လုံးဝ အခေါ်အပြော မလုပ်ခဲ့ဘူး။

သူကလည်း အဲဒီကတိကို လိုက်နာပါတယ်။ ဘယ်လောက်ထိ လိုက်နာသလဲဆိုရင် ဆယ်တန်းစာမေးပွဲကို တတိယအကြိမ်မှာ လုံးဝ ဝင်မဖြေဖြစ်တော့ဘူး။

မှတ်မှတ်ရရ . . . ပန်းနုသွေးတို့ နောက်ဆုံးနှစ် စာမေးပွဲ ဖြေအပြီးမှာပဲ ပြဿနာတစ်ခုကို ပန်းနုသွေးဖန်တီးခဲ့တယ်။

သူကလည်း ပန်းနုသွေးနဲ့တွဲနေတဲ့ ခင်မျိုးမြတ်ကိုမှ သွားငြိမိခဲ့တယ်။ ပထမတော့ ခင်မျိုးမြတ်နဲ့ ပန်းနုသွေးက မျက်မှန်းတန်းမိရုံလောက်ပဲ ခင်ကြတာ။ သူနဲ့ ခင်မျိုးမြတ်တို့ ရည်းစားဖြစ်ပြီးမှ ပန်းနုသွေးတို့နှစ်ယောက် အတော်လေး ရင်းနှီးသွားခဲ့ကြတယ်။ သူကလည်း ခင်မျိုးမြတ်ကို ခွာချင်နေပြီ . . . ကျောင်းပြီးလို့ နယ်ပြန်သွားရင် ကိစ္စက သူ့အလိုလို ပြီးသွားမှာ . . . ဒါပေမဲ့ သူ



www.burmeseclassic.com

www.burmeseclassic.com



တွေးသလို ဇာတ်လမ်းက မပြတ်။ စာမေးပွဲဖြေပြီးသော်လည်း ခင်မျိုးမြတ်က အိမ်မပြန်ပေ။

"မျိုးက အိမ်မပြန်ဘူးလား၊ တော်ကြာ လူကြီးတွေစိတ်ပူနေပါဦးမယ်"

"မပြန်ဖြစ်တော့ဘူး ကို . . . မျိုးမှာ မဟာစီမံကိန်းတစ်ခု ရှိတယ်၊ အဲဒီလိုဖြစ်အောင်လည်း ပန်းနုသွေးက အကြံပေးခဲ့တာလေ၊ ကိုကသာ လူကြီးတွေနဲ့ ပေးမတွေ့တာ . . . မျိုးကတော့ ကို့ဖေဖေတို့ မေမေတို့နဲ့ ခင်နေပြီသိလား"

ခင်မျိုးမြတ်မှာ အပြစ်ဟူ၍ ပြောစရာဆိုလို့ ရိုး, အခြင်းတစ်ခုပဲ ရှိတယ်။ အဲဒီရိုးအခြင်းကြောင့်ပဲ ခင်မျိုးမြတ်ကို စိတ်ကုန်ချင်နေတာ။

"နေပါဦး မျိုး . . . ကိုမသိဘဲ မျိုး ဘာတွေ လျှောက်လုပ်ထားလဲ၊ ပန်းနုသွေးကလည်း ဘာတွေဝင်ပြီး ကုလားဖန်ထိုးပြန်ပြီလဲ မသိပါဘူး"

"ပန်းနုသွေးက ကို့ကို ကောင်းစေချင်လို့ပါ၊ ကို့မိဘတွေကလည်း မျိုးနဲ့ကို့ကို လက်ထပ်ပေးချင်တယ်၊ မျိုးမိဘတွေကို လှမ်းခေါ်လိုက်မယ်နော် . . . ကို"

ဒီစကားတွေကြားတော့ ဆင်နင်းသလို တုန်လှုပ်သွားမိ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

"ဒီအကြံ ပန်းနုသွေးပေးတာမဟုတ်လား မျိုး၊ ကို့သဘော မပါဘဲ မျိုး ဘာမှ မလုပ်ပါနဲ့၊ အခုချက်ချင်း ကို ပန်းနုသွေးနဲ့ စာရင်းသွားရှင်းဦးမယ်"

ပန်းနုသွေးကို တော်တော်ပဲ ဒေါသဖြစ်မိတယ်။

ပညာကောင်းကောင်းပေးမှ ဆိုပြီး အကြံထုတ်မိတယ်။ လက်ခနဲ . . . ဝင်လာတဲ့အကြံကြောင့်ပဲ . . . ပန်းနုသွေးကို မတွေ့တော့ဘဲ မေမေတို့နဲ့ အရင်တွေ့လိုက်တယ်။

"ဟုတ်တယ် သား . . . သားကို အိမ်ထောင်ချပေးမှ ဖြစ်တော့မယ်၊ ခင်မျိုးမြတ်ဆိုတဲ့မိန်းကလေးက သားနဲ့ လိုက်ဖက်တယ်၊ မေမေတို့သဘောအတိုင်းဆို ဒီကိစ္စ ဖြစ်ချင်မှဖြစ်မှာ၊ ပန်းနုသွေးက ခင်မျိုးမြတ်ကို အိမ်ခေါ်လာတယ်၊ မေမေတို့ မိဘဝတ္တရား ကျေချင်တယ် သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီပွဲကို ဘယ်လိုဖျက်ရမည်ဆိုတာ သူ့မှာ အစီအစဉ်ရှိပြီး သား။ လူကြီးတွေစကားကိုတော့ ဆုံးအောင် နားထောင်နေလိုက် တယ်။

"ဒီနေရာမှာတော့ ပန်းနုသွေးနဲ့ မေမေတို့က တစ်သဘော ထားတည်း သွားကျနေတယ်၊ ပန်းနုသွေးကို မေမေတို့ အများကြီး ကျေးဇူးတင်တယ်၊ တကယ်တော့ ပန်းနုသွေးဟာ သားရဲ့သူငယ် ချင်းကောင်း တစ်ယောက်ပါပဲ"

ပန်းနုသွေး ကုလားဖန်ထိုးပြီး ဖဲဝေတယ်ဆိုတာကို သူ သိပြီးသား။ ဒါ . . . တမင် ဝင်ရောက်စွက်ဖက်တဲ့သဘော။

ကောင်းကောင်းကြီးပညာပြန်မပေးရင် သူညံ့သွားမှာပေါ့။

"ကောင်းပါပြီ မေမေ၊ အိမ်ထောင်ချထားပေးချင်တယ်ဆို တဲ့ မိဘဝတ္တရားကို သားမဖယ်ရှားပါဘူး၊ သားကို အိမ်ထောင်ချပေး ရင် သားခြေငြိမ်သွားမယ်၊ အပိုးကျိုးသွားမယ်လို့ မေမေတို့ ထင်နေ တာ မဟုတ်လား၊ သားအိမ်ထောင်ပြုဖို့က အဓိက မဟုတ်လား"

"ဟုတ်တာပေါ့ သား . . . မေမေတို့ ရက်သတ်မှတ်ရတော့ မလား၊ ဝမ်းသာလိုက်တာ . . . သားကို မနည်းပြောယူရမယ် မှတ်နေတာ"

"မင်္ဂလာရက် သတ်မှတ်တာက မခက်ပါဘူး မေမေ၊



www.burmeseclassic.com

www.burmeseclassic.com



သားကို အိမ်ထောင်ချပေးချင်တာ အဓိကမဟုတ်လား၊ မေမေတို့ ပြောသလိုပဲ သားအိမ်ထောင်ပြုပါ့မယ်၊ ဒါပေမဲ့ သားယူမယ့် မိန်းကလေးက ခင်မျိုးမြတ် မဟုတ်ဘူး မေမေ”

“ဟင် . . . ဘယ်သူများလဲ သား”

ဖေဖေက အံ့သြသွားပေမယ့် ရုပ်မပျက်ဘူး၊ မေမေက တော့ သိလိုဇောပြင်းပြပြီးအငမ်းမရ မေးယူတော့တယ်။

“သား အိမ်ထောင်ပြုပါ့မယ်ဖေဖေ၊ သားကို မိန်းမ တောင်း ပေးပါ၊ သူကတော့ တခြားလူမဟုတ်ဘူး၊ ပန်းနုသွေးပဲ ဖေဖေ”

“ဖြစ်ပါ့မလား သားရယ်”

“ဖြစ်ပါတယ် ဖေဖေ . . . အခု ပန်းနုသွေးအိမ်မှာ ရှိနေပါ တယ်၊ သူ့မိဘတွေလည်း ရှိနေကြတယ်၊ သားရှင်တစ်ယောက်အနေ နဲ့ သမီးမိန်းကလေးအိမ်ကို နားသွားဖောက်ရတာ ဓမ္မတာပါပဲ၊ ဖေဖေတို့ဆန္ဒလည်း ပြည့်၊ သားဆန္ဒလည်း ပြည့်မယ့်ကိစ္စပါ၊ ပန်းနု သွေးနဲ့ ဆိုရင်တော့ အခုချက်ချင်း ရုံးတက်လက်မှတ်ထိုးဆို ထိုးပါ့ မယ်ဖေဖေ”

ဖေဖေမေမေတို့လည်း အဟုတ်ကြီးထင်ပြီး ချက်ချင်းဆို သလိုပဲ ပန်းနုသွေးအိမ်သို့ ထသွားကြတယ်။

သူကတော့ အချွန်နဲ့ မ, ခဲ့ပြီး ဖေဖေတို့နောက်ကနေ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့တယ်။ ပန်းနုသွေးတော့ သူ့အတတ်သူ ကောင်းကောင်းကြီး စူးလောက်ပြီ။

ဒေါသတကြီး သူ့ကိုမြေလှန်ရှာတယ်ဆိုတာ ကြိုသိနေလို့ တမင်ရှောင်ထွက်ခဲ့တယ်။ ပန်းနုသွေးတစ်ယောက်တော့ . . . မှတ်လောက်သားလောက်ဖြစ်သွားမယ် ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# (၅)

ပဲခူးမြို့ကို ကျော်ဖြတ်စပြုတော့ သူမကံကြမ္မာသည် တစ်စုံတစ်ခုအတွက် လည်စင်းပေးဖို့ အလိုလိုဖြစ်လာတော့၏။

မင်းသုတစကားတွေက ဘယ်လိုမှ နားမလည်နိုင်အောင်ဖြစ်ရသည်။ တစ်ချိန်တစ်ခါက သူမ ပြုခဲ့ဖူးခြင်းအပေါ် ပြန်ကလဲ့စားချေလိုသည့်သဘောများလားမသိ။

"မင်းသုတ"

"ဘာလဲ ပန်းနုသွေး"

"ခင်မျိုးမြတ်နဲ့တုန်းက ငါ ကုလားဖန်ထိုးခဲ့တာကို အခုအချိန်မှာ ကလဲ့စားပြန်ချေတာလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ခင်မျိုးမြတ်ကိစ္စ ဟုတ်လား . . . နင်ပြောမှပဲ ငါ အမှတ်ရတယ် ပန်းနုသွေးရယ်၊ အဲဒီတုန်းက နင် မှတ်လောက်သားလောက် ဖြစ်သွားအောင် ငါ နင့်ကို တမင်လုပ်ခဲ့တာ ဟုတ်တယ်၊ အခုကိစ္စက တော့ဟာ . . ."

"အခုကိစ္စက ဘာဖြစ်လဲ . . . ပြောစမ်း မင်းသုတ၊ ငါနဲ့ ကိုဗညားဇော်တို့ စေ့စပ်ခါနီးမှ နင် တမင်လုပ်လိုက်တာ မဟုတ်လား၊ အခုကိစ္စက ခင်မျိုးမြတ်နဲ့တုန်းကလို လွယ်လွယ်နဲ့ ပြီးသွားမယ့်ကိစ္စ မဟုတ်ဘူး"

"လွယ်လွယ်နဲ့ မပြီးမှန်းသိလို့ ပွဲပြတ်အောင် ငါ လုပ်ရတာ ပေါ့ဟာ"

မင်းသုတကို ကြည့်ရင်းကပင် တဖြည်းဖြည်း ရွံမုန်းလာမိသည်။ သူမကို ကားတင်ပြေးလာသည့်ကိစ္စက ပြစ်မှုကြီးတစ်ခုကို ကျူးလွန်လိုက်မှန်း မင်းသုတ မသိရှာလေသလား။

အပြောင်အနောက်ဆိုရင်လည်း ဒီအခြေအနေမှာပင် မင်းသုတ အိမ်ပြန်ပို့ပေးဖို့ ကောင်းနေပြီ။

"နင်ကျီစားတာက အရမ်းလက်လွတ်စပယ်ဖြစ်နေပြီ မင်းသုတ၊ အပျက်ပျက်နဲ့ မိုးမီးလောင်တော့မှာနော်"

"အခုချိန်ထိ ငါပြောတဲ့စကားတွေကို နောက်ပြောင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



လို့ နင်ထင်နေတုန်းလား ပန်းနုသွေး၊ ငါပြောတဲ့ စကားတွေရော၊ ငါလုပ်ခဲ့တဲ့ ကိစ္စတွေအားလုံးဟာ တစ်ခုမှ အပြောင်အနောက် မပါဘူး ပန်းနုသွေး”

သူမနှုတ်မှ ယောင်ယမ်းပြီး ‘ဘုရား’ တမိတော့၏။

မင်းသုတစကားတွေက ဘာကို စံထားပြီး ယုံကြည်ရပါ့မလဲ။ ခေါင်းမီးတောက်လောက်အောင်ပင် စဉ်းစားရကျပ်နေ၏။

“ကောင်းပြီ မင်းသုတ၊ နင့်စကားတွေက အတည်ဆိုရင် တော့ ငါ့မှာ ပြောစရာရှိတယ်”

“ဘာပြောမှာလဲ . . . ငါ ကြားချင်တယ်”

“ငါဟာ နင်လုပ်ချင်တာကို ခေါင်းငုံ့ခံမယ့် ကြက်ကလေး ငှက်ကလေး မဟုတ်ဘူး၊ နင် ခူးလွယ်ခြွေလွယ် လုပ်ချင်တဲ့ ပန်း တစ်ပွင့်လည်း မဟုတ်ဘူး၊ ငါ့မှာ အသိုင်းအဝိုင်းရှိတယ်၊ ငါ့မှာ နှလုံးသားရှိတယ်၊ ငါ့မှာ ဦးနှောက်ရှိနေတယ်၊ ငါ့ရဲ့ ခံစားမှုတွေမှာ ရော ငါ့ရဲ့ အိပ်မက်တွေမှာပါ နင်လိုလူစားမျိုးအတွက် နေရာလပ် မရှိဘူး မင်းသုတ”

မင်းသုတတစ်ယောက် ဒုတိယအကြိမ် တွေဝေသွားပြန်၏။

သူမပြောလိုက်သော စကားတွေကတော့ မင်းသုတကို တိုက်ခိုက်ဖို့ မရည်ရွယ်ခဲ့။ ရင်ထဲရှိသည့်အတိုင်းပင် စကားလုံး

www.burmeseclassic.com

www.burmeseclassic.com



ရွေးစီပြီး ပြောချလိုက်ခြင်းဖြစ်၏။

"ဘုရားကြီး ရောက်တော့မယ် ပန်းနုသွေး၊ နင် အိပ်ချင်နေပြီလား"

"အိပ်ချင်တာတွေ ဘာတွေ ငါ့မှာမရှိဘူး၊ ငါ သေချင်တဲ့စိတ်ပဲ ရှိတယ်"

"နင်သေလို့ ဘယ်ဖြစ်မလဲ၊ ငါရှိနေသရွေ့ နင်သေလို့မဖြစ်ဘူး ပန်းနုသွေး"

မထင်မှတ်ဘဲ သူမနှင့် ပန်းနုသွေးတို့သည် ရန်သူများဖြစ်ခဲ့ကြရ၏။ မင်းသုတကိုယ်တိုင်က ယုတ်မာကောက်ကျစ်သောစိတ်ဖြင့် ရှိခဲ့ဖူးထားခဲ့ဖူးသော သံယောဇဉ်တို့ကို မြေကြီးပေါ် ချနင်းလိုက်မှတော့ ဇာတ်က ပြီးနေပြီ . . .

"အခုချိန်မှာ ငါ့ဘဝရဲ့ ပထမဆုံးသောရန်သူဟာ နင်ဖြစ်နေပြီ မင်းသုတ၊ ဒီနေ့အထိ ငါ့ဘဝတစ်လျှောက်မှာ စိတ်ဒုက္ခ

www.burmeseclassic.com

www.burmeseclassic.com



ပေးတဲ့ ရန်သူဆိုတာ မရှိခဲ့ဘူး၊ အခုတော့ ရှိလာပြီ၊ နင့်လောက် ယုတ်မာပက်စက်ပြီး အရှက်မရှိတဲ့ ယောကျ်ားတစ်ယောက်ကို ငါ တွေ့လိုက်ရပြီ . . . ”

“စွပ်စွဲချက်တွေက ပြင်းထန်လှချည်လားဟာ၊ ငါကတော့ နင့်ကို ချစ်လိုက်ရတာ”

“ဘာချစ်တာလဲ . . . ငါမယုံဘူး၊ နင့်စကား တစ်ခွန်းတိုင်း ဟာ ငါ့ဘဝကို ကံဆိုးမိုးမှောင်ကျအောင် လုပ်နေတာနဲ့ အတူတူပဲ”

“အချစ်ဆိုတာကို နင် ဘယ်လိုနားလည်ထားလို့လဲ . . . ပန်းနုသွေး”

သူမ, မကျွမ်းကျင်သော အမေးစကား။ မင်းသုတကို ပြန် ဖြေဖို့ စကားလုံးမရှိတာတော့ သေချာသွား၏။

“ဖြေစရာ မလိုဘူး”

“ဖြေကြည့်ပါ ပန်းနုသွေး . . . ငါ လူတွေအများကြီးကို ချစ်ခဲ့ကြိုက်ခဲ့ဖူးတယ်၊ အခုကိစ္စက အရင်အဖြစ်အပျက်တွေနဲ့ လား လားမှမဆိုင်ဘူး၊ ခံစားမှုချင်း ညှိကြည့်ရအောင် ပန်းနုသွေး”

“ငါ မပြောနိုင်ဘူး”

သူမအနေဖြင့် ‘ဘူး’ တွေဆက်တိုက်ခံနေမိသည်။

မကျွမ်းကျင်သော ဘာသာဗေဒကို ဆွေးနွေးလိုခြင်းမရှိ။

www.burmeseclassic.com

www.burmeseclassic.com



လှပသော စကားလုံးတွေထက် လက်တွေ့ဆန်သော အဖြစ်အပျက်ကိုသာ ကြုံတွေ့ချင်သည်ပဲ။

"ကောင်းပြီလေ . . . နင် မဖြေချင်ရင်လည်း နေပါ၊ လူတွေက အချစ်ကို နားလည်သလိုလိုနဲ့ လူတတ်ကြီးတွေ လုပ်နေကြတာဟာ၊ အဲဒီအထဲမှာ ငါလည်းပါတယ်၊ အချစ်ဆိုတာ ကျွမ်းကျင်ဖို့ မလိုသလို အတွေ့အကြုံတွေနဲ့လည်း မဆိုင်တဲ့ကိစ္စ၊ အချစ်ကို သိတယ် နားလည်တယ်လို့ ပြောတဲ့သူဟာ အချစ်နဲ့ အဝေးဆုံးမှာ နေထိုင်နေကြတဲ့ လူတွေပဲ"

ဘာစကားတွေလဲ . . . ဝေါဟာရဆန်ဆန်တွေဖြင့် ဘာကိုများ ဖုံးကွယ်လိမ်ညာဖို့ မင်းသုတကြိုးစားနေပါလိမ့်။

'အချစ်' ဆိုတာထက် အခုအချိန်မှာ မင်းသုတ လက်မှ လွတ်မြောက်ပြီး အိမ်ပြန်ရောက်ဖို့ကိုပဲ စိတ်စောနေမိသည်လေ။

"ဘုရားကြီးလမ်းဆုံရောက်ပြီ ပန်းနုသွေး၊ ဘယ်ကို မောင်း

www.burmeseclassic.com

www.burmeseclassic.com



ရမလဲ”

“ငါ့ဆန္ဒကို နင် အသိအမှတ် ပြုစေချင်လား”

“ဒါပေါ့”

“ရန်ကုန်ကိုပဲ ပြန်လှည့်မောင်းပေးပါ”

“ဒါတော့ မလိုက်လျောနိုင်ဘူး ပန်းနုသွေး”

“ဒါဆိုလည်း ငါ့ဆန္ဒကို မေးမနေနဲ့တော့၊ နင်မောင်းချင်တဲ့ဆီကိုသာ မောင်း၊ မောင်းလက်စနဲ့ သေရွာရောက်အောင်သာ မောင်းလိုက်တော့”

“နိမိတ်မရှိတဲ့စကားတွေကို ဘာလို့ပြောရတာလဲ ပန်းနုသွေး၊ ငါ့ဆန္ဒဆိုရင်တော့ မော်လမြိုင်လမ်းကိုပဲ ရွေးလိုက်မယ် ပန်းနုသွေး”

ဟိုတစ်ချိန်တုန်းကတော့ ဒီလမ်းဒီခရီးကို မထင်မှတ်ဘဲ မင်းသုတနှင့် သွားဖြစ်ခဲ့ဖူးသည်။ အဲဒီတုန်းကတော့ ပျော်ဖို့ကောင်းသည်ပဲ။ အခုချိန်မှာတော့ စိတ်ဆင်းရဲစရာ စိတ်ရှုပ်ထွေးစရာ တွေနှင့် ရင်မှာပြည့်ကျပ်လို့နေ၏။

“ငါ့ဆန္ဒမပါဘဲ လူကြီးတွေရဲ့အလိုမပါဘဲ နင်ထင်ရာ လုပ်တော့မှာပေါ့ ဟုတ်လားမင်းသုတ၊ ဒီလိုစရိုက်မျိုး ဖြစ်လာလိမ့်မယ် ဆိုရင် သူငယ်ချင်းဆိုတဲ့ သံယောဇဉ်ကို ငါ ထားဖြစ်ခဲ့မှာမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း နင့်အပေါ်မှာ ဘာသံယောဇဉ်မှ ငါ မထားတော့ဘူး၊ နှစ်ပေါင်းများစွာရှိဖူးခဲ့တဲ့ သံယောဇဉ်တွေကို သဲထဲရေသွန်သလို နင်လုပ်ရက်ခဲ့တယ် မင်းသုတ”

“ငါဆိုးတယ်ဆိုတာကို ဝန်ခံပါတယ်၊ ငါ့မှာ ရွေးချယ်စရာ ဒီတစ်လမ်းပဲ ရှိလို့ပါ၊ အဲဒီစကားတွေကို နင်မပြောပါနဲ့ဟာ၊ ငါ ကားမောင်းရတာ စိတ်ဖြောင့်ချင်တယ် ပန်းနုသွေး”

“နင် စိတ်မဖြောင့်လို့ တစ်ခုခု ဖြစ်သွားရင်ခဲ့ရင်လည်း ကောင်းတာပဲ၊ အခုချိန်လောက်ဆိုရင် ရန်ကုန်မှာ ဘာတွေဖြစ်နေပြီလဲ မသိဘူး၊ နင် ဒီအတိုင်းတော့ ထားခဲ့မှာမဟုတ်ဘူး၊ တစ်ခုခုတော့ နင်လုပ်ထားခဲ့တယ်မဟုတ်လား မင်းသုတ”

မင်းသုတမျက်နှာ အသေအချာ အကဲခတ်ကြည့်လိုက်သည်။ မင်းသုတ၏မဲ့ပြုံးကို မထင်မရှား တွေ့ရ၏။

အကြံပက်စက်သော မင်းသုတသည် ကောက်ကျစ်စဉ်းလဲမှုများကို မျက်နှာမထောက်ဘဲ လုပ်မှာသေချာနေ၏။

“ငါ အမှန်အတိုင်း ပြောရမလား ပန်းနုသွေး”

“နင်ရဲ့ ကောက်ကျစ်ယုတ်မာမှုတွေလို့ ပြောပါ မင်းသုတရယ်၊ နင် ရန်ကုန်မှာ ဘာတွေလုပ်ခဲ့သေးလဲ”

“ရိုးရိုးလေးပါ ပန်းနုသွေး၊ ငါတို့ ပဲခူးလောက် ရောက်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက နင်အိမ်ကလူတွေရော၊ ငါ့အိမ်ကလူတွေပါ ငါတို့ နှစ်ယောက် ထွက်လာတာကို သိသွားလောက်ပြီ”

“ဘာပြောတယ် လူကြီးတွေက ဘယ်လိုသိမှာလဲ၊ ငါ့ကို ရှင်းအောင်ပြောစမ်း မင်းသုတ”

“နင် အချိန်တန်လို့ ပြန်မရောက်တဲ့အခါမှာ နင့်မိဘတွေ မေးကြစမ်းကြမယ်၊ နင်ပျောက်နေတယ်ဆိုတာကို သူတို့သိကြမယ်၊ အဲဒီအချိန်မှာ နင့်အိမ်ကိုရော၊ ငါ့အိမ်ကိုပါ တစ်ယောက်ယောက် က ငါတို့ဆက်ခိုင်းတဲ့အနေနဲ့ ဖုန်းဆက်အကြောင်းကြားလိမ့်မယ်”

“နင် ဘယ်သူ့ကို ခိုင်းခဲ့တာလဲ၊ အဲဒီလူတွေက လူကြီးတွေကို ဘယ်လိုစကားမျိုး ပြောကြမှာလဲ”

မင်းသုတ၏ လုပ်ပုံကိုင်ပုံတွေကတော့ သူမ,ထင်ထားသည် ထက်ပင် အကွက်စေ့နေသေး၏။

“ပြောပြမှာပါ”

စကားဖြတ်ထားပြီး မင်းသုတ သက်ပြင်းချ၏။ စိတ်မရှည်စွာဖြင့် မင်းသုတကို တွန်းအားပေးမိ၏။

“ပြောစရာရှိတာ ပြောလေ၊ နင် ဘယ်လို ပြောခိုင်းခဲ့လဲ”

“ဒီလိုလေဟာ . . အဲဒီစကားက ငါတို့နှစ်ယောက်အတွက် တစ်ချက်ခုတ်နှစ်ချက်ပြတ်စကားပဲ၊ မကြာခင် လုပ်တော့မယ့် စေ့



www.burmeseclassic.com

www.burmeseclassic.com



စပ်ပွဲကို ကြောက်ပြီး နင်နဲ့ငါ ထွက်ပြေးသွားပြီ၊ လူကြီးတွေကို စိတ်မပူဖို့နဲ့ လိုက်မရှာကြဖို့ ပြောခိုင်းလိုက်တယ်၊ ဒါပါပဲ ပန်းနုသွေး”

“ခွေးကောင် . . . နင် လူယုတ်မာ၊ အဲဒီစကားတွေကို လူကြီးတွေက ယုံသွားရင် ခက်ပြီ၊ အဆိုးဆုံးက ငါပျောက်တာနဲ့ ကိုဗညားဇော်ဆီ ဆက်သွယ်မှာပဲ၊ ဒီသတင်းကို သူလည်း သိနေလောက်ပြီ၊ နင့်အကြံက အရမ်းကို ပက်စက်လွန်းတယ်၊ နင့်ကို အရမ်းကြောက်သွားပြီ မင်းသုတ၊ နင့်လုပ်ရပ်တွေက မိုက်ရိုင်းကောက်ကျစ်လွန်းအားကြီးတယ်”

“ပြောချင်တာပြောတော့ ပန်းနုသွေး၊ နင့်ကို အဆုံးရှုံးမခံနိုင်လို့ သွေးရူးသွေးတမ်းနဲ့ လုပ်တယ်ပဲဆိုဆို ငါလုပ်တာတွေအားလုံးဟာ ငါတို့နှစ်ယောက် ဒီဘဝမှာပေါင်းရဖို့ လုပ်ခဲ့ကြံခဲ့တာတွေချည်းပဲ”

“သွားစမ်းပါ . . နင့်လိုယောက်ျားမျိုးနဲ့ တစ်စက္ကန့်တောင် ငါ မနေချင်ဘူး၊ နင့်အနားမှာ ငါရှိနေတယ်ဆိုတာလည်း နင်ရဲ့အကျပ်ကိုင်မှု၊ မတရားသိမ်းသွင်းမှုကြောင့် နေနေရတာ”

မင်းသုတလက်မှ လွတ်ဖို့က အရေးကြီးနေသည်။

ဒီပုံစံ နှင့် ဘယ်အထိရောက်အောင် သွားနေဦးမည် မသိ။

အခွင့်သာသည်နှင့် ရန်ကုန်ကို ဆက်သွယ်ဖို့ အကြံထုတ်ရ

www.burmeseclassic.com

www.burmeseclassic.com



တော့မည်။ လူကြီးတွေနှင့် အဆက်အသွယ်ရပြီး အကျိုးအကြောင်း ရှင်းပြရင်တော့ ဇာတ်ရည်လည်သွားမှာ သေချာ၏။ အခုချိန်မှာ တော့ အမေတို့ အဖေတို့ရော၊ ကိုဗညားဇော်ပါ စိတ်ဒုက္ခတွေ ခံစား နေရမှာသေချာသည်ပဲလေ။

"နင့်စိတ်ကို ငြိမ်ငြိမ်ထားပါ ပန်းနုသွေး၊ မနက်လင်းတဲ့ အချိန်ကိုတောင် စောင့်တော့မှာ မဟုတ်ပါဘူး၊ အခုချိန်လောက် ဆိုရင် ဗညားဇော်နဲ့ စေ့စပ်ပွဲက အလိုလိုပျက်သွားတော့မှာပါ၊ ငါတို့ နှစ်ယောက်ကိစ္စက ဘယ်လိုစီစဉ်မလဲဆိုပြီး လူကြီးတွေ တိုင်ပင် နေလောက်ပါပြီ"

"မရဘူး . . . ငါ့အသက်သာ အသေခံသွားမယ်၊ နင့်ရဲ့ ယုတ်မာမှုအတွက် အမှန်တရားကို ဖော်ထုတ်ရမယ်၊ နင့်ကို ကြိုးစင် ရောက်အောင် ပို့ပစ်မယ် မင်းသုတ"

ဒေါသနှင့် တမင်ပြောခြင်းမဟုတ် . . .၊ တကယ်ပင် မင်း သုတကို ပြဿနာရှာမှ ဖြစ်တော့မည်။ အကြံပက်စက်လွန်းသော မင်းသုတကို မျက်နှာထောက်စရာ အကြောင်းမရှိတော့ပေ။

မိုးကောင်းချိန်မှာတော့ ရွာထားဦးပေါ့ မင်းသုတရယ်။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# (၆)

လူ့စိတ်ဆိုတာလည်း အပြောရခက်သား။

ပိုဆိုးတာကတော့ လူ့စိတ်ကို ကပြောင်းကပြန်ဖြစ်စေတဲ့ ချစ်ခြင်းတရားပါပဲ။

ပန်းပွင့်တွေနဲ့ပျော်ခဲ့တဲ့ ပန်းမှုဆိုးဟာ လေးညို့တင်းသံလည်း မကြားခဲ့ရဘူး၊ သင်ခန်းစာတွေလည်း မှတ်မှတ်ထင်ထင် တစ်ခါမှ မရှိခဲ့ဘူး။

ပန်းမှုဆိုးအဖြစ်နဲ့ ပန်းတွေနဲ့ ပျော်နေသလိုပဲ . . . ပန်းနုသွေးကလည်း ဘဝအဆင့်တွေ တစ်ဆင့်ပြီးတစ်ဆင့် မြင့်လာခဲ့တယ်။ ပန်းနုသွေးရဲ့ တစိုက်မတ်မတ် ကြိုးစားမှုတွေကြောင့်ပဲ ပန်း



www.burmeseclassic.com

www.burmeseclassic.com



နုသွေးတို့မိသားစုလေး သူတို့မိသားစုကို အမီလိုက်နိုင်ခဲ့တယ်။ ဥစ္စာ ဓနပိုင်ဆိုင်မှုမှာ ပုခုံးချင်း မယှဉ်နိုင်ပေမယ့် လူနေမှုအဆင့်အတန်း တစ်ခုအထိတော့ ပုခုံးချင်း ယှဉ်လာနိုင်ခဲ့တယ်။

"မနှစ်ကတုန်းက ပန်းနုသွေးတို့ အိမ်အသစ် ပြန်ဆောက် နိုင်ခဲ့တယ်၊ ဒီနှစ်ကျတော့ ကားတောင် ဝယ်နိုင်ပြီ၊ ပန်းနုသွေးက မိန်းကလေးဖြစ်ပြီး သူ့ဘဝကို မြင့်အောင်ကြိုးစားတယ်၊ သူ့မိသားစု ကိုပါ ကောင်းကျိုးခံစားစေတယ်၊ ပြောကြကြေးဆိုရင်တော့ မျက်စိ အောက်မှာတင် ပုံပြင်တစ်ခုကို ဖတ်နေရသလိုပဲ"

"သားသူငယ်ချင်းက ပညာလည်း တော်တယ်၊ ကြိုးလည်း ကြိုးစားတယ်၊ သူ့အလုပ်နဲ့သူ ဂုဏ်ရှိနေအောင် လုပ်တတ်ကိုင်တတ် တယ်၊ သားသူငယ်ချင်းကို နည်းနည်းလေးမှ အားကျချင်စိတ် မဖြစ် မိဘူးလား"

မေမေတို့ ဖေဖေတို့ရဲ့ အလိုလိုက်မှုကတော့ သူ့အတွက် ကျေနပ်စရာ။ ဒါပေမဲ့ မိသားစုစုံပြီဆိုတာနဲ့ ပန်းနုသွေးရဲ့ကောင်း သတင်းတွေကို ချီးမွမ်းခန်းထုတ်ပြီး သူ့ကို ဆုံးမတော့တာပါပဲ။

"ဘဝချင်း မတူသလို ဖြတ်သန်းလာရချင်းလည်း မတူဘူး လေ မေမေ၊ သားလည်း ပန်းနုသွေးနေရာမှာဆိုရင် ကြိုးစား လိမ္မာ ရင် လိမ္မာနေမှာပေါ့၊ သားက ငယ်ငယ်ကတည်းက ရွှေပေါ်မြတင်



www.burmeseclassic.com

www.burmeseclassic.com



နေလာခဲ့တာလေ၊ အားလုံးရဲ့အလိုလိုက်မှုတွေကို ကံကောင်းစွာနဲ့ ခံစားစံစားလာခဲ့တာလေ"

"ဒါကတော့ ဒါပေါ့သား၊ လူ့ဘဝဆိုတာ ကိုယ့်ဘဝကို ကိုယ်တည်ဆောက်နိုင်မှ အခြေတည်တာသား၊ ဖေဖေတို့လည်း ဒီလိုနေနိုင်အောင် ကိုယ့်ဘဝကို ကိုယ်တည်ဆောက်ခဲ့ကြတာ၊ အဲဒီအသီးအပွင့်ကို သားတို့ ခံစားနေရတာ"

"ဖေဖေကလည်း ဖေဖေတို့ပိုင်တဲ့ စည်းစိမ်တွေ လုပ်ငန်းတွေကို သား အကုန်သိနေတာပဲ၊ ပန်းနုသွေး သေအောင်ကြိုးစား ဘယ်လောက်ကုသိုလ်ကံ ကောင်းကောင်း သူ ဘယ်လိုက်မီနိုင်မလဲ ဖေဖေ"

သူ့အနေနဲ့က အလုပ်ကို လက်ကြောတင်းအောင်သာ မလုပ်နိုင်တာ။ စကားပြောတဲ့နေရာမှာတော့ ယိုပေါက်မရှိအောင် ဆင်ခြေအပြည့်နဲ့ ပြောတတ်ဆိုတတ်တာ ဉာဉ်တစ်ခုလို ဖြစ်နေတာ။

"မဟုတ်သေးဘူးသား . . . မေမေတို့ ရှိနေတုန်းမှာ ဘာအကြောင်းလဲ၊ သားအသက်က တဖြည်းဖြည်းကြီးလာသလိုပဲ၊ မေမေတို့အရွယ်ကလည်း သေခြင်းတရားဆီ နီးကပ်နေကြရပြီ၊ မေမေတို့ မရှိတော့တဲ့နောက်ပိုင်းမှာ သားအတွက် သားဘဝအတွက် ဘာမှ အဆင်သင့်ဖြစ်မနေမှာကို စိုးရိမ်တယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေကလည်း . . . မမကြီးအိမ်ထောင်ပြုသွားတော့ မေမေတို့ ခွဲပေးလိုက်တဲ့အမွေတွေ၊ အခုလည်း မမလတ်ကို အိမ်ထောင်ချပေးဖို့နဲ့ စီးပွားရေးပေးဖို့ ပြင်နေကြတာ သား မြင်နေတာပဲ၊ လူ့ဘဝမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ နေခွင့်ရတုန်း သားပျော်နေချင်တယ်၊ သားက မေမေတို့ တွေးပူလောက်အောင် ညံ့နေတဲ့သူ မဟုတ်ပါဘူး"

မေမေတို့နဲ့ စကားပြောနေရင်းကပဲ ပန်းနုသွေးအကြောင်းက ထပ်ပါလာပြန်တယ်။ ဒီတစ်ခါ မေမေပြောတဲ့ အကြောင်းအရာက အရမ်းစိတ်ဝင်စားစရာပါပဲ။

"သားအရွယ်က အိမ်ထောင်ပြုသင့်နေပြီ၊ အင်းလေ . . . ဒီအကြောင်းကိုပြောရင် သားက ဟိုပြောဒီပြောနဲ့ ငြင်းမယ်ဆိုတာ သိပြီးသား၊ သားသူငယ်ချင်းတောင် အိမ်ထောင်ပြုတော့မှာ သား"

"ပန်းနုသွေး ယောက်ျားယူတော့မှာ . . . ဟုတ်လား မဖြစ်နိုင်တာပဲ၊ ဒီလောက် အရေးကြီးတဲ့ကိစ္စကို သားသိရမှာပေ့ါ၊ သားနဲ့ ပန်းနုသွေးက တစ်လတစ်ခါလောက်တော့ အနည်းဆုံး တွေ့ဖြစ်နေတာပဲ၊ ပန်းနုသွေး တစ်ခွန်းမှ မပြောဖူးပါဘူး"

စိတ်ဝင်စားသလို၊ အံ့ဩမှုလည်း ဖြစ်ရတယ်။ ပန်းနုသွေးက သူ့ကို ထိမ်ချန်ထားတာများလား၊ ပန်းနုသွေးမှာ တိုင်ပင်စရာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုလို့ သူပဲ အနီးဆုံးရှိနေတာ မဟုတ်လား။

"ပန်းနုသွေး မပြောဘူးဆိုတာကလည်း ဒီကိစ္စကို သူကိုယ်တိုင် စိတ်ဝင်စားပြီး စီစဉ်တာမှ မဟုတ်ဘဲ သား၊ သားဖေဖေရဲ့ မိတ်ဆွေ မောင်ဗညားဇော်ကို သိတယ် မဟုတ်လား"

"အင်း . . . သိတယ်လို့ပြောရမှာပဲ၊ ဘာဖြစ်လို့လဲ ဖေဖေ"

ဖေဖေရဲ့မိတ်ဆွေတွေ . . . စီးပွားလုပ်ဖော်ကိုင်ဖက်တွေက အများသား . . .။ သူ့စိတ်ထဲမှာတော့ လူနဲ့ နာမည်နဲ့တွဲပြီး ချက်ချင်း မမှတ်မိတာတော့ သေချာတယ်။

"သူက အသက် သုံးဆယ့်ရှစ်လောက်ရှိတဲ့ လူလတ်ပိုင်းပဲ၊ ဖေဖေတို့နဲ့ယှဉ်ရင် လူငယ်လို့ ခေါ်ရမှာပေါ့။ သူက မုဆိုးဖို တစ်ယောက်ပဲသား . . .၊ သားသမီးတော့ မကျန်ခဲ့ဘူး၊ အမျိုးသမီး ဆုံးတာ သုံးနှစ်လောက်တော့ ရှိပြီ၊ သူက ပန်းနုသွေးကို ဧည့်ခံပွဲတစ်ခုမှာ ဆုံဖြစ်ကတည်းက စိတ်ဝင်စားနေတာ၊ ဖေဖေနဲ့ ပတ်သက်နေတာရယ် . . . သားသမီးလို နေကြထိုင်ကြတယ်ဆိုတာ သိတော့၊ အပူကပ်တယ်လေ၊ ဖေဖေကလည်း . . . မောင်ဗညားဇော် အကြောင်းကို အားလုံးသိနေတော့ ပန်းနုသွေးနဲ့ သဘောတူတယ်၊ ဒါကြောင့်ပဲ ဒီကိစ္စကို အမြန်ဆုံး ဖြစ်စေချင်တာနဲ့ ပန်းနုသွေးမိဘတွေကို ပြောတယ်၊ ပန်းနုသွေးကို ပြောတယ်၊ အခုဆိုရင် ပန်းနုသွေး



www.burmeseclassic.com

www.burmeseclassic.com



တို့အိမ်ကို မောင်ဗညားဇော် အဝင်အထွက်တောင် လုပ်နေပြီသား”

ဖေဖေ့စကားကို နားထောင်ရင်းကပင် ပန်းနုသွေးအတွက် စိတ်မကောင်းဖြစ်သွားရတယ်။ ပန်းနုသွေးက အပျို။ ပြီးတော့ . . . ဗညားဇော်ဆိုတဲ့ပုဂ္ဂိုလ်က ဝါရော၊ ဓနဥစ္စာပါ ကြီးမားတဲ့သူ။

“ဖေဖေက အတင်းအကျပ်ကြီး သဘောတူနေတော့ ကာယကံရှင်ဖြစ်သူရဲ့ လွတ်လပ်ခွင့်ကို တစ်ဖက်သတ်ကြီး ပိတ်ပင်ရာ မကျဘူးလား၊ မတော်တဆ ပန်းနုသွေးမှာ ကိုယ်ပိုင်ရွေးချယ်ရမယ့် ကိစ္စတစ်ခုခု ရှိနေရင် ဘယ်လိုလုပ်မလဲ ဖေဖေ”

ဖေဖေကတော့ ချက်ချင်းအဖြေမပေးဘူး. .၊ သူ့ပခုံးကို ညင်သာစွာ ပုတ်ရင်းကပဲ မေမေပြောလိုက်တယ်။

“သားရယ် . . . သားသူငယ်ချင်းအကြောင်းကို သားအသိဆုံးပဲဥစ္စာ၊ သူ့ခမျာ ကျောင်းသူဘဝတုန်းက ကျောင်းစာပဲ အာရုံရှိတယ်၊ ဟော အလုပ်အကိုင်လည်း ရရော . . . အလုပ်ထဲမှာချည်း စိတ်ကိုနှစ်ထားတဲ့ မိန်းကလေး၊ ရည်းစားသနာကိစ္စကို စဉ်းစားတဲ့ မိန်းကလေးမှ မဟုတ်ဘဲကွယ်၊ မေမေတို့ကတော့ ပန်းနုသွေးဘဝအတွက်ပဲ မောင်ဗညားဇော်နဲ့ ဖြစ်စေချင်လို့ ကြိုးစားနေကြတာပဲ”

အခုဖြစ်နေတဲ့ အရေးအခင်းမှာ လူကြီးတွေနဲ့ သဘောထားချင်း ညှိလို့ရမယ်မထင်မှန်း သိလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းနုသွေးကိုလည်း စိတ်ထဲကနေ အလိုလို သနားသွားမိတယ်။ ပန်းနုသွေးနဲ့ အမြန်ဆုံးတွေ့ပြီး ဗညားဇော်ဆိုတဲ့ ပုဂ္ဂိုလ်ကိစ္စကို ဆွေးနွေးမှဖြစ်မယ်ဆိုတဲ့အသိ ချက်ချင်း ဝင်လာမိတယ်။

သူတွေးတာမမှားဘူး အခုကိစ္စမှာ ဖေဖေတို့ကြိုးစားမှု၊ ပန်းနုသွေးမိဘတွေရဲ့ တိုက်တွန်းမှုသာ ကြီးစိုးနေတာ။ ပန်းနုသွေးဘက်ကတော့ ဗညားဇော်ဆိုတဲ့ပုဂ္ဂိုလ်ကို သိပ်ပြီး အရေးမပေးဘူး။

ပန်းနုသွေးက ကာယကံရှင်၊ ပြီးတော့ အတွေ့အကြုံမရှိတဲ့ ပန်းလေးတစ်ပွင့်။ ဗညားဇော်ကိစ္စနဲ့ပတ်သက်ပြီး ပန်းနုသွေးနဲ့ ထဲထဲဝင်ဝင် ဆွေးနွေးဖြစ်ခဲ့တယ်။

"ငါ နင့်ကို မပြောဘူးဆိုတာကလည်း အခြေအနေက ဘာမှန်း မသိသေးလို့ပါ၊ နင့်ဖေဖေနဲ့ မေမေကတော့ ကိုဗညားဇော်ကို အမှတ်ပြည့်ပေးနေတယ်၊ ငါ့ဘဝမှာတော့ ကိုဗညားဇော်က အဓိကကျတဲ့လူမဟုတ်တာတော့ သေချာတယ်။ ငါ့မိဘတွေကတော့



www.burmeseclassic.com

www.burmeseclassic.com



နင့်မိဘတွေရဲ့ဆန္ဒအတိုင်း ဖြစ်စေချင်ကြတာပေါ့ဟာ”

“အဲဒီလို အလွယ်တွေးပြီး အလွယ်ပြောရမယ့်ကိစ္စ မဟုတ်ဘူး၊ ပြီးတော့ အခုအခြေအနေက နင့်နဲ့ ဗညားဇော်ဆိုတဲ့ ပုဂ္ဂိုလ်တို့ကိစ္စက သေချာသလောက်ကြီး ဖြစ်နေပြီ၊ နင့်စိတ် မပါဘဲနဲ့တော့ အိမ်ထောင်တစ်ခုကို မပြုသင့်ဘူး”

“မတတ်နိုင်ဘူး မင်းသုတရေ၊ ငါက ရည်းစားတွေ ဘာတွေ ထားဖူးတာလည်း မဟုတ်ဘူး၊ အတွေ့အကြုံလည်း မရှိဘူး၊ လူကြီးတွေ ရှာပေးတဲ့ ယောကျ်ားဟာ . . . ငါ့အတွက်တော့ အန္တရာယ်အကင်းဆုံး၊ လုံခြုံစိတ်ချရဆုံးပဲနေမှာပါဟာ”

ပန်းနုသွေးကတော့ တကယ့်ကို သွေးအေးအေးပဲ။ ဘုရားတည် ဆေးမင်ကြောင်ထိုးဆိုတဲ့ အိမ်ထောင်မှုစကားပုံကိုလည်း ခေါင်းထဲ ထည့်မယ့်ပုံ မပေါ်ပါဘူး။

“နင် ဗညားဇော်ကို ဘယ်လိုသဘောထားလဲ၊ နင့်အနေနဲ့က စားရမဲ့မဲ့သောက်ရမဲ့မဲ့ဘဝမျိုး မဟုတ်ဘူး၊ ကိုယ့်ဘဝ တင့်တယ်အောင် အားကိုးရှာရမယ့် မိန်းမတစ်ယောက်လည်း မဟုတ်ဘူး၊ ဒီတော့ဟာ . . . တစ်ခုခုမပါဘဲနဲ့တော့ အဲဒီလူကို နင် လက်မထပ်စေချင်ဘူး”

“ငါမသိဘူး မင်းသုတ၊ ပြီးခဲ့တဲ့လတုန်းက အပျော်စေ့ဒင်



www.burmeseclassic.com

www.burmeseclassic.com



တွက်ကြည့်ကြတယ်၊ ဒါကလည်း ငါ့တပည့်မလေးက ငါ့အတွက် တွက်လာပေးတာပါ၊ ငါ ဒီနှစ်ပိုင်းမှာ စန်းပွင့်မယ်တဲ့၊ စုပ်ဝင်မယ်တဲ့ မင်းသုတ၊ အခုတော့ ကိုဗညားဇော်နဲ့ ဖူးစာရှာလည်တယ်လို့ ပြော ရမလိုပဲ”

“ငါက ပွဲကြည့်ပရိသတ်ပါ၊ ကိုဗညားဇော်က အိမ်ထောင် ကျဖူးတဲ့ လူကြီး၊ ပြီးတော့ တကယ့်ဒိတ်ဒိတ်ကြဲ စီးပွားရေးသမား၊ နင့်ကို သဘောကျတယ်ဆိုတာကလည်း သူ့မှာ တွက်ကိန်းတွေ အများကြီး ရှိမယ်၊ နင်ဟာ အရမ်းတော်တဲ့ မိန်းမ၊ နင့်ကိုရွေးချယ် တာ သူ့အတွက် သူ့ဥစ္စာမနေအတွက် ဘာမှဆုံးရှုံးစရာမရှိဘူး၊ ဒီလိုပဲ နင်ကလည်း လူကြီးတွေတိုက်တွန်းတာနဲ့ ယောကျ်ားတစ်ယောက်ကို ကောက်ယူလိုက်ရတဲ့ အခြေအနေမျိုး၊ နင့်တို့နှစ်ယောက်ကြားမှာ ချစ်ခြင်းမေတ္တာဆိုတာ လုံးလုံးလျားလျား မရှိဘူးဖြစ်နေတယ် ပန်းနု သွေး”

“ချစ်ခြင်းမေတ္တာ . . . ”

“ဟုတ်တယ် ပန်းနုသွေး . . . အဲဒါ အဓိကအချက်ပဲ၊ ချစ် ခြင်းမေတ္တာမပါဘဲနဲ့တော့ နင် သူ့ကို လက်မထပ်သင့်ဘူး”

“ဟုတ်ပါရဲ့ . . . နင်ပြောမှ ငါလည်း သတိထားမိတယ်၊ ကိုဗညားဇော်က ငါ့ကို လက်ထပ်ဖို့ ကြိုးစားနေတဲ့သူ၊ တစ်နေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ငါ့ခါင်ပွန်းဖြစ်လာမှာပဲဆိုတဲ့ အသိပဲရှိတယ်၊ သူများတွေ ပြောသလို သူ့ကိုရွေးလို့ ရင်ခုန်တာတို့ သူ့အပြုအမူလေးတွေကို တစ်ယောက်တည်း ကျိတ်ပြီး ကြည်နူးမိနေတာမျိုးတို့ မဖြစ်မိတာအမှန်ပဲ”

ကြည့်နေရင်း စကားတွေပြောနေရင်းကပဲ ပန်းနုသွေးရဲ့ အမူအယာတွေကို ကရုဏာဖြစ်မိတယ်။ ပန်းနုသွေး နားဝင်အောင်တော့ ကြိုးစားပြီး ပြောပြမိတယ်။

“နင် သူနဲ့ သဘောထားချင်းညှိရလိမ့်မယ်၊ သူ့စရိုက် သူ့အမူအကျင့်တွေကို နင်လေ့လာရမယ်၊ လူကြီးတွေက သဘောကျ အောင် သဘောတူနေ နင်အချိန်ယူရမယ်၊ နင်နဲ့ သူ့ကြားမှာ ချစ်ခြင်းမေတ္တာ ရှိကိုရှိနေရမယ်၊ ယောကျ်ားတစ်ယောက်အဖို့ ဘာမှ အရေးမကြီးပေမယ့် မိန်းကလေးအတွက်ကတော့ အရမ်း အရေးကြီးတယ်၊ နင် အစစအရာရာမှာ ကံကောင်းလွန်းခဲ့တဲ့ မိန်းကလေး၊ အိမ်ထောင်ရေးမှာ ကံဆိုးမှာကိုတော့ ငါစိုးရိမ်တယ်”

“ကျေးဇူးပဲ မင်းသုတရယ်၊ နင့်ကိုပဲ အားကိုးရမှာပဲ၊ ငါက ယောကျ်ားတွေအကြောင်းကို ဘာမှသိပ်သိတာမဟုတ်ဘူး၊ ကိုဗညားဇော်နဲ့ ပတ်သက်ပြီး ငါတို့ တိုင်ပင်ကြတာပေါ့၊ နင် ကူညီဦးနော်”

ကြည့်ရင်းကြည့်ရင်းကပင် ပန်းနုသွေးကို ကရုဏာ ဖြစ်မိသလို နှမြောလည်း နှမြောနေခဲ့မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းနုသွေးနဲ့သူနဲ့က အတူနေလာတာ နှစ်တွေကြာခဲ့ပြီပဲ။ သံယောဇဉ် အများကြီး ထားခဲ့ကြသည်ပဲ။

ဒီရက်ပိုင်းတွေမှာ သူ့စိတ်ကို ပန်းနုသွေးကပဲ လွှမ်းမိုးထားတယ်။ အချိန်ပြည့်ဆိုသလိုပဲ ဒီအကြောင်းတွေကို ထပ်တလဲလဲ စဉ်းစားနေဖြစ်ခဲ့တယ်။

"မင်းကြည့်ရတာလည်း ပန်းနုသွေးလင်ယူမယ့်ကိစ္စမှာ မင်းက အလကားနေရင်း ခေါင်းပူခံနေတာပဲ၊ နှမလင်နေလို့ မောင်ဖင်ကျိန်းတယ်ပဲ ငါကြားဖူးပါတယ်ကွာ၊ မသိတဲ့သူဆိုရင် ကိုယ့်ရည်းစားကို အိမ်က အတင်းယောကျ်ားပေးစားနေလို့ အကြံရ ခက်နေတာပဲ ထင်ကြမှာ"

"ဟုတ်တယ် ကိုမင်းသုတ၊ တင်မေထွန်းလည်း သတိထားဖြစ်တယ်၊ မဟုတ်မှလွဲရော . . . ကိုမင်းသုတရဲ့ မသိစိတ်က ပန်းနုသွေးကို နှမြောတွန့်တိုနေတာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇော်ဝင်းစကားနဲ့ တင်မေထွန်းရဲ့စကားတွေက လည်း အဓိပ္ပာယ်အမျိုးမျိုးပဲ။ ပန်းနုသွေးအဖြစ်အပျက် မတိုင်ခင် ကတည်းက ကျော်ဇော်ဝင်းနဲ့ တင်မေထွန်းတို့ဖြစ်ရပ်က သူ့ကို တပ် လှန့်နေသလိုပဲ။

ကျော်ဇော်ဝင်းဆိုတဲ့ကောင်က သူ့ဌေးသား။ ခက်နေတာ က သူ့မိထွေးက ကျော်ဇော်ဝင်းကို ဒုက္ခပေးနေတယ်။ မိထွေးနဲ့ အဆင်မပြေတာနဲ့ သူနဲ့လာပေါင်းမိပြီး သူတော်ချင်းချင်း သတင်း လွှေ့ခဲ့ကြတာ။

ကျော်ဇော်ဝင်းက သူ့လိုပဲ ကောင်မလေးတွေနဲ့ တတွဲတွဲ နေခဲ့တဲ့ကောင်။ တင်မေထွန်းနဲ့ တွေ့တော့မှ ခြေငြိမ်ကျသွားတာ။ တင်မေထွန်းက တကယ့်ကို အရိုးခံမိန်းကလေး။ ဘဝကို ရုန်းကန် ရင်း ဖြတ်သန်းနေရတဲ့ မိသားစုက ပေါက်ဖွားသူ။

“အေးကွာ . . . မင်းတို့ပြောသလိုပဲ ငါ ပန်းနုသွေးကို နှမြောတာတော့ အမှန်ပဲ”

“ရှင်းရှင်းလေးပဲကွာ၊ ဗညားဇော်လက်ထဲ အရောက်မခံ နိုင်အောင်ဖြစ်နေရင် မင်းပဲ ယူလိုက်ပေါ့၊ ကိစ္စက ပြီးနေတာပဲ၊ မင်းတို့ချင်းက ပြောမနာဆိုမနာနဲ့ ငယ်ငယ်ကတည်းက သံယော ဇဉ်ဖြစ်ခဲ့ကြတဲ့ သူငယ်ချင်းတွေပဲ ဥစ္စာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုမင်းသုတ . . . တခြားနေရာမှာ သွားပြီး တော့ ကိုယ့်နှလုံးသား၊ ကိုယ့်အချစ်ကို တန်ဖိုးမဲ့စေမယ့်အစား သံယောဇဉ်ရှိပြီးသား လူဆီမှာပဲ အပ်နှံလိုက်ပါ၊ ကိုကျော်ဇော်ဝင်း ကတော့ ကျွန်မကြောင့်ပဲ အချစ်ကို နားလည်သွားခဲ့ပြီ၊ ကိုမင်းသုတ ပဲ ကျန်တော့တာနော်"

"ဒီကိစ္စကတော့ သေသေချာချာ စဉ်းစားရမယ့်ကိစ္စပဲ၊ နင်တို့နှစ်ယောက်အဖို့ လွယ်နေပေမယ့် ငါ စဉ်းစားရမှာ၊ ငါကရော ပန်းနုသွေးကို တကယ်ချစ်ရဲ့လား"

"ဟော့ကောင် . . . သိပ်ဝေးဝေး စဉ်းစားမနေနဲ့၊ အနေနီး လွန်းလို့ မင်းတို့ချင်း ဝေးနေကြတာ၊ မင်းဖြစ်နေတာ . . . ငါတို့ နှစ်ယောက်စလုံး သိနေတယ်၊ မင်း ပန်းနုသွေးကို နှမြောတယ်၊ ဘာဖြစ်တယ်ညာဖြစ်တယ် အော်နေကတည်းက မသိစိတ်မှာ ချစ် နေတယ်ဆိုတာ အရမ်းသေချာနေတယ်"

"သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့ အကြံပေးတာ ပါ ကိုမင်းသုတ၊ ပန်းနုသွေးကိုတော့ လူချင်းမမြင်ဖူးပါဘူး၊ ကြား ရတဲ့ စကားတွေအရ မပန်းနုသွေးဟာ ကိုမင်းသုတရဲ့ ချစ်သူ အဖြစ်သင့်ဆုံးပဲ၊ ဘဝတစ်သက်တာအဖော်လည်း ဖြစ်သင့်ဆုံးလူပဲ"

ကျော်ဇော်ဝင်းနဲ့ ခင်မေထွန်းတို့ကတော့ ပြောကြတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်ပေါ့။ ခင်မေထွန်းကို ကျော်ဇော်ဝင်းက လက်ထပ်ဖို့ စဉ်းစားပြီး သား။ ဘယ်လောက်ထိ အရဲစွန့်သလဲဆိုရင် ခင်မေထွန်းကိုသာ ယူရင် ကျော်ဇော်ဝင်းမိထွေးက အကြိုက်တွေ့ပြီး ကျော်ဇော်ဝင်း အဖေကြီးက အမွေဖြတ်မှာ သေချာနေတယ်။

သူတို့နှစ်ယောက် အမြီးပြတ်သလိုပဲ သူ့ကိုပါ သေဖော်ညှိ နေကြသည်လား မသိ။

သူ့ခေါင်းထဲမှာ ပန်းနုသွေးအကြောင်းကတော့ နေ့နေ့ ညည နေရာယူထားလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com

# (၇)

တစ်နေ့လုံး အလုပ်ထဲမှာ ပင်ပန်းခဲ့သည်။

အခုချိန်အထိ အနားမယူသေးတာလည်း ပါမည်။

မင်းသုတ ဒုက္ခပေးလို့ စိတ်ညစ်ညူးတာလည်း ပါမည် ထင်၏။

ပင်ပန်းမှု စိတ်ပျက်အားငယ်မှုတို့ကြောင့်ပင် မှေးခနဲ သူမ အိပ်ပျော်သွား၏။

လမ်းက အတော်လေးကြမ်းသည်။

ချိုင့်ထဲသို့ ကားဘီးအကျမှာပင် မှေးနေရာမှ လန့်နိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ငိုက်နေမှန်းသိလို့ ငါလည်း ထိန်းမောင်းတာပဲ . . . ဆောရီးပဲ ပန်းနုသွေး"

"နင် တစ်ညလုံး ဒီအတိုင်းပဲ မောင်းနေတော့မှာလား မင်းသုတ . . . "

"ကျိုက်ထို ရောက်အောင်တော့ မောင်းရမှာပဲ၊ အဲဒီ ရောက်မှ နင့်အခြေအနေကို ကြည့်ပြီး တည်းခိုခန်းမှာ ခဏ နားသင့် မနားသင့် ငါစဉ်းစားမယ်"

"ဘာပြောတယ် မင်းသုတ"

"ဒီလိုပါ . . . နင် ကောင်းကောင်းအိပ်လို့ရအောင် တည်း ခိုခန်းမှာ စေတနာနဲ့ ပေးအိပ်မလို့ပါ။ ငါကတော့ ဒီကားပေါ်မှာပဲ အိပ်မှာပါ။ ဒီအစီအစဉ်က နင့်သဘောထားပေါ်မှာပဲ အပြောင်း အလဲ ဖြစ်သွားနိုင်တယ်"

"ငါ့သဘောထားကတော့ . . နင် ကမ္ဘာဆုံးရောက်အောင် မောင်းလည်း ပြောင်းလဲမှာ မဟုတ်ဘူး မင်းသုတ၊ နင့်ကို ကြိုး စင်ရောက်အောင်ကို ပို့မယ်၊ ငါ့ကိုယ်ကျင့်သိက္ခာကို မညှာမတာ အရောင်ဆိုးခဲ့တဲ့အတွက် နင့်ကို လုံးဝခွင့်မလွှတ်နိုင်ဘူး"

ဘုရားကြီးကျော်ကတည်းက လမ်းတစ်လျှောက် မောင်းလို့ မရအောင်ပင် ကြမ်းတမ်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲမှာ မင်းသုတက လူတတ်ကြီးလုပ်ပြီး ကားကို အရှိန်မလျှော့ချင်။

မရင်းနှီးသော လမ်းအနေအထားမို့ သူတို့စီးလာသော ကားလေးမှာ အတော်လေး သနားစရာကောင်းနေ၏။

ကားမဟုတ်လို့သာ တော်သေးသည်။ လူသာဆိုရင်တော့ ဒီလမ်းပေါ်ကနေ ချက်ချင်းထွက်ပြေးမှာ သေချာ၏။

"ပန်းနုသွေးရယ် . . . နင်ရယ်ငါရယ်က အခုမှ တွေ့ကြတဲ့ သူတွေ မဟုတ်ပါဘူး၊ သံယောဇဉ်တွေနဲ့ နှစ်ပေါင်းများစွာ နေထိုင် လာခဲ့ကြတဲ့ ငယ်ပေါင်းကြီးဖော်တွေပါဟာ"

"အခုချိန်မှာ အဲဒါတွေ ဘာမှမရှိတော့ဘူး မင်းသုတ၊ နင် မြေကြီးပေါ် ချနင်းပြလိုက်လို့ ဘာမှသုံးစားမရတော့ဘူး၊ ငါ့မျက်စိ ထဲမှာ ငါ့ရင်ထဲမှာတော့ နင့်လောက်ယုတ်မာတဲ့သူ မရှိနိုင်တော့ဘူး"

"နင့်ကို ငါချစ်တယ်ဆိုတာကို . . . နင် လုံးဝ လက်မခံနိုင် ဘူးလား ပန်းနုသွေး"

"လက်ခံဖို့ မပြောနဲ့၊ နင့်ကို သေအောင်သတ်ချင်နေတာ၊ ငယ်စာရင်းကလည်း နင့်ကို လုံးဝပယ်လိုက်ပြီးပြီ"

"ဒါဆို ငါလုပ်ခဲ့တာတွေအားလုံးဟာ နင်နဲ့ ဝေးရုံတင် မကဘူး၊ ရှိပြီးသားသံယောဇဉ်တွေကိုတောင် ဆုံးရှုံးရမလို ဖြစ်နေပြီ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ . . . ဟုတ်လား ပန်းနုသွေး”

“နင် နောင်တရလည်း ခရီးက လွန်နေပြီ၊ ငါ့ပတ်ဝန်းကျင်မှာတော့ အမည်းစက်တစ်ခုကို ငါ အလိုမတူဘဲ စွန်းထင်းသွားပြီ၊ လုံးဝ မေ့ပျောက်လို့မရတဲ့ ငါ့အတွက် အိပ်မက်ဆိုးကြီးတစ်ခုကို နင် ဖန်တီးယူလိုက်တာပဲ မင်းသုတ”

ဒီအချိန်ကျမှ မင်းသုတနောင်တရပြီး နောက်ကြောင်းပြန် လှည့်ရင်လည်း ဘာမှထူးတော့မှာ မဟုတ်ပေ။

ရန်ကုန် ပြန်ရောက်လည်း နောက်နေ့ကူးနေပြီ။

မင်းသုတ လုပ်ခဲ့ကိုင်ခဲ့ပုံတွေကြောင့် . . . အကြီးအကျယ် နာမည်ပျက်ရတော့မည်ပဲ။

“ငါ နင့်ကို ပြောခဲ့ဖူးပါတယ်၊ ချစ်ခြင်းမေတ္တာမပါဘဲ လူတစ်ယောက်နဲ့ တစ်ဘဝလုံး နေသွားဖို့မဖြစ်သင့်ဘူးဆိုတာလေ၊ ငါ နင့်ကို ကြည့်ရင်းကြည့်ရင်း သနားလာတယ်၊ ပြီးတော့ ဗုဒ္ဓါး



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဆိုတဲ့ပုဂ္ဂိုလ်ရဲ့ လက်ထဲကို ထည့်လိုက်ရမှာ နှမြောလာတယ်၊ သူများတွေပြောကြသလိုပဲ အနေနီးလွန်းလို့ ငါ့နှလုံးသားက နင့်ကို မမြင်သာခဲ့တာ၊ ဗညားဇော်ဆိုတဲ့လူသာ မပေါ်လာရင် ငါတို့ဟာ ဒီအတိုင်းပဲ နေသွားကြမှာ သေချာတယ်၊ ငါ နင့်ကို အဆုံးရှုံး မခံနိုင်ဘူးဆိုတာက ချစ်နေမိလို့ပဲ ပန်းနုသွေး”

နားထောင်လို့ကောင်းသော မုသားစကားတွေပင်။

ကိုဗညားဇော် လက်ထပ်ခွင့်တောင်းသည်ကိုပင် အပြစ်မြင်ရတော့မလိုလို။

“စကားတတ်တိုင်း ပြောမနေနဲ့ မင်းသုတ၊ တကယ်တော့ နင့်မှာ ငါနဲ့ပတ်သက်ပြီး အတ္တများတာ၊ မုဒိတာမပွားနိုင်တာ ရှင်းနေတာပဲ၊ နင်က မိဘအရှိန်အဝါနဲ့ ပညာကို ကောင်းကောင်း မသင်ဘူး၊ မိန်းကလေးတွေနဲ့ ပွေချင်သလို ပွေတယ်၊ အလုပ်အကိုင်ဆိုတာလည်း ဘာမှ မယ်မယ်ရရရှိတာ မဟုတ်ဘူး၊ ငါကတော့ ငါ့ကြိုးစားမှုနဲ့ငါ အောင်မြင်နေတာ၊ ဒီကြားထဲ ကိုဗညားဇော်ဆိုတဲ့လူနဲ့ လက်ထပ်တော့မယ်ဆိုတော့ ငါ့ဘဝကို နင် ဘယ်လိုမှ လိုက်မီတော့မှာ မဟုတ်ဘူး၊ နင့်ရဲ့ ယုတ်မာတဲ့စိတ်၊ မုဒိတာမဖြစ်နိုင်တဲ့ စိတ်တွေကြောင့်ပဲ ငါ့ဘဝတက်လမ်းကို ပျက်စီးရာပျက်စီးကြောင်း လုပ်လိုက်တာ မဟုတ်လား၊ အချစ်ကို ခုတုံးမလုပ်ချင်ပါနဲ့ မင်းသုတ၊ အချစ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို ငါ သေသေချာချာ နားမလည်ပေမယ့် နင့်ရဲ့အချစ်ကို တော့ ဘယ်လိုမှ ငါ တန်ဖိုးထားနိုင်မှာ မဟုတ်ဘူး”

“မဟုတ်ဘူး ပန်းနုသွေး၊ နင် အရမ်း အတွေးမချော်နဲ့၊ နင့်စကားတွေက ငါ့စိတ်ကိုရော ငါ့နှလုံးသားကိုပါ အရှင်လတ်လတ် ငရဲပြည်ပို့လိုက်တာနဲ့ အတူတူပဲ”

မင်းသုတအသံတွေက ဒေါသသံနှင့်အတူ ဝမ်းနည်းမှုတွေလည်း ရောယှက်နေ၏။

လမ်းကြမ်းတာကို မေ့လျော့နေတာများလား။

အရှိန်ကို တမင်မြှင့်ပြီး တရကြမ်း မောင်းနေပြန်၏။

“ကားကို ဖြည်းဖြည်းမောင်း မင်းသုတ၊ လမ်းဆိုးနေတဲ့ အထဲ တစ်ခုခုဖြစ်ရင် ထိန်းရသိမ်းရခက်မယ်”

အဝေးပြေးလမ်းဆိုတော့ မျက်နှာချင်းဆိုင်မှ လာနေသော ကားတွေကလည်း ရှိသလို လမ်းပေါ်မှာရပ်ထားသော ကုန်ကားတွေကလည်း ရှိနေ၏။

“တစ်ခုခုဖြစ်မှာကို နင်တွေးကြောက်နေတာလား ပန်းနုသွေး၊ ဒါနဲ့ စောစောကပြောတော့ နင် သေချင်လို့ဆို၊ နင် တကယ် မသေရဲလို့ ငါ့ကို သတိပေးနေတာ မဟုတ်လား၊ ငါကတော့ နင့်နဲ့ အတူတူသေမယ်ဆိုရင် အခုချက်ချင်း သေရဲတဲ့သတ္တိရှိတယ်”



www.burmeseclassic.com

www.burmeseclassic.com



မင်းသုတ၏ အမူအယာ၊ စကားသံတွေကြောင့်ပင် သွေးပျက်စပြုလာပြီ။

အခုအချိန်မှာတော့ သူမကို ကယ်သူဝေးခဲ့ပြီ။

မင်းသုတလက်ထဲမှာပင် ဘာတွေဆက်ဖြစ်ဦးမည် မသိပေ။

ကိုဗညားဇော်ကို ပြေးမြင်မိ၏။

အခုလိုအချိန်မှာ . . ကိုဗညားဇော်တစ်ယောက် ဘာတွေဆုံးဖြတ်ပြီး ဘယ်လိုယူဆနေမိ မသိပေ။

သူမ ဒုက္ခကြုံနေရခြင်းကိုတော့ အလျှဥ်းသိနိုင်မှာ မဟုတ်ပါဘူးလေ . . . ။

"ကျော်ဇော်ဝင်းနဲ့ ခင်မေထွန်းတို့အကြောင်းကို ငါ ပြောပြဖူးပါတယ်၊ ကျော်ဇော်ဝင်းက သူဌေးသား၊ သူ့ဘဝနဲ့သူ အရွဲ့တိုက်ပြီး လေလွင့်နေတာ၊ နင်တို့စကားနဲ့ပြောရင် မိန်းမရှုပ်တဲ့သူ၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ခင်မေထွန်းကို သူချစ်သွားတဲ့အချိန်ကစပြီး အားလုံးပြောင်းလဲသွားတယ်၊ သူနဲ့ငြိခဲ့တဲ့ မိန်းကလေးတွေထဲမှာတော့ ခင်မေထွန်းက အချို့တဲ့ဆုံးပဲ၊ ဒါပေမဲ့ ခင်မေထွန်းကို လက်ထပ်ယူဖို့ ကျော်ဇော်ဝင်းဆုံးဖြတ်ပြီးသား"

"ကျော်ဇော်ဝင်းနဲ့ ခင်မေထွန်းကိစ္စက တကယ်ဖြစ်တာ၊ အဲဒါ ငါတို့နဲ့ဘာဆိုင်လဲ"

"ဆိုင်လို့ပြောတာ ပန်းနုသွေး၊ သူတို့နှစ်ယောက် အဖြစ်အပျက်က ငါ့နှလုံးသားကို ပထမဆုံး တပ်လှန့်ပေးလိုက်တာပဲ၊ ပြီးတော့ ဗညားဇော်ဆိုတဲ့သူ ပေါ်လာတယ်၊ ငါ စဉ်းစားကြည့်တယ်၊ ငါတို့လို ရှုပ်ခဲ့ပွေခဲ့တဲ့သူတွေတောင် တစ်နေ့မှာတော့ ကိုယ် တန်ဖိုးထားရမယ့်သူ၊ ကိုယ်ချစ်ရမယ့်သူကို တွေ့ကြသေးတာပဲ၊ နင့်ဘဝမှာလည်း တစ်နေ့ ရှိလာနိုင်မယ်ဆိုတာ ငါ ကိုယ်ချင်းစာကြည့်တယ်၊ အဲဒီ ကရုဏာတရားကနေပဲ နင့်ကို ငါချစ်နေမှန်း သိသာသွားစေခဲ့တာပဲ"

ဒီကိစ္စတွေ မဖြစ်ခင်တုန်းအချိန်အထိ ကိုဗညားဇော်ကို လက်ခံဖို့ကိစ္စအတွက် မင်းသုတအား အကြိမ်ကြိမ် တောင်းခဲ့သည်။

အဲဒါကိုက သူမအမှားပင်။

ကျော်ဇော်ဝင်းနှင့် ခင်မေထွန်းတို့ နှစ်ယောက်စလုံးကို



www.burmeseclassic.com

www.burmeseclassic.com



မမြင်ဖူး မတွေ့ဖူး။

မင်းသုတပြောပြလို့သာ သူတို့နှစ်ယောက်အကြောင်းကို သိနေခဲ့၏။

"နင်ချစ်တဲ့ကိစ္စကိုတော့ ခဏထားလိုက်ပါဦး၊ နင် စဉ်းစားရမှာက နင့်လိုလူမျိုးကို ငါက ချစ်သူအဖြစ်နဲ့ ဘဝကြင်ဖော်အဖြစ်နဲ့ တစ်သက်လုံး လက်တွဲဖို့ ဖြစ်နိုင် မဖြစ်နိုင်ဆိုတာ နင် လုံးလုံးမတွေးမိဘူးလား၊ မိန်းမတစ်ယောက်ရဲ့ဘဝကို လုံခြုံဖို့ အားကိုးအားထားပြုရဖို့ စွမ်းဆောင်နိုင်တဲ့ ယောကျ်ားထဲမှာ နင် ပါရဲ့လား"

"ပြောပါ ပန်းနုသွေး . . . ဒီအချိန်မှာ ငါ အပြောခံရမယ်ဆိုတာကို ငါသိပါတယ်၊ ပြီးခဲ့တာတွေအတွက် အရိပ်မည်းဆိုတာ လွယ်လွယ်နဲ့ မပျောက်မှန်း ငါသိတယ်၊ ဒါပေမဲ့ ရှေ့ဆက်မယ့်ခရီးမှာ ငါ ဘယ်လိုစခန်းသွားမလဲဆိုတာကို နင် စိတ်မဝင်စားတော့ဘူးလား ပန်းနုသွေး"

ဒီတစ်ခါ အငိုက်မိသွားသလို၊ မင်းသုတစကားတွေကို လိုက်စဉ်းစားမိသူက သူမကိုယ်တိုင် ဖြစ်နေ၏။

ချက်ချင်းဆိုသလိုပင် ဦးနှောက်ကို အလုပ်မလုပ်တော့ဘဲ အကြောက်အကန် ငြင်းဆိုလိုက်ရ၏။

"စိတ်မဝင်စားနိုင်ဘူး၊ ငါ့မှာ ကိုဗညားဇော် ရှိနေပြီးသား"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်တာ၊ ဗညားဇော်ဆိုတဲ့ပုဂ္ဂိုလ်ကို နင် စိတ် မဝင်စားပါဘူး၊ လူကြီးတွေရဲ့ တိုက်တွန်းမှုကြောင့်သာ နင် လက်ခံနေရတာ မဟုတ်လား၊ နင် တွေးကြည့်စမ်း ပန်းနုသွေး . . . ဗညားဇော်အပေါ်ထားတဲ့ သံယောဇဉ်နဲ့ ငါ့အပေါ်ထားတဲ့ သံယောဇဉ်က ဘယ်ဟာပိုမယ်လို့ ထင်လဲ"

ကားကလည်း ဆက်လက်ပြေးလွှားနေဆဲ ဖြစ်နေသလို၊ ကားတံခါးကလည်း အလွယ်တကူဖွင့်လို့မရ။

တတ်နိုင်ပါက မင်း သုတနှင့် လွတ်ရာကို ပြေးချင်တော့၏။

မင်းသုတ၏စကားများကို ဆက်လက်နားထောင်လိုစိတ် မရှိချင်တော့ပေ။

"ပြီးခဲ့ပြီ မင်းသုတ၊ အဲဒါတွေ အားလုံးကို နင် ဖျက်စီးပစ်ခဲ့ပြီးပြီပဲ"

"နင် စိတ်ထင်နေလို့ပါ၊ ငါ နင့်ကိုချစ်တယ် ပန်းနုသွေး၊ နင်နဲ့အတူတူ တို့နှစ်ယောက်ရဲ့ဘဝသစ်ကို တည်ဆောက်ချင်တယ် ပန်းနုသွေးရာ"

"ငါ နင့်ကို မချစ်နိုင်ဘူး၊ ငါ့နှလုံးသားက နင့်ကို လက်ခံလောက်အောင် မမိုက်မဲသေးဘူး"

"ဒါဆိုရင်လည်း ပြီးပါတယ်၊ အခုလည်း နင်နဲ့ ဗညားဇော်



www.burmeseclassic.com

www.burmeseclassic.com



တို့ စေ့စပ်ပွဲက ပျက်သလောက်နီးပါး ဖြစ်နေပြီ၊ နင် လက်ခံလာနိုင်တဲ့အထိ ငါကြိုးစားမယ် . . . ဘယ်လိုသဘောရလဲ ပန်းနုသွေး”

မင်းသုတစကားတွေကပဲ သူမကို လွှမ်းမိုးထားနိုင်သည်လား၊ ဒါမှမဟုတ် ပင်ပန်းအားငယ်မှုများကြောင့်ပဲ အတွေးတို့ကျဆုံးခြင်းလေလား . . . မကွဲပြား။

တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချဖို့ အင်အားတွေ မရှိတာတော့ အမှန်ပင်။

“မကြိုးစားနဲ့၊ ငါ ဘယ်တော့မှ အသိအမှတ်ပြုမှာ မဟုတ်ဘူး၊ ကုန်ကုန်ပြောမယ် . . . နင့်မျက်နှာကိုရော၊ နင့်အသံကိုပါ ငါ မကြားချင် မမြင်ချင်တော့ဘူး”

“ဘာလဲ ပန်းနုသွေး . . . နင့်ကိုယ်နင် လှည့်စားနေတာမဟုတ်လား၊ ဗညားဇော်ဆိုတဲ့ပုဂ္ဂိုလ် ရှိနေပါလျက် ငါ့လိုလူမျိုးကိုနင် လက်မခံရဘူးလို့ နင့်ဦးနှောက်က အတင်း ဆုံးဖြတ်နေတာမဟုတ်လား၊ နင့်နှလုံးသားရဲ့ ပကတိအရှိတရားကို ငါ လှမ်းမြင်နေရပါတယ် ပန်းနုသွေးရယ်”

“နင်ဟာလေ အရမ်းယုတ်မာပြီး အတ္တကြီးတဲ့ ယောကျ်ားတစ်ယောက်၊ ကိုယ့်ကိုယ်ကိုယ်လည်း အထင်ကြီးလွန်းတယ်”

“အထင်ကြီးတာ မဟုတ်ဘူး ပန်းနုသွေး၊ နင် ဆုံးဖြတ်ချက်



www.burmeseclassic.com

www.burmeseclassic.com



မှားတာနဲ့ နင်ရောငါရော မြင်နေတွေ့နေလျက် ကြေကွဲနေရမယ့် အဖြစ်ကို မကြုံချင်လို့ပါ”

ဝမ်းနည်းခြင်း၊ ရှက်ကြောက်ခြင်းများဖြင့် ရောပွမ်းနေပြန်၏။

မင်းသုတကို နိုင်ချင်သောစိတ်ဖြင့် ပါးစပ်ထဲရှိရာကို ပြောချလိုက်သည်။

“ငါ့ဆုံးဖြတ်ချက်ဟာ တကယ့်အမှန်တရားပဲ၊ ဘယ်တော့မှ မှားမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ . . ကိုဗညားဇော်ကို ငါ ချစ်နေလို့ပဲ မင်းသုတ”

“ဘာပြောလိုက်တယ်”

မင်းသုတ အရှိုက်ကို တစ်ခဏချင်း ထိခတ်သွား၏။

ဒေါသထွက်နေသော ကျားတစ်ကောင်လိုပင် မင်းသုတ မျက်လုံးတွေ ဝင်းဝင်းတောက်နေ၏။

မျက်နှာကို ရုတ်ခြည်းကျရောက်လာသော အလင်းကြောင့်ပင် အော်ဟစ်မိလိုက်သည်။

“ရှေ့မှာ . . . . ကား . . . ”

သူမအပြော နောက်ကျသွားခဲ့သည်။

ခေါင်းချင်းဆိုင်ခါနီးမှပင် မင်းသုတ လမ်းဘေးသို့ ဆွဲချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

မျက်နှာချင်းဆိုင်ကားကို လွတ်သွားခဲ့သော်လည်း . . .။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( နှစ် )

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ရင်ကမ်းပါးတွေကြောင့်

ဘယ်နားမှာသောင်ထွန်း

ဘယ်ကျွန်းတွေပေါ်လို့

မခေါ်သာ ....

မမျှော်သာ အဖြစ်နဲ့

အိပ်မက်မြစ်မှာစုန်ဆန် ...

ဒဏ္ဍာရီတွေ ကျန်ခဲ့ပြီ ...။

www.burmeseclassic.com

www.burmeseclassic.com

# (၁)

အဖြစ်အပျက်တွေက တကယ့်ကို မြန်ဆန်လွန်းလှသည် . . . ဟု ဆိုရမည်။ လမ်းဘေးမှာရပ်ထားသော ကုန်တင်ကားကို အရှိန်ဖြင့် ဝင်တိုက်မိတာပဲ နောက်ဆုံး အမှတ်ရလိုက်သည်။

ဒီနောက်ပိုင်းအဖြစ်အပျက်များကိုတော့ သူမ လုံးဝ မသိရတော့ပေ။

သူမ သတိရချိန်မှာတော့ ပဲခူးဆေးရုံ၏ ခုတင်ထက်မှာ ရောက်နေတော့သည်။

"သမီးလေး သတိရပြီလား"

နာကျင်မှုများစွာဖြင့် ပထမဆုံး အမေ့ကို မြင်တွေ့လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မေမေရယ်"

သူမအသံမှာ တိုးတိုးလေး။ ဖြစ်ပျက်ခဲ့သမျှတွေအတွက် ဝမ်းနည်းစိတ်ဖြင့် အမေ့ရင်ခွင်ထဲဝင်ကာ ငိုချလိုက်ချင်သော်လည်း အခြေအနေက မပေးပေ။

"မငိုနဲ့လေ သမီး၊ အားလုံးအတွက် အမေတို့ ခွင့်လွှတ်ပါတယ်၊ မသေကောင်း မပျောက်ကောင်း သမီးလေးရယ်"

ပါးပြင်ပေါ်သို့ လှိမ့်ဆင်းကျလာသော မျက်ရည်များကို မေမေသုတ်ပေးနေစဉ်မှာပင် အခန်းတွင်းသို့ ဖေဖေဝင်လာ၏။

"သမီးလေး သတိရလာပြီ"

"ဒါဆိုရင်တော့ မနက်ဖြန်လောက်ဆို ရန်ကုန်ခေါ်သွားလို့ ရပြီပဲ၊ ရန်ကုန်ရောက်ရင် ဆေးရုံပြောင်းတင်ဖို့ရော ကားအတွက်ပါ မောင်ဗညားဇော် အားလုံးစီစဉ်ပေးသွားခဲ့တယ်လေ"

အဖေ့နှုတ်ထွက်စကားကြောင့်ပင် ကိုဗညားဇော်မျက်နှာကို ပြေးမြင်မိ၏။ မြင်မက်ခဲ့ရသော အိပ်မက်ဆိုးတွေကြောင့်ပင် ရင်တုန်မပြေချင်သေးပေ။

"သူရှိနေလား အမေ"

"ဘယ်သူလဲ သမီးလေး မင်းသုတလား၊ ဒီမနက်ပဲ သူ့



www.burmeseclassic.com

www.burmeseclassic.com



သဘောနဲ့သူ ဆေးရုံက ဆင်းသွားခဲ့တယ်သမီး”

မင်းသုတဆိုတဲ့ဂြိုဟ်ဆိုးက မသေမပျောက်ဘဲ ရှိနေသေးတာကိုး။

“ကိုဗညားဇော် . . .”

“ဆေးရုံကအကြောင်းကြားလို့ အမေတို့နဲ့အတူ လိုက်လာခဲ့တာ၊ အလုပ်ကိစ္စတွေကြောင့် သူပြန်သွားတယ် သမီး၊ ဖြစ်ခဲ့တဲ့ကိစ္စတွေအတွက် မျက်နှာတော့ ပူစရာပေါ့ကွယ်”

အဖြစ်အပျက်တွေကို လူကြီးတွေရော၊ ကိုဗညားဇော်ပါ ဘယ်လိုယူဆနေသည် မသိ။ မင်းသုတဆိုတဲ့သူကတော့ အကြောင်းစုံကို ရှင်းပြရဲမှာ မဟုတ်မှန်း သိနေသည်။ ချော်လဲရောထိုင်လုပ်ပြီး တမင်ရှောင်ထွက်သွားတာ သေချာလှ၏။

“အမေတို့ကိုလည်း ရှင်းပြချင်တယ် . . ပြီးတော့ ကိုဗညားဇော်ကိုလည်း ပြောပြချင်သေးတယ်”

သူမရင်ထဲမှာတော့ မီးနှယ်ပူနေသလို ကြောက်ရွံ့မှုတွေကလည်း ထုထည်ကြီးမားနေ၏။

အဖေကတော့ သူမကို စကားဆက်ပြောခွင့် မပေးသလို ဆရာဝန်များကလည်း အနားယူဖို့ ပြော၏။

“လူနာကို သိပ်စကားမပြောပါစေနဲ့ဦး”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်သမီး၊ သမီးခေါင်းမှာ ဒဏ်ရာတွေနဲ့လေ၊ အနားယူလိုက်ပါ သမီး၊ ဖြစ်ပြီးမှတော့ အကောင်းဆုံးဖြစ်အောင် စီစဉ်ကြတာပေါ့ကွယ်"

အဖေဆိုလိုသည်ကို နားလည်လိုက်၏။ မင်းသုတကတော့ ဘာတွေထပ်မွှေထားပြန်သည် မသိ။

ရန်ကုန်ရောက်ရင်တော့ အားလုံးကို ဖွင့်ချပြပြီး၊ မင်းသုတကို တရားစွဲမည်ဟု ဆုံးဖြတ်လိုက်မိသည်။

ရန်ကုန်ရောက်ရောက်ချင်းမှာ လူ မစုံသေးသောကြောင့် ချက်ချင်း ဖွင့်မချပြဖြစ်ခဲ့။ အမေကတော့ သူမအနားမှာ အမြဲရှိနေခဲ့၏။ ကိုဇညားဇော်ကတော့ ရန်ကုန်ရောက်သည့်တိုင် အရိပ်အယောင်မျှ မမြင်မရသေးပေ။ မင်းသုတ ကောက်ကျစ်ခဲ့သမျှကို ဖွင့်ချပြချိန်၌ ကိုဇညားဇော် နားထောင်စေချင်တာလည်း ပါ၏။

"ကိုဇညားဇော်က ဆေးရုံကို ဘာလို့ မလာသေးတာလဲ



www.burmeseclassic.com

www.burmeseclassic.com



အမေ”

ရုတ်တရက်ကြီး ကောက်ခါငင်ခါ မေးလိုက်သောကြောင့် အမေ အံ့အားသင့်သွားပုံရသည်။ သူမကို နားမလည်သလို ကြည့် ရင်းကပင် အမေပြော၏။

“နေပါဦး သမီးလေး . . . အမေ သတိထားမိတာ တစ်ခုရှိ တယ်၊ ပဲခူးမှာတုန်းကလည်း သမီးလေး သတိရရချင်းမှာ မောင် ဗညားဇော်ကိုပဲ အရင်မေးတယ်၊ အခု ရန်ကုန်ပြန်ရောက်တော့ လည်း မောင်ဗညားဇော်ကိုပဲ ထပ်မေးပြန်ပြီ၊ သူက လူကိုယ်တိုင် လာတွေ့ဖို့ မျက်နှာပူနေလို့ပါ သမီး၊ ဒီနေ့များ သမီးအဖေတို့နဲ့ ရောက်လာမလား မပြောတတ်ဘူး”

“သမီး ကိုဗညားဇော်နဲ့ တွေ့ချင်တယ် မေမေ”

“သမီး လူမှားနေပြီထင်တယ်၊ တကယ်ဆို သမီးလိုပဲ တခြားဆေးရုံတစ်ရုံပေါ်မှာ ရောက်နေတဲ့ မင်းသုတရဲ့ ကျန်းမာရေး အခြေအနေကို သမီးမေးရမှာလေ”

အခုအချိန်မှာ အမေ့ကိုပြောပြလိုက်ရင် ကိစ္စက ပြီးသွား မည်။ လူစုံတက်စုံရှေ့မှ အဖြစ်မှန်ကို ဖွင့်ချချင်၏။ အမေကတော့ မင်းသုတဇာတ်ရှုပ်ခဲ့သမျှတွေကို စိတ်စွဲနေပုံရ၏။

“အခုအချိန်မှာ မင်းသုတအကြောင်းက အရေးမကြီးဘူး



www.burmeseclassic.com

www.burmeseclassic.com



အမေ၊ ကိုဗညားဇော်အကြောင်းသာ အရေးကြီးနေတာ”

“သမီးလေး ခေါင်းကဒဏ်ရာကြောင့် တစ်ခုခုများ ဖြစ်နေလားဟင်၊ မင်းသုတလည်း အသက်ရှင်နေဆဲပါ၊ အမေတို့ ဘာမှ မလိမ်ညာပါဘူး၊ သူနေကောင်းရင် သမီးလေးဆီကို လာတွေ့မှာပါ”

အမေတို့ရှိုးပုံကတော့ တကယ့်ကို ရယ်ချင်စရာဖြစ်နေ၏။

မင်းသုတ တစ်ခုခုဖြစ်သွားပြီလားဆိုသောစိတ်ကြောင့် ကယောင်ချောက်ချားတွေ သူမ ပြောဆိုနေသည်ဟု အမေထင်နေသည်။

“ကဲပါ အမေရယ် . . . သမီးအတွက်နဲ့ အမေလည်း ပင်ပန်းလှပြီ၊ အမေနားတော့ သမီးလည်း အိပ်ချင်တယ်၊ ဒါပေမဲ့ သမီး အိပ်ပျော်နေတုန်း ကိုဗညားဇော် ရောက်လာရင် နှိုးလိုက်နော် အမေ . . . မမေ့နဲ့ဦးနော် အမေ”

“အေးပါကွယ်”

သူမ၏ ဟန်ဆောင်မှုတွေလား၊ ကယောင်ချောက်ချား ပြောမှုလေလားဟု အမေ ဝေခွဲရခက်နေပုံရသည်။ မကြာခင်မှာတော့ အားလုံးကိစ္စတွေကို လူကြီးတွေ သိရပေတော့မည်။ သူမ၏ တောင်းဆိုမှုအတွက်လည်း လူကြီးတွေရော ကိုဗညားဇော်ပါ အကျပ်ရိုက်သွားကြမှာ သေချာ၏။

www.burmeseclassic.com



သူမကတော့ မင်းသုတကို အမှုဖွင့်ဖို့ အကြံကြီးစွာဖြင့် စောင့်ဆိုင်းနေဖြစ်၏။

တကယ်တမ်းကျတော့ သူမ မျှော်လင့်ထားသည်ထက်ပင် လူက စုံနေသေး၏။ ကိုဗညားဇော်နှင့်အတူ အဖေပါသလို . . .၊ မင်းသုတ၏မိဘများလည်း ရောက်လာကြသည်။ သူမ, ပြောခါနီး လေးမှာပင် ခိုင်ဝါလည်း ထပ်ရောက်လာ၏။

“ခိုင်ဝါ . . . မမကို ထူပေးစမ်းပါ၊ ထိုင်ပြီးတော့ အားလုံး နဲ့ စကားပြောချင်လို့ပါ”

သူမ,ခိုင်းစေသည့်အတိုင်းပင် ခိုင်ဝါက သူမ, ဖြစ်ချင်သည့် အတိုင်း အကူအညီပေး၏။ ခုတင်ပေါ်မှာပင် ခိုင်ဝါ့အကူအညီဖြင့် သူမ ထထိုင်လိုက်သည်။

“အခုအချိန်မှာ သမီးအနေနဲ့ ရှေ့မျက်နှာနောက်ထားပြီး စကားပြောရတော့မှာပဲ၊ မပြောလို့လည်းမဖြစ်တော့တဲ့ အခြေအနေ

www.burmeseclassic.com

www.burmeseclassic.com



မို့ပါ၊ သမီးအနေနဲ့ မင်းသုတကို အမှုဖွင့်ပြီး တရားစွဲချင်ပါတယ်”

“မမ . . .”

အခုမှရောက်လာသော ခိုင်ဝါသည်ပင် အလွန်အမင်း အံ့သြသွားပုံရသည်။ ကိုဗညားဖော်ကတော့ အတော်ကြီး အံ့အားသင့်နေပုံရသည်။ အမေနှင့်အဖေကတော့ သူမ တစ်ခုခု ဖြစ်နေပြီလားဟု မျက်လုံးအဝိုင်းသားဖြင့် ကြည့်နေကြသည်။

မင်းသုတနှင့်ပတ်သက်ပြီး ပြောမယ့်ပြောတော့လည်း ဘယ်သူမှ ထင်မှတ်ထားခြင်းမရှိသော စကားဖြစ်နေသည်လေ။

မင်းသုတဖေဖေကတော့ အကျိုးအကြောင်းသိလိုခြင်းကြောင့် သူမကို မေးတော့၏။

“သမီးလေးနဲ့ မင်းသုတတို့ ကားတစ်စီးနဲ့ ထွက်ပြေးကြတယ်၊ မထင်မှတ်ဘဲ ကားတိုက်မှုဖြစ်တယ်၊ ဒီအထိတော့ အားလုံးသိနေကြတယ်၊ အခုချိန်ထိ မင်းသုတကလည်း ဒီကိစ္စနဲ့ ပတ်သက်ပြီး ဝေဝါးနေတုန်းပဲ၊ သမီးလေးကို လာမတွေ့ဘူး ဆိုကတည်းက စိတ်ထဲမှာတော့ အထင်သား၊ ဘာမှ အားမနာနဲ့သမီး၊ သမီးတို့ ဘာတွေ ဖြစ်ခဲ့ကြလဲ”

“သမီး ကားပျက်နေလို့ အပြန်မှာ မင်းသုတနဲ့ လိုက်ခဲ့တာပါ၊ ပထမတော့ သူ့အကျင့်အတိုင်း နောက်နေတယ်လို့ပဲ သမီး



www.burmeseclassic.com

www.burmeseclassic.com



အောက်မေ့နေတာ၊ သူ့အနေနဲ့ နောက်ကြောင်းပြန်လှည့်ဖို့ အစီအစဉ်မရှိသလို သမီးနဲ့ကိုဗညားဇော်တို့ရဲ့ စေ့စပ်ပွဲကိုလည်း တမင်ရည်ရွယ်ချက်နဲ့ ပျက်သွားစေချင်ပုံပဲ၊ တကယ်တော့ သမီးအလိုဆန္ဒမပါဘဲ မင်းသုတ ယုတ်မာစွာနဲ့ ကားတင်ပြေးခဲ့တာပါ၊ လူကြီးတွေကိုကျတော့ လိမ်ညာပြီး သတင်းလွှင့်ခဲ့တယ်၊ သမီးရဲ့ဂုဏ်သိက္ခာကို တမင်စော်ကားတဲ့အတွက် အခုလိုဒဏ်ရာရအောင် ဖြစ်တဲ့အထိ ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေအတွက် မင်းသုတကို တရားစွဲမယ် . . . ဒါမှ သမီးအတွက် နောက်ကြောင်းအေးမှာ ဖြစ်သလိုပဲ သူလည်း မှတ်လောက်သားလောက် ဖြစ်သွားမယ်”

“သမီးလေး စိတ်တိုင်းကျဖြစ်စေရမယ် သမီး၊ ဦးတို့အနေနဲ့လည်း ဒီလိုမိုက်ရိုင်းယုတ်မာမှုမျိုးကို လုံးဝခွင့်မလွှတ်နိုင်ဘူး၊ သမီးဆန္ဒအတိုင်းပဲ လုပ်စရာရှိတာ ဆက်လုပ်ပါ၊ ဦးတို့ကို ဘာမှထောက်ထားမနေပါနဲ့ သမီး၊ ကျွန်တော့်သား အခုလိုလုပ်ခဲ့တဲ့အတွက် အားလုံးကို တောင်းပန်ပါတယ်၊ ဒီတစ်ခါတော့ ဒီသားဆိုးသားမိုက်ကို မှတ်လောက်သားလောက်ဖြစ်အောင် ဦးတို့အနေနဲ့လည်း လုပ်စရာရှိတာ လုပ်ပြမှာပါ”

ခိုင်ဝါကတော့ အံ့ဩတုန်လှုပ်စွာဖြင့် နားထောင်နေ၏။

ဒီတစ်ခါတော့ မင်းသုတတစ်ယောက် နာပြီ . . .။ သူမ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း တရားစွဲမှာဖြစ်သလို မင်းသုတမိဘတွေကလည်း တစ်ခုခု လုပ်ပြတော့မှာ သေချာနေ၏။

ကိုဗညားဇော်ကို လှမ်းကြည့်လိုက်သည်။

ကိုဗညားဇော်မျက်နှာမှာတော့ သောကအရိပ်အယောင်တွေ ချက်ချင်းကင်းစင်သွားသည်ဟု နားလည်လိုက်ရသည်ပဲလေ။



www.burmeseclassic.com

# (၂)

ပန်းနုသွေး သတိမရခင်လေးမှာပင် ပဲခူးဆေးရုံပေါ်က နေ သူ့သဘောနှင့်သူ ဆင်းဖြစ်ခဲ့တယ်။

ရန်ကုန်ရောက်တော့ ဒဏ်ရာတွေကို ပုဂ္ဂလိကဆေးရုံမှာ ဆက်ကုနေခဲ့တယ်။

ပန်းနုသွေးကို ရန်ကုန် ခေါ်လာကြတာရော၊ ဆေးရုံမှာပဲ သူ့လိုဆေးဝါးကုသမှု ခံနေတာရော အားလုံးကို ကြားနေရတယ်။

ဒါပေမဲ့ ပန်းနုသွေးကို မျက်နှာချင်းဆိုင်ဖို့ ဝန်လေးနေပြန်ရော။

အခုချိန်အထိတော့ ပန်းနုသွေးဘက်က တင်းတင်းမာမာ

www.burmeseclassic.com

www.burmeseclassic.com



တုံ့ပြန်မှုမျိုး အရိပ်အယောင် မတွေ့ရသေးဘူး။

အခုဖြစ်စဉ်မှာ ဖေဖေက သူ့ကို ဒေါသအနည်းငယ် ဖြစ်ခဲ့ပြီး မေမေကတော့ ပန်းနုသွေးကို ချွေးမ, တော်ရတော့မှာပဲဆိုတဲ့ စိတ်ကူးနဲ့ ပျော်နေပုံရတယ်။

သူ့အပူနဲ့သူမို့ အခြေအနေကို မီးစင်ကြည့်ကဖို့ပဲ အာရုံရှိနေတယ်။

သူနာပြုဆရာမလေးကတော့ သူ့ဒဏ်ရာတွေကို ဆေးထည့်ပေးပြီး ပြန်ထွက်သွားတယ်။

ဖြစ်ပျက်ခဲ့သမျှတွေနဲ့ ပတ်သက်ပြီး ထွေရာလေးပါး စဉ်းစားနေဆဲမှာပဲ အခန်းတံခါးက ဝုန်းခနဲ ပွင့်လာတယ်။

သူ ငုတ်တုတ်ထထိုင်ဖို့ ကြိုးစားနေတုန်းမှာပဲ ဒေါသအလွန်အမင်းဖြစ်နေတဲ့ ဖေဖေရောက်လာတယ်။

“မင်းလုပ်လိုက်တာတွေ ကောင်းသေးရဲ့လား၊ ငါ့စိတ်ထဲမှာတော့အထင်သားပဲ၊ အခု . . . ပန်းနုသွေးက မင်းကို တရားစွဲဖို့တောင်းဆိုနေပြီ၊ ဘယ်လောက်ရှက်ဖို့ ကောင်းလိုက်သလဲ၊ ငါ့မျက်နှာကို ဓါးနဲ့လှီးပစ်ဖို့ပဲ ကောင်းတော့တယ်ကွာ”

“အဖေကြီးရယ် . . . သားလေးကလည်း ကောင်းကောင်းကျန်းမာသေးတာမဟုတ်ပါဘူး၊ သားလေးရဲ့အမှားကလည်း . . . ”



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ မင်းသားဘက်ကနေ ရှေ့နေလိုက်ခဲ့ပေးသမျှကို ငါ အကုန်အလျှော့ပေးခဲ့တာချည်းပဲ၊ မင်းသားလုပ်ခဲ့တဲ့ အမှားတွေထဲမှာ ဒီအမှားကတော့ အကြီးမားနဲ့ ခွင့်မလွှတ်နိုင်ဆုံးပဲ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ငါလည်း ပြတ်ပြတ်သားသား အရေးယူရမယ်၊ မင်း ဘာမှ ဝင်မပြောနဲ့၊ ဝင်ပြောရင် မင်းနဲ့ငါနဲ့ စာရင်းရှင်းရမှာပဲ"

မှတ်မှတ်ရရ . . . သူ သိတတ်စကတည်းက မေမေ့ကို ဒီလို ဒေါသတကြီး မတုံ့ပြန်ခဲ့ဖူး။

သူ့ကိုသာ စိတ်အလိုမကျတဲ့အခါတိုင်း ဖေဖေ ဒေါသဖြစ်ခဲ့တာ။

သူ့ကြောင့်ပဲ မေမေ့အပေါ် ဖေဖေဒေါသဖြစ်နေတာ . . ။

"မေမေရယ် . . . ဘာမှမပြောပါနဲ့တော့၊ သားလုပ်ခဲ့တဲ့ကိစ္စအတွက် သား ခံရပါတယ်မေမေ"

"မဟုတ်တဲ့နေရာမှာတော့ မင်းသတ္တိက အပြည့်ရှိနေတယ်ပေါ့ ဟုတ်လား၊ ဒီလိုလုပ်ရအောင် မင်းမှာ ဦးနှောက် မရှိဘူးလား၊ ပန်းနုသွေးနဲ့ မင်းက သူငယ်ချင်း . . . မင်းမို့လို့ကွာ"

သူ့အပေါ် ဒေါသဖြစ်ခဲ့ဖူးတယ်ဆိုပေမယ့် ဒီတစ်ခါ ဖေဖေ့ရဲ့ ဒေါသကတော့ တကယ့်ကို အထွတ်အထိပ်ပါပဲ . . . ။

ပြဿနာဖြစ်နေတုန်းမှာပဲ အခန်းတံခါး ထပ်ပွင့်လာပြန်



www.burmeseclassic.com

www.burmeseclassic.com



တယ်။

ပထမတော့ သူနာပြုဆရာမလေးလို့ပဲ ထင်လိုက်မိတယ်။

ဝင်လာသူကို ကြည့်လိုက်တော့ တင်မေထွန်းဖြစ်နေတယ်။

တင်မေထွန်းလက်ထဲမှာ ပန်းသီးတွေလိမ္မော်သီးတွေ ပါလာတယ်။

"မင်းက ဘယ်သူလဲ ကလေးမ"

ဖေဖေ့ဒေါသက မဆီမဆိုင်နဲ့ တင်မေထွန်းကိုပါ အဖျားခတ်တော့မလိုပါဘဲ။

တင်မေထွန်းကတော့ . . . မျက်နှာငယ်လေးနဲ့ ချက်ချင်းပဲ ပြန်ဖြေလိုက်တယ်။

"ကျွန်မက ကိုမင်းသုတရဲ့ သူငယ်ချင်းပါ ဦး"

"ဒီလိုကောင်မျိုးကို မင်းတို့လို သနားကမားမိန်းကလေးတွေ လုံးဝ အသိလုပ်ဖို့ မကောင်းဘူး၊ ဒီကောင် လူယုတ်မာ၊ မကြာခင်မှာ မိန်းကလေးတစ်ယောက်ကို အလိုမတူဘဲ ကားတင်ပြေးမှုနဲ့ ထောင်နန်းစံရတော့မယ့် ကောင်ပဲ"

တင်မေထွန်းကတော့ လိပ်ပြာပဲ ငယ်နေတာလား၊ ဖေဖေ့ကို ကြည့်ပြီး လိပ်ပြာလန့်နေတာလား မစဉ်းစားရဲ . . .။

မေမေကတော့ ဖေဖေရဲ့ တားမြစ်အမိန့်ပေးထားမှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်းမှ ဝင်မပြောရှာတော့ဘူး။

"ကောင်းပြီ ဖေဖေ . . . သားယောက်ျားပါ။ အဲဒီအပြစ်ကို ကျေကျေနပ်နပ် ခံရဲတယ်"

"အေး . . . သူများက တရားမစွဲခင် မင်းသိအောင် ပြောလိုက်ရဦးမယ်၊ အဲဒီအမှုကိစ္စမှာ ငါတို့ကတောင် ပန်းနုသွေးရဲ့ သက်သေအဖြစ် လိုက်ပေးဦးမှာ၊ မင်းကိုလည်း သားအဖြစ်ကနေ လုံးဝစွန့်လွှတ်လိုက်ပြီ၊ ဒီဆေးရုံက ဆင်းတာနဲ့ မင်းသွားချင်ရာသွား၊ နေချင်တဲ့နေရာမှာ နေတော့၊ ငါ့အိမ်ရိပ်ကို လုံးဝမနင်းနဲ့ မင်းသုတ"

အခြေအနေတွေကို တင်မေထွန်းကတော့ သိနေလောက်ပြီ . . .။ မျက်နှာငယ်ငယ်လေးနဲ့ သူ့ကို လှမ်းကြည့်ရှာတယ်။

"အေး . . မင်းလည်း အခုချက်ချင်း တစ်ခါတည်းစဉ်းစား၊ မင်းသားကို သနားရင် ဒီမှာပဲ နေခဲ့နိုင်တယ်"

ဖေဖေက မေမေ့ကိုပါရောပြီး စစ်ကြေငြာနေတယ်။

မေမေကတော့ ဘာမှမပြောရှာပါဘူး။

ဖေဖေ ကျောခိုင်းအထွက်မှာပဲ . . .

"သား . . . စိတ်ညစ်ပြီး ထင်ရာတွေ လျှောက်မလုပ်နဲ့ဦး နော်၊ မင်းဖေဖေက ဒေါသအရမ်းဖြစ်နေလို့ပါ . . မေမေ သွားမယ်"

သူ့ကို အပြေးအလွှားနှုတ်သိမ့်ရင်း ဖေဖေ့နောက်ကို ပြေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားတယ်။

သူ သိလိုက်ပါတယ်။

ဖေဖေကတော့ ပြောတဲ့အတိုင်း အတိအကျလုပ်တတ်တဲ့ သူပါ။

မေမေကလည်း သူ့နည်းသူ့ဟန်နဲ့ လင်နဲ့သား အဆင်ပြေဖို့ စေ့စပ်ပေးဦးမှာပါပဲ။

ဒီတစ်ခါတော့ မေမေ့စေ့စပ်ကြားဝင်ပေးမှုက အရာ ရောက်မှာ မဟုတ်ဘူးဆိုတာကို သူ . . . သိနေတယ်။

"အခန်းထဲကို အမှတ်တမဲ့ ဝင်လာပြီးမှ နောင်တရမိတယ်၊ ဒီလိုပြဿနာဖြစ်နေမှန်းလည်း မသိဘူးလေ . . . ဒီအတိုင်းသာဆို ရင် ခုတ်ရာတခြား ထိရာတခြားတွေ ဖြစ်ကုန်ပြီပေါ့နော်"

တင်မေထွန်းကတော့ သူ့ကို အတော်လေးကရုဏာ ဖြစ်နေ ပုံရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စဖြစ်မြောက်ဖို့ ဝိုင်းဝန်းကူညီတာရော၊ တိုက်တွန်းခဲ့တာတွေကို တွေးပြီး အားနာနေပုံရတယ်။

တာဝန်မကင်းဘူးလို့လည်း ယူဆနေမှာ သေချာတယ်။

"ကံပဲပေါ့ တင်မေထွန်းရယ် . . . ငါကလည်း ငါ့တွက်ကိန်းနဲ့ငါ လုပ်ခဲ့တာ၊ ငါ့ကိုယ်ငါ အထင်ကြီးခဲ့တာလည်း ပါတာပေါ့၊ မိန်းကလေးတိုင်းနဲ့ ရင်းနှီးဖို့ လွယ်လွယ်ကူကူနဲ့ အမြဲရခဲ့တယ်၊ ပန်းနုသွေးက ရင်းနှီးပြီးသားလူ၊ ငါ ဒီလိုလုပ်ပြလိုက်ရင် တစ်ခါတည်း ငါ့ဘက် ပါလာမယ်လို့ အသေတွက်ထားခဲ့တာ"

"စိတ်မကောင်းစရာပဲ ကိုမင်းသုတ၊ ဒီကိစ္စတွေကို ကိုဇော် သိဦးမှာ မဟုတ်ဘူး"

"ဒီကောင် ဘယ်ပျောက်နေလို့လဲ"

"ကိုမင်းသုတတို့ ထွက်ခွာသွားကြတဲ့နေ့ကပဲ ပျောက်နေတာ၊ ချိန်းထားတဲ့နေရာကိုလည်း ရောက်မလာဘူး၊ ပထမအစီအစဉ်က မပန်းနုသွေးတို့အိမ်ကို ကျွန်မက ဖုန်းဆက်ရမှာ၊ ကိုမင်းသုတအိမ်ကို ကိုဇော်က ဆက်ပေးရမှာ မဟုတ်လား၊ စောင့်နေရင်းကပဲ ကိုဇော်ရောက်မလာတဲ့အဆုံးမို့ ကျွန်မပဲ နှစ်အိမ်လုံးကို ဆက်လိုက်ရတာ၊ အဲဒီတုန်းက ကိုမင်းသုတရဲ့ ဖေဖေနဲ့ တည့်တည့်တိုးတာလေ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့တွေ ပူးပေါင်းကြံစည်ခဲ့သော မအောင်မြင်သည့်ကိစ္စကို တင်မေထွန်းက ပြန်ပြောင်းပြောပြနေတယ်။

အခုအခြေအနေမှာ ကျော်ဇော်ဝင်းကို သူတွေ့ချင်တယ်။

"ဒီကောင်နဲ့နှင် လုံးဝ အဆက်အသွယ်မရတာလား"

"ဒီနေ့အထိ မရတာ ကိုမင်းသုတ၊ ကိုမင်းသုတ ဆေးရုံရောက်နေတာရယ်၊ ကားအက်ဆီးဒင့်ဖြစ်တာတွေကို သိရတာလည်း ကျွန်မ ဖုန်းဆက်ကြည့်လို့သိရတာ၊ ကိုမင်းသုတရဲ့ မိဘ တွေနဲ့ မတွေ့ဘူး၊ ကိုမင်းသုတတို့အိမ်က အမျိုးသမီးတစ်ယောက် ပြောပြတာ"

"ခက်တာပဲ . . . ဆေးရုံကဆင်းရင် အိမ်ပြန်လို့ မရတော့ဘူး၊ သန်ဘက်ခါဆိုရင် ဆင်းရတော့မှာ၊ ဒီကောင်နဲ့တွေ့မှ ဖြစ်မယ်၊ ငါ့လက်ထဲမှာ အခုလောလောဆယ် တစ်ပြားတစ်ချပ်မှ မရှိတော့ဘူး"

ကျော်ဇော်ဝင်းကို အိမ်ပြေးအိမ်ပြေးနဲ့ ပြောပါများလို့ ဝင့်လည်တာလား မပြောတတ်။ ဒီတစ်ခါတော့ . . . သူ့ကို အိမ်ပြေးလို့ ကျော်ဇော်ဝင်းခေါ်မှာ သေချာနေတယ်။

"အခုလောလောဆယ် ကျွန်မဆီမှာ ပိုက်ဆံပါလာတယ် ယူထားပါလား ကိုမင်းသုတ၊ ဘဏ်မှာလည်း ကျွန်မတို့ စုထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံ ရှိနေတာပဲ၊ ယူသုံးလို့ ရတယ်လေ”

တင်မေထွန်းရဲ့ စေတနာကို သူသိတယ်။

ဒါပေမဲ့ သူယူသုံးလို့ မဖြစ်နိုင်။

သူတို့နှစ်ယောက်ဘဝအတွက် စုဆောင်းထားကြတာ သူအသိဆုံး။

“ရတယ် တင်မေထွန်း၊ အဓိကအကျဆုံးကတော့ ကျော်ဇော်ဝင်းနဲ့ တွေ့ချင်တာပဲ၊ ဆေးရုံကနေ အခုချက်ချင်း ဆင်းပြီး လိုက်ရှာရင် ကောင်းမလားမသိဘူး”

“အလောသုံးဆယ် မလုပ်ပါနဲ့ ကိုမင်းသုတရယ်၊ ဒဏ်ရာတွေကလည်း ရှိနေသေးတာပဲ၊ နေလိုက်ပါဦး တင်မေထွန်းပဲ အဆက်အသွယ်ရအောင် လုပ်မယ်လေ၊ ပြီးတော့ . . . ကိုမင်းသုတ ဆေးရုံမှာ ရှိနေတုန်း ဝေယျာဝစ္စကို တင်မေထွန်းပဲ တာဝန်ယူပါရစေ”

လတ်တလောပြောင်းလဲသွားသော အခြေအနေအားလုံးကို သူသဘောပေါက်သလို တင်မေထွန်းလည်း သဘောပေါက်နေတယ်။

“အေးဟာ . . . အိမ်ကတော့ ငါ့ကို ဖြတ်လေးဖြတ် လုပ်တော့မှာ သေချာတယ်၊ ပြီးတော့ ပန်းနုသွေးရဲ့ တရားစွဲဆိုမှုကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ငါ ရင်ဆိုင်ရဦးမှာ”

“မပန်းနုသွေးက စိတ်လက်မာန်ပါနဲ့ ပြောတာဖြစ်မှာပါ၊ တကယ်လုပ်လိမ့်မယ်လို့ ကျွန်မ, မထင်ပါဘူး”

တင်မေထွန်းက ပန်းနုသွေးအကြောင်းကို သိသူတော့ မဟုတ်။ ပန်းနုသွေးကိုလည်း မမြင်ဖူး။ ဖြစ်စဉ်အားလုံးကို ရိုးရိုး လေးပဲ တင်မေထွန်း တွေးပုံရတယ်။

“သူ ငါ့ကို တကယ်နာသွားတာ၊ ပြီးတော့ သူက ဗညား ဇော်ဆိုတဲ့ပုဂ္ဂိုလ်ကို ချစ်နေတာ အရမ်းသေချာသွားပြီ၊ ငါ့အကြောင်း ကို သူသိနေတော့ အနှောင့်အယှက်ကင်းအောင် ရန်ရှင်းအောင် ငါ့ကို ထောင်ထဲပို့မှာ သေချာတယ်၊ ဒါမှလည်း သူ့ဂုဏ်သိက္ခာ အတွက် အကာအကွယ်ယူပြီးသား ဖြစ်မှာပေါ့”

“ကျွန်မအနေနဲ့ မပန်းနုသွေးနဲ့တွေ့ပြီး ဆွေးနွေးပေးရ မလား ကိုမင်းသုတ”

“မတွေ့နဲ့ တင်မေထွန်း၊ အကြောင်းထူးမှာ မဟုတ်ဘူး၊ အခုအချိန်မှာ ပန်းနုသွေးကို ဘာပြောပြော နားဝင်မှာ မဟုတ်တော့ ဘူး၊ စကားအဖတ်တင်ပြီး စိတ်မကောင်းစရာတွေသာ ထပ်တိုးလာ လိမ့်မယ် တင်မေထွန်း”

“အခုချိန်မျိုးကျမှ ကိုဇော် ဘယ်ပျောက်နေမှန်း မသိပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အခုချိန်က ကျွန်မတို့အတွက်ရော၊ ကိုမင်းသုတအတွက်ပါ အရေးကြီးနေတဲ့အချိန်ပဲ”

တင်မေထွန်းပြောမှ သတိရသွားတယ်။ တင်မေထွန်းတို့ နှစ်ယောက် လက်မှတ်ထိုးဖို့ကိစ္စကလည်း ရှိနေတယ်။

ဒီကောင် ဘာတွေ ပြဿနာဖြစ်ပြီး ပျောက်ဆုံးနေပါလိမ့်။

အကုသိုလ်ဆိုတာ ဖြစ်လာခဲ့ပြီဆိုရင် ကိုယ်တင်မကဘူး ကိုယ့်ပတ်ဝန်းကျင်ကိုပါ ဖြစ်လေ့ဖြစ်ထရှိတတ်တယ်ဆိုတာ ကြားဖူးတယ်။

ကိုယ်ဖြစ်တာက ရှင်းလို့ရတယ် . . . ကိုယ်က တစ်ယောက် တည်းသမား။

ကျော်ဇော်ဝင်းကတော့ သူ့လို အကုသိုလ်ဂြိုဟ်ဆိုးဝင်လို့ မဖြစ်ဘူး။ ကျော်ဇော်ဝင်းမှာက တင်မေထွန်း ရှိနေသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# (၃)

အမှုဖွင့်ဖို့ကိစ္စကို အချိန်တွေဆွဲထားသူမှာ ကိုဗညားဇော် ဖြစ်နေ၏။ အမေနှင့်အဖေကတော့ သူမ,လုပ်ချင်သည်ကို မကန့်ကွက်ချင်သော်လည်း မျက်နှာမကောင်း။

ဆေးရုံမှာတုန်းကလည်း ဆေးရုံမှာမို့လို့ ကိုဗညားဇော်က အကြောင်းပြ၏။ ဆေးရုံက ဆင်းသည့်နေ့မှာပင် အမှုဖွင့်ဖို့ကိစ္စကို ပြန်ပြီး အသက်သွင်း၏။

"ကိုဗညားဇော် ခေါ်လာပေးမယ့်ရှေ့နေက ဘယ်တော့ ရောက်မှာလဲ၊ ပန်းနုသွေး တွေ့ချင်ပြီ၊ တော်ကြာ မင်းသုတ ရှောင်နေလို့ ဘာမှလုပ်မရဘဲ နေဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အခုချိန်ထိ စိတ်မလျှော့နိုင်သေးဘူးလား ပန်းနုသွေး၊ ပြီးခဲ့တာတွေအပေါ်မှာ မေတ္တာတရားနဲ့ပဲ ခွင့်လွှတ်အနိုင်ယူလိုက်ပါ။ အဲဒါက စိတ်ကို အငြိမ်းချမ်းဆုံးပဲ"

အောင်မြင်နေသော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက တရားဓမ္မနှင့်နွယ်ပြီး သူ့ကို ဖျောင်းဖျနေ၏။ တကယ်ဆို ကံကောင်းလွန်း၍သာ ကိုဗညားဇော်အနေဖြင့် သူမကို လက်လွှတ်မဆုံးရှုံးရခြင်း ဖြစ်၏။

"ကိုဗညားဇော်မကူညီနိုင်လည်း ပန်းနုသွေးဘာသာ ပန်းနုသွေး ရအောင်စီစဉ်မယ်၊ ဒီလောက်မိုက်ရိုင်းစုတ်ပဲ့တဲ့ လူမျိုးကို လျှော့ရဲရဲနေပြလိုက်ရင် နောက်တစ်ခါ ပန်းနုသွေး လွတ်လမ်းရှိနိုင်မှာ မဟုတ်တော့ဘူး၊ အချိန်မရွေးဆိုသလိုပဲ ပန်းနုသွေးကို ဒုက္ခထပ်ပေးနိုင်တယ် ကိုဗညားဇော်"

"ခက်တယ် ပန်းနုသွေးရယ်၊ မင်းသုတဆိုတာ တခြားသူမဟုတ်ဘူး . . . ပန်းနုသွေးရဲ့ သူငယ်ချင်း၊ မင်းသုတမိဘတွေကလည်း ကိုယ်နဲ့ပတ်သက်နေတယ်၊ ပန်းနုသွေး မိဘတွေကလည်း တရားစွဲဖို့ကိစ္စကို မပြောသာလို့သာ မပြောကြတာ၊ ကိုယ့်ကို ဖျောင်းဖျပေးဖို့ လူကြီးတွေက တာဝန်ပေးထားတယ် ပန်းနုသွေး"

"အခု မင်းသုတ ဘယ်မှာလဲ . . . ဆေးရုံပေါ်မှာပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ဆေးရုံမှာ မရှိတော့ဘူး"

"ကြာပါတယ်၊ မင်းသုတဖေဖေဆီ အခုချက်ချင်း ဖုန်းလှမ်းဆက်မယ်"

စိတ်မြန်လက်မြန်ဖြင့် ဟန်းဖုန်းကို ကောက်ကိုင်လိုက်သည်။ ကိုဗညားဇော်၏ စကားတွေကြောင့် သူမ လှုပ်ရှားမှုတွေ ရပ်တန့်သွားရ၏။

"စဉ်းစားပါ ပန်းနုသွေး . . . အခုဖြစ်ပျက်သွားတဲ့ကိစ္စက ကိုယ့်တို့အချင်းချင်းပဲ သိကြသေးတာ၊ ပန်းနုသွေး တရားစွဲမယ်၊ အမှုဖွင့်မယ်ဆိုရင် အားလုံးနီးပါး သိသွားကြတော့မယ်၊ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းရမယ့် အဖြစ်မျိုးပဲ နေမှာပေါ့ ပန်းနုသွေး"

ကိုဗညားဇော်စကားကြောင့် ရင်ထဲမှာ မျက်သွားမိသည်။

သူမ တွေးမိသမျှနှင့် ကိုဗညားဇော်ကို စကားနာထိုးလိုက်၏။

"ဘာလဲ ကိုဗညားဇော် . . . ယောကျ်ားတစ်ယောက်နောက်ကို လိုက်သွားဖြစ်တဲ့ မိန်းမတစ်ယောက်နဲ့ ပတ်သက်ရတာ စိတ်ထဲမှာ မသတီနေတာလား၊ လူသိတော့ရော ဘာဖြစ်သေးလဲ၊ အမှန်တရားကို ရင်ဆိုင်တာပဲ . . . တရားဥပဒေအရ ကိုယ့်ရန်သူကို ကိုယ်ကြိုတင်ကာကွယ်ရတာပဲ၊ အခုကိစ္စက အရှက်နဲ့သိက္ခာကို

www.burmeseclassic.com



အနုနည်းနဲ့ အစော်ကားခံလိုက်ရတာ၊ ဒီအမှုကို ရင်ဆိုင်လိုက်လို့ ကျွန်မနဲ့ ကိုဗညားဇော်တို့ရဲ့ အစီအစဉ်က ပျက်စီးရောလား"

"မဟုတ်ဘူး ပန်းနုသွေး . . . အခုပြောနေတဲ့ကိစ္စက ကိုယ့်အတွက် ဘာမှမပါသလို . . . ပန်းနုသွေးယူဆလိုက်သလိုလည်း အဓိပ္ပာယ် မသက်ရောက်ဘူး၊ ပန်းနုသွေးအတွက်, နှစ်ဦးနှစ်ဖက် လူကြီးတွေအတွက်, မင်းသုတအတွက် ပြောနေရတာ"

"ဒို့ပြင်လူတွေအတွက်ဆိုရင် လုံလောက်ပါပြီ၊ မင်းသုတ အတွက် ဘာလို့ ထည့်ပြောနေရတာလဲ၊ မင်းသုတက ကိုဗညားဇော် ရဲ့ အဓိကရန်သူဆိုတာကို တမင်မေ့နေတာလား"

"ဒီသတင်းစာကို ဖတ်ကြည့်လိုက်ပါဦး ပန်းနုသွေး"

ကိုဗညားဇော်ကတော့ အကြောင်းမသိသေးလို့ မင်းသုတ ကို လျှော့တွက်ထားပုံရသည်။ မင်းသုတစိတ်ကို သူမ အသိဆုံး. . ။

ကိုဗညားဇော် အသင့်လှန်ပေးထားသည့် စာမျက်နှာ ကို ဖတ်ကြည့်လိုက်သည်။ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်းတဲ့။

"မင်းသုတဖေဖေကတော့ ပြတ်ပြတ်သားသားပဲ သူ့သား အပေါ် လုပ်ခဲ့ပြီးပြီ၊ ဒီလောက်နဲ့ ကျေနပ်လိုက်ပါ၊ အခုချိန်မှာ မင်းသုတ မိဘအရိပ်ဆိုတာနဲ့ ကင်းဝေးနေပြီ၊ သူ့အကုသိုလ်နဲ့သူ အပြစ်ခံနေရပြီပဲ၊ လုံလောက်နေပါပြီ ပန်းနုသွေး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကြော်ငြာက ဘာတရားဝင်လို့လဲ၊ မိဘက သားသမီးကို စွန့်လွှတ်တယ်ဆိုတာ ဘယ်တရားဥပဒေကမှ အသိအမှတ် မပြုပါဘူး"

"ဘာပဲဖြစ်ဖြစ်လေ ဒီကြော်ငြာအရကိုပဲ မင်းသုတ အိမ်ပြန်လို့ မရတော့တာ သေချာတယ်၊ သူ ဒုက္ခရောက်နေမှာပါ ပန်းနုသွေးရယ်"

ဒီပုံစံအတိုင်းဆိုရင်တော့ မင်းသုတကို တရားစွဲဖို့ကိစ္စက ရုပ်လုံးပေါ်ဖို့ ခဲယဉ်းသွားပြီ။

"ကောင်းပြီ ကိုဗညားဇော် . . . တကယ်လို့ မင်းသုတ အနေနဲ့ ရှေ့ဆက်တိုးလာခဲ့ရင် နောက်တစ်ခါ ဒီလိုအဖြစ်အပျက်မျိုး ထပ်ဖြစ်ခဲ့ရင်တော့ ပန်းနုသွေးက အလိုက်သင့်ပဲ လည်စင်းပေးလိုက်ရုံပေါ့ ဟုတ်လား . . . ဒီသဘောပဲ ရှိတော့တာပဲလေ"

"မဟုတ်သေးပါဘူး၊ နောက်တစ်ကြိမ်ဆိုတာ ဖြစ်လာနိုင်စရာ ရှိမှာမဟုတ်ဘူး၊ အဲဒီလောက်ထိ မင်းသုတ မမိုက်မဲပါဘူး၊ အခုလောက်ဆို သူလည်း သူ့အမှားကို သူသိနေမှာပါ ပန်းနုသွေး"

"တော်ပြီ ကိုဗညားဇော်၊ ပန်းနုသွေး စကားဆက်မပြောချင်တော့ဘူး၊ ကိုဗညားဇော် ပြန်တော့"

မင်းသုတနှင့်ပတ်သက်ပြီး လူတွေ ဘာဖြစ်ကုန်ကြပြီလဲ။

www.burmeseclassic.com

www.burmeseclassic.com



ကိုဗညားဇော်နှင့်စကားပြောချင်စိတ် ကုန်သွားသည်။ ကို ဗညားဇော်ကလည်း အလိုက်သိစွာပင် သူမရှေ့မှ ထွက်သွားသည်။

သူမ အလုပ်ပြန်ဆင်းသည်နှင့် သတင်းမေးကြသူတွေကို ဖြေကြားရတာ အလုပ်တစ်ခု ဖြစ်နေ၏။

ကားအက်စီးဒင့်ဖြစ်တာလောက်ပဲ လူတွေသိကြသည်။ ခိုင်ဝါတစ်ယောက်ကလွဲလို့ ကျန်သူများက မင်းသုတကိစ္စကို သိကြပုံ မပေါ်ပေ။

အခန်းထဲရောက်သည်နှင့် ခိုင်ဝါနှင့် စကားပြောဖြစ်သည်။ မင်းသုတကို တရားစွဲဖို့ကိစ္စကိုပင် ခိုင်ဝါမေး၏။

"မင်းသုတ အချုပ်ထဲမှာလား မမ"

"မပြောချင်ပါဘူး ခိုင်ဝါရယ်၊ အခုထိ အချုပ်ထဲ ရောက် အောင် လုပ်လို့ကိုမရသေးဘူး"

"မသိပါဘူး . . . မနေ့က သတင်းစာမှာ အမွေပြတ်စွန့်



www.burmeseclassic.com

www.burmeseclassic.com



လွှတ်တဲ့သတင်း ပါလာတော့ အချုပ်ထဲရောက်နေပြီ မှတ်တာ”

“မပြောချင်ဘူး ခိုင်ဝါရေ၊ ကိုဗညားဇော်ကိုယ်တိုင်က မင်းသုတကို အကာကွယ်ပေးနေတော့ လုပ်ရကိုင်ရတာ ခက်နေတယ်၊ ဘာတွေမှန်း မသိတော့ပါဘူး”

နောက်ဆုံးအခြေအနေထိ အဖြစ်အပျက်များကို ခိုင်ဝါ သိအောင် ပြောပြလိုက်သည်။ မင်းသုတကို ကြည့်မရသည့်အထဲမှာ ခိုင်ဝါ ပါသည်။ သူမ, ပြောသမျှတွေကို ခိုင်ဝါနားထောင်ပြီး မှတ်ချက်တစ်ခု ပေး၏။ ဒီမှတ်ချက်ကလည်း . . မင်းသုတအတွက် ရလဒ်ကောင်းတစ်ခု ဖြစ်နေပြန်၏။

“ဟုတ်တော့ဟုတ်တယ် မမ . . . ကိစ္စက အချုပ်လောက်နဲ့တင် ပြတ်မှာမဟုတ်ဘူး၊ ရှေ့နေတွေ တရားရုံးတွေနဲ့ ဆက်ပြီး ရင်ဆိုင်ရမှာ၊ အဲဒီအခါ မမအတွက် ပိုပြီးနစ်နာရဦးမယ်၊ သူ အပြစ်ခံရတာက သေချာပေမယ့် . . မလုပ်ဖြစ်တာလည်း တစ်မျိုးကောင်းပါတယ်၊ အကျယ်ဖြစ်လာရင် လူတွေအားလုံး သိကုန်မှာတော့ သေချာတယ်”

“ခိုင်ဝါတွေးသလို တွေးပြီး မမလည်း လက်လျှော့လိုက်ရတာ၊ ဒါပေမဲ့ စိတ်ထဲမှာ မကျေနပ်သလိုပဲ၊ မင်းသုတအတွက် နောက်ကျောမလုံဘူးလို့ ခံစားနေရတယ်၊ မင်းသုတအနေနဲ့ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ မနှိပ်ကွပ်ရင် အတင့်ရဲပြီး နောက်ထပ်အကြံအစည်တွေ လုပ်လာနိုင်တယ်”

“ဘာပဲပြောပြော . . . ပြီးခဲ့တဲ့ တနင်္ဂနွေနေ့တုန်းက စေ့စပ်ပွဲအတွက် စကားပြောကြမယ့်အစီအစဉ်ကတော့ အလိုလို ပျက်သွားခဲ့တာ မဟုတ်လား”

ခိုင်ဝါပြောမှပင် ဒီကိစ္စကို အသေအချာစဉ်းစားမိတော့၏။ လျှပ်တစ်ပြက်ပေါ်လာသော အတွေးများနှင့်အတူ သူမ၏ စိုးရိမ်ခြင်းများကို ခိုင်ဝါအား ပြောပြမိသည်။

“ဟုတ်ပါရဲ့ကွယ် . . . မမလည်း အခုမှ အသေအချာ စဉ်းစားမိတယ်၊ မင်းသုတကိစ္စနဲ့ပတ်သက်ပြီး . . . ကိုဗညားဇော် များ တစ်ခုခုဖြစ်နေမလား မပြောတတ်ဘူး၊ မဟုတ်မှလွဲရော . . . မမတို့ကိစ္စကို သူ့ဘက်ကများ ဖျက်ချင်တာများလား မသိဘူးနော်”

သူမ စိုးရိမ်ခြင်းများကြောင့်ပင် ခိုင်ဝါ အတော်လေး စဉ်းစားနေသေး၏။ ခိုင်ဝါကတော့ ထင်မြင်သမျှကို ပြောပြရှာသည်။

“မဟုတ်လောက်ဘူးလို့ ထင်တာပဲ၊ ကိုဗညားဇော်ကတော့ အခုအဖြစ်အပျက်ကြောင့် နောက်တော့ ဆုတ်မယ်မထင်ဘူး မမ၊ အင်းလေ . . . လူ့စိတ်ဆိုတာကလည်း တစ်ယောက်နဲ့တစ်ယောက် တူနိုင်တာမှ မဟုတ်ဘဲ၊ ဟုတ်မဟုတ်ဆိုတာကိုတော့ စမ်းသပ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လို့ရတာပဲ မမရယ်"

မှန်ရာပြောကြကြေးဆိုရင်တော့ ယောက်ျားတွေစိတ်ကို သိပ်မသိတာ သေချာ၏။ သူမအနေနှင့် ဒီလိုမျိုး လုပ်လိမ့်မည်ဟု မထင်ထားသော မင်းသုတပင်လျှင် စိတ်ဖောက်ပြန်ပြခဲ့ပြီပဲ။

ကိုဗညားဇော်အနေနှင့်ရော . . .။ သူမကို ဘယ်လိုပြုမူဦးမည် မသိ။

"ဘယ်လိုစမ်းသပ်ရမှာလဲ ခိုင်ဝါ၊ မမ နားရှင်းအောင် ပြောပြစမ်းပါဦး"

"ဒီလို မမ . . . အခုအခြေအနေက ရှေ့တိုးလို့ ရသလို နောက်ဆုတ်လို့ ရနေတာပဲ၊ ဒီလိုလုပ်ကြည့်ပါလား . . . ဦးဗညားဇော်နဲ့ နှစ်ယောက်တည်းတွေ့ စကားပြောကြည့်ပါလား"

"ဘယ်လိုစကားမျိုး ပြောရမှာလဲ ခိုင်ဝါ"

"စေ့စပ်ဖို့ကိစ္စကို ဖျောက်မှရတော့မယ်၊ မင်းသုတကို စိတ်မချရဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ လက်ထပ်ပွဲကို အစီအစဉ် သိပ်မများဘဲ အကျဉ်းရုံးလုပ်မယ်လို့ ညှိကြည့်ပါလား၊ ဒါဆိုရင်တော့ ဦးဗညားဇော်ရဲ့စိတ်ကို ချက်ချင်းသိရမှာပဲ၊ သူ့ဘက်က အကြောင်းတွေ ပြလာခဲ့ပြီ ဆိုရင်တော့ မမတွေးတာ သေချာသွားပြီ"

"ခိုင်ဝါပေးတဲ့အကြံက မဆိုးဘူး၊ ဟုတ်တယ် ခိုင်ဝါ . . .



www.burmeseclassic.com

www.burmeseclassic.com



အချိန်သိပ်မဆွဲဘဲ ဒီနေ့ညနေမှာ ပြောမယ်"

"မမတို့ တွေ့ဖို့ရှိလို့လား"

"မရှိဘူးခိုင်ဝါ၊ အခုချက်ချင်း ခိုင်ဝါပဲ ဖုန်းခေါ်ပေးစမ်းပါ"

ခိုင်ဝါကလည်း သူမလိုပင် စိတ်မြန်သူဖြစ်၏။ ကိုဗညား ဇော်ဆီ ချက်ချင်းဆိုသလို ဖုန်းကောက်ခေါ်လိုက်၏။

သူမစိတ်ထဲမှာတော့ ဆန္ဒစောနေလို့လား မသိ။ ခိုင်ဝါ ဖုန်းဆက်နေသည်ကို ကြည့်ပြီး ရင်တွေခုန်ချင်လာ၏။

"ဦးဗညားဇော်လား"

" . . . . . "

"ခဏလေး ကိုင်ထားနော် . . . မမပန်းနုသွေး စကား ပြောမလို့"

ရင်ခုန်ခြင်းကို ဂရုမစိုက်အားဘဲ ကိုဗညားဇော်နှင့် စကား ပြောဖြစ်သည်။ သူမအသံတွေက ခါတိုင်းထက် တုန်ယင်နေတာ သတိထားမိသည်။

"ကိုဗညားဇော်"

"ပြောလေ ပန်းနုသွေး . . . ဘာအရေးကြီးလို့လဲ . . . ပန်း နုသွေးရဲ့အသံတွေ တုန်နေပါလား"

"ဟိုလေ . . . ညနေကျရင် ဆုံရအောင်၊ ပြောစရာစကား



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ အလုပ်အားအား မအားအား ရောက်အောင်လာခဲ့နော်”

“မင်းသုတကိစ္စလား”

“တွေ့မှ ပြောကြတာပေါ့ ကိုဗညားဇော်၊ ဆက်ဆက် ရောက်အောင် လာနော်”

သိချင်သည့်အကြောင်းကိစ္စကို နေ့ကူးမခံချင်။ အဖြူ အမည်း သဲကွဲဖို့ အရေးကြီးသည့်အချိန်ပဲ။

ကိုဗညားဇော်နှင့် ဆုံဖြစ်သည့်အခါ စကားလုံးရွေးချယ်ဖို့ ခိုင်ဝါနှင့် ခေါင်းချင်းရိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# (၄)

သူ ဆေးရုံက ဆင်းခဲ့ပေမယ့် ကျော်ဇော်ဝင်းကတော့ ပျောက်ချက်သားကောင်းနေတုန်းပဲ။ တင်မေထွန်းအနေနဲ့ ဘယ်လိုမှ အဆက်အသွယ်လုပ်လို့ မရခဲ့ဘူး။ ကျော်ဇော်ဝင်း ပျောက်နေပုံက အတော်လေးကို ထူးဆန်းနေတယ်။

တင်မေထွန်းကတော့ ကျော်ဇော်ဝင်းတစ်ယောက် အနီးကပ်ပြီး ရှောင်ထွက်သွားသလားလို့ သံသယရှိနေခဲ့တယ်။

သူ ဆေးရုံကဆင်းတော့ တင်မေထွန်းကလွဲပြီး သူ့ဆီ ဘယ်သူမှ မရောက်လာခဲ့ကြဘူး။

"ဒီကနေပြီး ကိုမင်းသုတ ဘယ်သွားမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပထမဆုံး လုပ်ရမှာက ကျော်ဇော်ဝင်းကို ရအောင်ရှာဖို့ပဲ၊ ပြီးမှ ဘာလုပ်ပြီး ဘယ်မှာနေမယ်ဆိုတာကို စဉ်းစားရမယ်"

"ကိုမင်းသုတဖေဖေကတော့ ပြောတဲ့အတိုင်း သတင်းစာထဲကနေ အမွေပြတ်လိုက်ပြီနော်"

"ငါ့ဘဝက အခုမှစပြီလို့ ပြောရမလိုပဲ၊ တစ်မျိုးတော့လည်း ကောင်းတာပေါ့၊ ကျော်ဇော်ဝင်းကိုတော့ တွေ့မှဖြစ်မယ်"

"ကျွန်မစိုးရိမ်တာ တစ်ခုရှိနေတယ် ကိုမင်းသုတ"

"ဘာလဲ ကျော်ဇော်ဝင်းနဲ့ ပတ်သက်လို့လား"

"ကျွန်မတွေးသလို မဖြစ်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ၊ မတွေးကောင်း တွေးကောင်းပါပဲ ကိုဇော် . . . ကျွန်မကို ရှောင်သွားပြီလား မသိဘူး"

တင်မေထွန်းရဲ့မျက်နှာလေးက ဝမ်းနည်းရိပ်တွေ သမ်းနေတယ်။ ဒီလောက်အထိတော့ ကျော်ဇော်ဝင်းလုပ်လိမ့်မှာ မဟုတ်ဘူး။ ကျော်ဇော်ဝင်းမှာ တင်မေထွန်းဆီ ရောက်မလာနိုင်လောက်တဲ့ ပြဿနာရှိနေပုံရတယ်လို့ သူတွေးတယ်။

"တင်မေထွန်းတွေးတာ လုံးဝမဖြစ်နိုင်ဘူးလို့ ပြောရဲတယ်၊ ဒီကောင့်အကြောင်းကို ငါအသိဆုံး . . . နင့်ကို ဒီကောင်က အပျော်ခံတာမဟုတ်ဘူး၊ သူ့မှာ အခက်အခဲတစ်ခုခု ဒါမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတစ်ခုခုနဲ့ ရင်ဆိုင်နေလို့ဖြစ်ရမယ်၊ အဲဒါကလည်း အတော်ကြီးကြီးမားမားဖြစ်မယ်လို့ ငါထင်တယ်”

“ဘာများဖြစ်နိုင်မှာလဲ ကိုမင်းသုတရယ်”

“နင် . . . အခု အလုပ်သွားမှာမဟုတ်လား၊ ဒီနေ့မကူးခင် ငါ ရအောင်စုံစမ်းပေးမယ်၊ ဒီနေ့ မိုးချုပ်သွားလို့ နင့်အလုပ်ကို မလာနိုင်တောင်မှ မနက်ပိုင်းမှာ ရောက်အောင်လာပြီး သတင်းပေးမယ်ဟာ . . .၊ ဒီကောင်ပါ, ပါလာရင် ပါလာဦးမှာ”

“ဒီနေ့ ကိုဇော်နဲ့ မတွေ့ဘူးဆိုရင် . . . ကိုမင်းသုတ ဘယ်မှာ အိပ်မှာလဲ”

“ငါက ယောကျ်ားလေးပါဟာ၊ အဲဒီအတွက် နင် ဘာမှ စိုးရိမ်မနေနဲ့၊ ကဲ . . . နင်ရယ် ငါရယ် လမ်းခွဲလိုက်ရအောင်”

ကျော်ဇော်ဝင်း ဘာဖြစ်နေတယ် ဘယ်မှာရှိနေမယ်ဆိုတာကို တင်မေထွန်း စုံစမ်းလို့ မရပေမယ့် သူ့အတွက်ကတော့ အရမ်းခက်ခဲတဲ့ကိစ္စ မဟုတ်ဘူး။ နေမဝင်ခင်မှာတော့ ကျော်ဇော်ဝင်း သတင်းအစအနကို ရကိုရရမယ်လို့လည်း သူ ယုံကြည်နေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး ကျော်ဇော်ဝင်းရှိတတ်တဲ့ ကားပွဲစားတန်းဆီ ကို အရင်သွားမိတယ်။

ဒီရက်ပိုင်းမှာ ဒီကောင်က ငွေလိုနေတာ။

နယ်က ဝယ်လက်တွေနဲ့ အဖွဲ့ကျပြီး ကားမောင်းလိုက်ပို့ပေးတာတို့ ဘာတို့ဖြစ်နိုင်တယ်။

တင်မေထွန်းကို အဆက်အသွယ်လုပ်ဖို့ အချိန်မရတာလည်း ဖြစ်နိုင်တယ်။

ကားပွဲစားတန်းက လွှတ်ရည်ဆိုင်မှာပဲ ကျော်ဇော်ဝင်းအကြောင်းကို စုံစမ်းလိုက်တယ်။

"ဟာ . . မင်းသုတ . . . မင်းကား အက်ဆီးဒင့်ဖြစ်လို့ဆို"

သူ့ကို တွေ့တွေ့ချင်းမှာပဲ ကျော်ဇော်ဝင်းရဲ့ မိတ်ဆွေက မေးတယ်။ ဒီစကားကြောင့်ပဲ အားတက်သွားမိတယ်။

"ဘာလဲဗျ . . ဒီသတင်းကို ကျော်ဇော်ဝင်းပြောတာလား"

"မဟုတ်ပါဘူး . . . ကျော်ဇော်ဝင်း ဒီကိုမလာတာ လေးငါးခြောက်ရက်လောက် ရှိမယ်ထင်တယ်၊ ပြီးခဲ့တဲ့တစ်ပတ်လောက်ကတော့ နိုင်နိုင်တို့အုပ်စုနဲ့ တွဲပြီး တွေ့လိုက်တာပဲ၊ ဒီကောင် ပဲ့ကိုက်စွ

www.burmeseclassic.com



တွေ ဘာတွေများ ပြန်ငြိနေလား မသိဘူး”

ဒီလူပြောလိုက်မှ ဝမ်းသာမှုရောင်ခြည်လေး ပျောက်သွားပြီး စိုးရိမ်မှုသောကက ရင်ထဲကို ဖြုန်းစားကြီး ရောက်လာတယ်။ နိုင်နိုင်တို့အုပ်စုအကြောင်းကို သူသိနေတယ်။

ဘာကြောင့်များ နိုင်နိုင်တို့နဲ့ ပြန်တွဲရပါလိမ့်။

လက်ဖက်ရည်ကိုတောင် ဇိမ်ခံပြီး မသောက်နိုင်တော့ဘူး။ ဆိုင်ထဲကို နောက်အသိတစ်ယောက် ဝင်လာပြန်တယ်။

“ဟေ့ကောင် မင်းသုတ . . . ဘာတွေဘယ်လို ဖြစ်တာလဲကွ၊ ကားအက်ဆီးဒင့်ဖြစ်တာရော မင်းအိမ်က အမွေဖြတ်တာရော . . . ဘာတွေ ဖြစ်လို့လဲ”

“နောက်မှ ဒီအကြောင်းကို ရှင်းပြတော့မယ်ဗျာ၊ အခုတော့ ကျွန်တော် သွားစရာရှိနေလို့ ပြောမနေတော့ဘူး”

“ဟေ့ကောင် . . . မင်းမှာထားတဲ့ လက်ဖက်ရည်ကို ကုန်အောင်သောက်သွားဦးလေ”

“မသောက်တော့ဘူးဗျာ၊ ဒီဝိုင်းကိုလည်း ခင်ဗျားတို့ပဲ ရှင်းလိုက်တော့၊ ကျွန်တော်သွားမယ်”

ကားပွဲစားတန်းက ထွက်တော့ . . . နေ့လယ်တစ်နာရီ ထိုးခါနီးပြီ။ ပထမတုန်းက ထမင်းဆာသလိုလို ရှိပေမယ့် ကော်ဖော်



www.burmeseclassic.com

www.burmeseclassic.com



ဝင်းရဲ့ သတင်းအစအနကို ကြားတော့ ရင်တွေပူပြီး ထမင်းဆာတာ တောင် မေ့လျော့သွားတယ်။

နိုင်နိုင်တို့အုပ်စုရှိတတ်တဲ့ နေရာတွေကို သူလိုက်ရှာတယ်။ နှစ်နာရီထိုးတဲ့အထိ အရိပ်အယောင်တောင် ခြေရာခံမရတော့ ထမင်းဆိုင်မှာပဲ ထမင်းဝင်စားလိုက်တယ်။ ထမင်းစားရင်းကပဲ စိတ်က မဖြောင့်ဘူး။

ဟိုးအရင်တုန်းက သူနဲ့မတွဲခင် နိုင်နိုင်တို့အုပ်စုနဲ့ တွဲပြီး ကျော်ဇော်ဝင်းလုပ်ခဲ့ကိုင်ခဲ့တာတွေကို တွေးရင်း စိတ်ပူလာတယ်။ လုံးလုံးပြတ်နေပြီးမှ ဒီကိစ္စတွေကို ပြန်သုံးရင်တော့ ဇာတ်ကရှုပ်မှာ သေချာတယ်။

တင်မေထွန်းပြောခဲ့တဲ့ စကားတွေကို ကြားယောင်မိတယ်။ အိမ်နဲ့ပဲ အဆင်မပြေဖြစ်တာများလား။ တင်မေထွန်းနဲ့ ရှောင်လွဲချင်လို့များ ဒီလမ်းကို ရွေးချယ်ခြင်းလား။



www.burmeseclassic.com

www.burmeseclassic.com



သုံးနာရီထိုးတော့ နိုင်နိုင်တို့အုပ်စုထဲက ညဏ်သစ်ကို တွေ့တယ်။ ညဏ်သစ်က သူ့ကိုတွေ့တာနဲ့ နိုင်နိုင်တို့အကြောင်း ပြောပြတယ်။

"ဟေ့ကောင် ညဏ်သစ် . . မင်း ကျော်ဇော်ဝင်းကို မတွေ့မိဘူးလား . . . ဒီကောင့်ကို ငါရှာနေတာ၊ ဒီကောင် နိုင်နိုင်တို့နဲ့ ပြန်တွဲနေတယ် ကြားလို့"

"ရှာမနေနဲ့ နိုင်နိုင်တို့က မရှိတော့ဘူး၊ အားလုံးပါသွားကြပြီ၊ တော်ကြာ မင်းပါ မဆီမဆိုင်နဲ့ ပါနေဦးမယ်၊ ငါတောင် ရှောင်နေတာကွ"

ညဏ်သစ်ပြောမှ ခေါင်းနပမ်းကြီးသွားမိတယ်။ ကျော်ဇော်ဝင်းတစ်ယောက် မျက်စိလည်ပြီး ရောက်သွားသည့်အချိန်မှာ ဆွမ်းခံရင်း ငှက်သင့်ပြီလား . . . ။

"မင်း ကျော်ဇော်ဝင်း လာတာသွားတာကိုရော တွေ့မိသေးလား ညဏ်သစ်"

"တွေ့တယ် မင်းသုတ၊ ဒီကောင် ဘာတွေညစ်ပြီး ပြန်ငြိသလဲမှ မသိတာ"

"နေပါဦးကွ . . . နိုင်နိုင်နဲ့ ဘယ်နှစ်ယောက် ပါသွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ငါလည်း အသေအချာမသိဘူး၊ ဒီကောင်တွေ အဖွဲ့လိုက် ပစ္စည်းနဲ့မိတာလို့ ကြားတာပဲ၊ ဘယ်သူတွေ ပါသလဲ ဆိုတာတော့ ငါလည်း အသေအချာ မသိဘူး၊ ငါတောင် ကံကောင်းလို့ ပါမသွားတာ၊ တော်ပါပြီကွာ . . . ငါတော့ ငါ့အစီအစဉ်နဲ့ ဒီတစ်ခါ လုံးဝထပ်မငြိဖို့ ကြိုးစားတော့မယ်"

"ကျော်ဇော်ဝင်းရော ပါသွားနိုင်တယ်လို့ မင်းထင်လား၊ ဒီကောင့်ကို ရှာမတွေ့တာ ငါးရက်ခြောက်ရက်လောက် ရှိသွားပြီ"

"ပြောမရဘူး မင်းသုတ၊ ပျောက်နေတာဆိုရင်တော့ ပါသွားဖို့ များတယ်၊ ပါသွားနိုင်တယ် မင်းသုတ"

"တကယ်ပါသွားရင်တော့ ပြဿနာပဲ၊ တင်မေထွန်းနဲ့ ကျော်ဇော်ဝင်းတို့က လက်မှတ်ထိုးဖို့ စီစဉ်ပြီးသား၊ တင်မေထွန်းကလည်း ကျော်ဇော်ဝင်းကို ရှာနေတာ"

"ငါလည်း စိတ်မကောင်းဘူး၊ ကျော်ဇော်ဝင်း လုံးဝ ပြတ်သွားပြီလို့ ပြောနေတာ၊ သူ့ကောင်မလေးနဲ့ ယူတော့မယ် ဆိုတာလည်း ကြားပါတယ်၊ ဒီကောင် တစ်ခုခုညစ်နေတာတော့ အမှန်ပဲ၊ သူ့ကောင်မလေးကိုယူမယ်ဆိုတဲ့ကိစ္စ သူ့အဘိုးကြီးနဲ့ သူ့အဘွားကြီး သိသွားသလားမှ မပြောတတ်တာ"

ညဏ်သစ်နဲ့ လမ်းခွဲပြီး သေချာအောင် ထပ်စုံစမ်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေလေးနာရီထိုးတော့ ကျော်ဇော်ဝင်းအစ်မဝမ်းကွဲတစ်ယောက်နဲ့ ထပ်တွေ့တယ်။ သူထင်ထားတဲ့အတိုင်းပဲ ကျော်ဇော်ဝင်းသတင်းကို ကြားရတော့တယ်။

"နင်တို့အတွဲက ဖြစ်တော့လည်း တိုက်တိုက်ဆိုင်ဆိုင်၊ နင့်ကို အိမ်က အမွေဖြတ်တယ်၊ ဟိုကောင်ကလည်း ထောင်ထဲ ရောက်နေပြီ"

"ဒါဆို ကျွန်တော်ကြားတဲ့သတင်းက သေချာနေပြီပေါ့၊ နိုင်နိုင်တို့နဲ့အတူတူ ကျော်ဇော်ဝင်း ပါသွားတာကိုး"

"ဒီတစ်ခါတော့ သူ့အိမ်က လုံးဝပစ်ထားမှာ၊ ဒါမှလည်း ဒီကောင် မှတ်လောက်သားလောက် ဖြစ်သွားမှာ၊ နင်တို့အုပ်စုက ဆိုးကို ဆိုးလွန်းပါတယ်၊ ငါကနင့်ကိုပါ, ပါသွားပြီ မှတ်နေတာ"

"ကျွန်တော်က အဲဒါတွေနဲ့ မပတ်သက်ဘဲ နေတာပါ အစ်မရာ၊ ကျော်ဇော်ဝင်းလည်း ပြတ်နေတာ ကြာပြီပဲ၊ အခုမှ ဘာဖြစ်ပြီး နိုင်နိုင်တို့နဲ့ တွဲလဲမှ မသိတာ"

"နင်လည်း သတိထားနေဦး . . . အိမ်နဲ့ အဆင်မပြေတာနဲ့ ပေါက်ကရတွေ လျှောက်လုပ်မနေနဲ့၊ ဟိုတစ်ယောက်ကတော့ ထောင်ကျဖို့ သေချာနေပြီ၊ အနည်းဆုံး ခုနစ်နှစ်ပဲလို့ ပြောသံကြားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဘာဆက်လုပ်ရမှန်း မသိလောက်အောင်ပဲ စိတ်ညစ်သွားတယ်။ အခုချိန်မှာ သူ့အတွက် နေစရာ၊ သွားစရာ မရှိတာထက် ကျော်ဇော်ဝင်းအတွက် စိတ်ပူမိတယ်။ ပြီးတော့ တင်မေထွန်း . . . ဒီသတင်းဆိုးကို ပြောပြဖို့ အင်အားတွေ မရှိတာ အမှန်ပဲ . . .။ လမ်းပေါ်လျှောက်သွားနေရင်းကပဲ ညနေစောင်းလာခဲ့တယ်။

ကျော်ဇော်ဝင်းကတော့ ကံကြမ္မာငင်လို့ ထောင်နန်းစံရတော့မယ်။ သူကရော ဘာများထူးလို့လဲ . . . ပန်းနုသွေး တရားစွဲပြီဆိုတာနဲ့ အချုပ်ထဲ တန်းဝင်ရတော့မှာ။ အခုချိန်မျိုးမှာ အချုပ်ထဲ သွားနေတာမှ ကောင်းသေးတယ်။

သူ့ကိုများမတွေ့လို့ သူပျောက်နေလို့ တရားစွဲဆိုဖို့ အစီအစဉ် မလုပ်သေးတာများလား . . .။

စိတ်ကူးပေါက်ပြီး လမ်းဘေးဖုန်းကပဲ ပန်းနုသွေးဆီ ဆက်သွယ်လိုက်မိတယ်။ ကံကောင်းထောက်မစွာနဲ့ပဲ ဖုန်းကချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တန်းဝင်သွားတယ်။

"ဟဲလို . . . ပြောပါ"

တကယ်တမ်းကျတော့ စကားတွေက တစ်ဆို့နေဆဲ။

စိတ်ကို အတတ်နိုင်ဆုံး ထိန်းပြီး ပြောလိုက်ရတယ်။

"မင်းသုတပါ ပန်းနုသွေး"

"နင် . . . ဘာလို့ ငါ့ဆီဆက်ရတာလဲ မင်းသုတ"

"ဒီလိုပါ ပန်းနုသွေး၊ အခုချိန်မှာ ငါက ခိုကိုးရာမဲ့ လူတစ်ယောက်ဖြစ်သွားပြီ၊ နင်ကတော့ ငါ့ကို အမှုဖွင့်တရားစွဲဖို့ စီစဉ်နေတာ မဟုတ်လား . . . ငါရှောင်နေတယ် ထင်မှာစိုးလို့ပါ။ နင် အမှုဖွင့်ပြီးပြီလား . . . ဘယ်မြို့နယ်မှာ ဖွင့်တာလဲ . . .၊ အခု လောလောဆယ် ငါ့မှာ နေစရာ မရှိဘူး။ လမ်းပေါ်မှာ နေရတာထက် အချုပ်ထဲမှာနေရတာ ငါ့အတွက် ပိုပြီး လုံခြုံမလားလို့ပါ"

"ငါ့စိတ်ကို တမင်လာဆွနေတာလား မင်းသုတ"

"ငါ . . . အကောင်းပြောတာပါ၊ ငါကိုယ်တိုင်က အဖမ်းခံချင်နေတာ၊ ကဲ . . . ပြော . . . ငါ ဘယ်ကို သွားရမလဲ"

"တော်ပြီ မင်းသုတ"

ချက်ချင်းဆိုသလို ပန်းနုသွေးက ဖုန်းပိတ်ပစ်လိုက်တယ်။ နောက်တစ်ခါထပ်ဆက်လို့ မဖြစ်နိုင်မှန်းကို သူသိသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခြေဦးတည့်ရာလျှောက်သွားရင်းက တင်မေထွန်းဆီ စိတ်ရောက်သွားတယ်။ ဒီနေ့ မပြောဖြစ်ရင်တောင်မှ မနက်ဖြန်ဆို ကျော်ဇော်ဝင်းအကြောင်းကို မဖြစ်မနေပြောပြရတော့မယ်။ ဘီယာဆိုင်ရှေ့ရောက်တော့ စိတ်ညစ်ညစ်နဲ့ ဝင်ထိုင်လိုက်တယ်။ စားပွဲမှာထိုင်မိပြီးမှ ဘီယာမမှာဖြစ်ပဲ ခေါက်ဆွဲကြော်မှာပြီး ရေသန့် သောက်ဖြစ်တယ်။ ကျော်ဇော်ဝင်းက သူ့ကို သင်ခန်းစာပေးလိုက်တာလည်းပါတယ်။ အခုလိုအချိန်မျိုးမှာ မူးယစ်စေတတ်တဲ့ ဘီယာကအစ မသောက်တာ အကောင်းဆုံးပဲလို့ တွေးလိုက်မိတယ်။ ဆိုင်မှထွက်လာပြန်တော့လည်း ဘယ်မှာအိပ်စက်ရမှန်း . . . မသိ။

လမ်းပေါ် လျှောက်သွားရင်းကပဲ ဒီတစ်ညတာ ကုန်ဆုံးသွားလေမည်လား. . . ။



www.burmeseclassic.com

www.burmeseclassic.com

# (၅)

ရုံးဆင်းခါနီးမှာပဲ ကိုဗညားဇော် ရောက်လာခဲ့သည်။

အခုအချိန်အထိတော့ သူမနှင့် အဆက်အဆံကို မပြောင်းလဲသေးပေ။

"မင်းသုတကိစ္စများ အရေးပေါ်လို့လား ပန်းနုသွေး"

ကားတစ်စီးစီမောင်းရင်းကပင် လူရှင်းသော စားသောက်ဆိုင်တစ်ခုသို့ ဦးဆောင်ခေါ်သွားမိသည်။

အစားအသောက်တွေမှာလို့ပြီးတော့ ကိုဗညားဇော်က မင်းသုတအကြောင်း ပြောလာသည်။

တိုက်ဆိုင်စွာပင် ဖုန်းမြည်သံ ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ပင် ကောက်ကိုင်မိလိုက်တော့ မင်းသုတ ဆက်တာ ဖြစ်နေသည်။

မင်းသုတနှင့် စကားပြောနေတာကို, ကိုဗညားဇော် ကြားနေရမည်။

သူမအမူအယာတွေကိုလည်း ကိုဗညားဇော် အကဲခတ်နေ၏။

မင်းသုတစကားတွေကြောင့်ပင် သူမဒေါသ အထွတ်အထိပ်သို့ ရောက်ခဲ့ရသည်။

စကားဆက်မပြောချင်တော့လောက်အောင် စိတ်ကုန်သွားသောကြောင့် ဖုန်းကို ပိတ်ထားလိုက်ရသည်။

"ဘာလို့ ဒေါသကြီးနေရတာလဲ ပန်းနုသွေးရယ်"

"ဒါ တမင်တကာ သွေးတိုးစမ်းတာ၊ ပန်းနုသွေး တကယ် တရားမစွဲဖြစ်ဘူးဆိုတာကို သိလို့ တမင်ပြောတာ၊ ဒီကောင် ဘာတွေ ပြဿနာရှာဦးမလဲ မသိဘူး"

"ခွင့်လွှတ်လိုက်စမ်းပါ ပန်းနုသွေးရာ၊ သူ ဘာမှ ဆက်လုပ်နိုင်တော့မှာ မဟုတ်ပါဘူး၊ အခုလောက်ဆို သူ့အကြောင်းနဲ့သူ စိတ်ညစ်နေလောက်ပါပြီ၊ နောင်တလည်း ရရင်ရနေမှာပါ ပန်းနုသွေး"

သူမတို့ရှေ့သို့ လာချပေးသော စားသောက်ဖွယ်ရာများကို မထိတို့သေးဘဲ ပြောစရာရှိသည်များကို ပြောမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းသုတနဲ့ပတ်သက်ပြီး ဖြစ်ခဲ့တာတွေကိုရော ရှေ့ဆက်ဖြစ်နိုင်တဲ့ကိစ္စတွေအတွက်ပါ ကိုဗညားဇော်က တမင်သွေးအေးပြနေတာများလား"

"ဘာလို့များ ဒီစကားကိုရွေးပြီးမေးရတာလဲ ပန်းနုသွေး"

"တခြားမဟုတ်ဘူး ကိုဗညားဇော်၊ ပြီးခဲ့တဲ့တနင်္ဂနွေနေ့က လူကြီးတွေနဲ့ စေ့စပ်ကြောင်းလမ်းဖို့ မထင်မှတ်ဘဲ ပျက်သွားခဲ့ပြီမဟုတ်လား"

"ဟုတ်တယ်လေ ပန်းနုသွေး၊ အဲဒီအတွက် ကိုယ် အားလုံးစီစဉ်ပြီးသားပဲ၊ မင်းသုတကိစ္စက မထင်မှတ်ဘဲ ပေါ်လာတယ်၊ ပြီးတော့ ပန်းနုသွေး ဆေးရုံတက်ရတယ်လေ . . . ဘာဖြစ်လို့လဲ"

အခုချိန်အထိတော့ ကိုဗညားဇော်မျက်နှာမှာ အမူအယာပျက်ယွင်းခြင်းတို့ မမြင်မိသေး။ အဖြစ်အပျက်တွေကို ရိုးသားစွာဖြင့် ပြန်ပြောပြနေရှာ၏။

ဒါဆိုရင်တော့ ခိုင်ဝါနှင့် လက်ဝါးချင်းရိုက်ထားခဲ့သလို ပဲ ကိုယ်လိုချင်သည့် လမ်းကြောင်းပေါ်ရောက်အောင် ဆွဲတင်ရတော့မည်ပဲ။

"အခုလည်း ကြည့်လေ . . . မင်းသုတက ပန်းနုသွေးကို စိတ်အနှောင့်အယှက်ပေးနေပြန်ပြီ၊ ကိုဗညားဇော်တို့ တရားမစွဲ



www.burmeseclassic.com

www.burmeseclassic.com



စေချင်လို့ ပန်းနုသွေး . . . ဒီအတိုင်း လက်ပိုက်ကြည့်နေလိုက်ရပြီ၊ ပန်းနုသွေးနဲ့ ကိုဗညားဇော်တို့ကိစ္စကို ဘယ်လို ဆက်လုပ်ကြမလဲ”

“ပန်းနုသွေး ဘာဖြစ်စေချင်လဲ . . . ပန်းနုသွေးဆန္ဒအတိုင်း ကိုယ်ဖြစ်အောင်လုပ်ပေးမယ်”

“ပန်းနုသွေး လောရတာတော့ မဟုတ်ဘူး၊ မင်းသုတကိစ္စသာ မပေါ်ခဲ့ဘူးဆိုရင် ဒီစကားကို ပြောရမှာလည်း မဟုတ်ဘူး၊ စေ့စပ်ထားတဲ့အဆင့်နဲ့တင် မလုံလောက်တော့ဘူး၊ ဒီအခြေအနေအတိုင်းဆိုရင် ပန်းနုသွေးတို့ အမြန်ဆုံးနည်းနဲ့ လက်ထပ်မှ ဖြစ်တော့မယ်၊ မင်းသုတ တစ်ခုခုထပ်လုပ်လာမှာကို စိတ်ထဲမှာ အရမ်းကြောက်နေတယ်”

“ကောင်းပြီလေ . . . လက်ထပ်တာကို အမြန်ဆုံးဖြစ်စေချင်တော့ ကိုယ့်အတွက်ဝမ်းသာစရာပါပဲ၊ ကိုယ်စီစဉ်စရာရှိတာကို ချက်ချင်း စီစဉ်ပါ့မယ်၊ ကိုယ်လည်း အခုလိုကိစ္စမျိုး နောက်တစ်ကြိမ်ထပ်ဖြစ်မှာကို မလိုလားပါဘူး”

သူမစကားတွေကို နားထောင်ပြီးသည်နှင့် ကိုဗညားဇော်က စဉ်းစားမနေဘဲ ချက်ချင်းအဖြေပြန်ပေး၏။

ဒီအခြေအနေအရဆိုရင်တော့ သူမ,တွေးထင်ထားတာတွေက အလကားဖြစ်နေပြန်၏။ တကယ်တမ်းမှာလည်း မင်းသုတ



www.burmeseclassic.com

www.burmeseclassic.com



သာ စိတ်ဖောက်လွဲဖောက်ပြန်မဖြစ်ခဲ့ပါက သူမတို့နှစ်ယောက် မင်္ဂလာပွဲမှာ ဒီလောက်မြန်မြန်ဆန်ဆန် ဖြစ်စရာအကြောင်း မရှိပေ။

"တစ်ခုတော့ရှိတယ် . . . အမေတို့ အဖေတို့ကလည်း အခုအခြေအနေကို နားလည်မှုဖြစ်မယ်၊ သူတို့လည်း နားလည်ကြမှာပါ"

"လူကြီးတွေနားလည်အောင်တော့ ပန်းနုသွေးပဲ ကူပြောပေးပေါ့၊ ကိုယ့်အနေနဲ့ ပြောစရာရှိတာကိုလည်း ပြောပြမှာပါ"

ယောကျ်ားတစ်ယောက်နှင့် လက်ထပ်ဖို့ကိစ္စကို ပွင့်ပွင့်လင်းလင်းဆွေးနွေးမိသည့်တိုင် သူမရင်သည် ငြိမ်သက်နေဆဲ . . .။

"ပြောစရာ တစ်ခုတော့ရှိတယ် . . . ကိုဗညားဇော်အနေနဲ့ ပန်းနုသွေးကိုတော့ ရိုးမြေကျ ပေါင်းသင်းမှာပါနော်"

လွှတ်ခနဲထွက်လိုက်မိသော စကားကြောင့်ပင် ကိုဗညားဇော် ရယ်သွေးလွှမ်းတော့၏။

သူမစကားက ရယ်စရာကောင်းနေသည်တဲ့လား . . .။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းနုသွေးက ကိုယ်ထင်ထားတာထက်တောင် ရိုးသား လွန်းနေတယ်၊ ကိုယ်ရယ်မောမိတာလည်း ပန်းနုသွေးရဲ့စကားကို သဘောကျလွန်းလို့၊ ချစ်စရာကောင်းလွန်းလို့ ရယ်မိတာပါ။ ကိုယ် ရယ်လိုက်တဲ့အတွက် စိတ်မဆိုးသွားနဲ့ဦးနော်"

"စိတ်မဆိုးပေမယ့် အဲဒီလောက်ကြီး ရယ်ပစ်လိုက်တော့ တစ်မျိုးတော့ ဖြစ်တာပေါ့"

မင်းသုတကိစ္စ မပေါ်ခင်တုန်းကတော့ စကားတွေအရ ရော၊ လူချင်းအရပါ ရင်းနှီးပွင့်လင်းမှု မရှိခဲ့ကြတာ သေချာ၏။ အခုကျတော့လည်း တကယ့်ကို ရင်းနှီးသူများ ဖြစ်နေ၏။ ဖြစ်ပျက်ခဲ့ မှုကို အဆိုးဟုယူဆလျှင် နောက်ဆက်တွဲအကျိုးဆက်များကိုတော့ အကောင်းဟု ယူဆရမည်ထင်၏။

"ကိုယ်တွေးထားတာက တစ်မျိုး, ဖြစ်လာတာက တစ်မျိုး၊ အရင်အခြေအနေအတိုင်းမှာဆိုရင် ပန်းနုသွေးနဲ့ စေ့စပ်ထားမယ်၊ ကိုယ်တို့ချင်း ရင်းနှီးမှုယူမယ်၊ ကိုယ်တို့ကြားမှာ သံယောဇဉ်တွေ နွေးထွေးမှုတွေ တည်ဆောက်ကြမယ်၊ ပြီးမှ ကိုယ်တို့ဘဝကို ထူ ထောင်ကြမယ်လို့ တွေးထားတာ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ကျခဲ့ဖူးတဲ့သူ၊ အခြေအနေတစ်ခုအရ ပန်းနုသွေးကို လက်ထပ်သိမ်းပိုက်ရတာမျိုးကို မလိုချင်ခဲ့လို့ပဲ"

"အဲဒီအခြေအနေတွေအားလုံးဖြစ်လာအောင် ထိုင်စောင့်နေရင်တော့ မင်းသုတလက်ထဲမှာ ပန်းနုသွေးပါသွားမှာ သေချာတယ်၊ နေပါဦး . . . အဖြစ်အပျက်အမှန်ကို မသိရခင်တုန်းက ဒီအကြောင်းတွေကြားပြီး ကိုဗညားဇော် ဘယ်လိုနေလဲ"

သူမတို့အကြောင်းကို ကြားကြားချင်း . . . ကိုဗညားဇော် စိတ်ထဲ ရှိသည်များကို သိချင်သွား၍ မေးဖြစ်သည်။

ကိုဗညားဇော်ကလည်း ဖြစ်ခဲ့သည့် ခံစားမှုများကို မခြွင်းမချန် ပြန်ပြောပြသည်။

"ဒီသတင်းကြားတော့ ကိုယ်နေမရတာ အမှန်ပဲ၊ ပန်းနုသွေးတို့အချင်းချင်း မေတ္တာရှိပြီးသား ချစ်သူတွေဖြစ်ကြပြီးသားလို့ ထင်သွားခဲ့တယ်၊ တိုက်တိုက်ဆိုင်ဆိုင်ပဲလေ . . . စေ့စပ်ဖို့ စကားပြောခါနီးမှ ဒီလိုဖြစ်ခဲ့ရတာကို ပန်းနုသွေးကို ဆုံးရှုံးရပြီလို့ တွေးလိုက်ပြီး စိတ်မကောင်းဘူး၊ နောက်တော့ ကားတိုက်မှုဖြစ်တယ်ဆိုတော့ ပိုပြီးဆိုးတာပေါ့၊ ကိုယ့်ကြောင့်ပဲ ပန်းနုသွေးတို့နှစ်ယောက် ဒီလိုဖြစ်ရတာဆိုပြီး ဖြေလို့ မရပြန်ဘူး"

"အားလုံးကို သိသွားတဲ့အချိန်မှာရော . . . "



www.burmeseclassic.com

www.burmeseclassic.com



"စောစောကခံစားမှုတွေအားလုံး ဗုန်းခနဲ ပျောက်ကွယ်သွားတာပေါ့၊ ပျော်လည်း ပျော်မိတယ် . . . ပန်းနုသွေးနဲ့ ကိုယ်ရေစက်မကုန်တော့ဘူးဆိုတာ သိလိုက်ရတာပေါ့"

ကိုဗညားဇော်ကလည်း သူမထင်ထားတာထက် ရိုးသားနေ၏။ ကိုဗညားဇော်ပြောသော စကားလုံးတွေက သိပ်ပြီး အဆန်းအပြားမပါ။ ခံစားမှုကို တိုက်ရိုက်နီးပါး ကိုယ်စားပြုနေသည်ပဲ။

"ဒါနဲ့များတောင် မင်းသုတကို တရားစွဲဖို့ကိစ္စမှာ ကာဆီးကာဆီးလုပ်နေရသေးတယ်၊ မင်းသုတက ကိုဗညားဇော်ရဲ့ တကယ့်ရန်သူကြီးပဲဥစ္စာ"

"ဒါကတော့ ကိုယ်က လူကြီးနေရာမှာ နေရတာလေ၊ ပြီးတော့ မျက်နှာပူစရာတွေချည်းပဲ၊ ပန်းနုသွေးအနေနဲ့လည်း ဒေါသဖြစ်နေတဲ့အချိန်မို့ပါ၊ ဒေါသတွေ လျော့ပါးပြီး သွေးအေးသွားတဲ့အချိန်ကျရင် စိတ်မကောင်းဖြစ်မိမှာပဲ၊ မလုပ်သင့်တဲ့ ကိစ္စတစ်ခုကို ပန်းနုသွေးကပါ ထပ်မကျူးလွန်ဖို့ ကိုယ်ကြိုးစားရတာပေါ့၊ ပြီးတော့လည်း မင်းသုတက ပန်းနုသွေးရဲ့ ငယ်သူငယ်ချင်း၊ မင်းသုတနေရာကလည်း ကိုယ်ချင်းစာကြည့်တာပါ၊ သူလည်း ကိုယ်လက်ထဲကို ထည့်ပေးလိုက်ရဖို့ နှမြောတွန့်တိုပုံပေါ်တယ်၊ အဲဒီစိတ်ကနေပဲ ပန်းနုသွေးကို အဆုံးရှုံးမခံချင်တာ နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူမတို့နှစ်ယောက် ကျီစယ်ရာစကားတွေပြောနေချိန်မှာပင် မင်းသုတအကြောင်း ဝင်လာသောကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရသည်။

ချက်ချင်းဆိုသလိုပင် ကိုဗညားဇော်အား အပြစ်တင်လိုက်မိ၏။

"သူနဲ့ပတ်သက်ပြီးတော့ အဲဒီစကားမျိုးမပြောနဲ့၊ ပန်းနုသွေး မုန်းတယ်၊ သူ့ကို သတ်ပစ်ချင်လောက်အောင်ကို မုန်းတယ်၊ သူ့မျက်နှာကိုလည်း မမြင်ချင်ဘူး၊ သူ့အသံလည်း မကြားချင်ဘူး"

"ကဲပါ . . . မင်းသုတနဲ့ပတ်သက်ပြီး ကိုယ်တစ်ခုတော့ မေးကြည့်ချင်တယ် မေးခွင့်ပြုမလား"

"ဘာမေးမှာလဲ"

"မင်းသုတနဲ့ ပန်းနုသွေးတို့က ဟိုးငယ်ငယ်ကတည်းက ခင်လာကြတဲ့ သူငယ်ချင်းတွေ၊ မင်းသုတအနေနဲ့ဆို ပွေတာပဲရှိတာ၊ တကယ်လို့များ မင်းသုတဟာ သူ့ဘဝကို ပြင်ပြင်ဆင်ဆင်နဲ့ ဖြတ်သန်းလာတဲ့ ယောကျ်ားတစ်ယောက်ဖြစ်ခဲ့ရင် ပန်းနုသွေးကိုတောင် ကိုယ်စိတ်ကူးယဉ်ခွင့်ရမှာ မဟုတ်ဘူး၊ ကိုယ် ရိုးသားစွာ ပြောတာပါ၊ ပန်းနုသွေး စဉ်းစားမိလား"

"မသိဘူး စဉ်းလည်းမစဉ်းစားဘူး၊ အဖြေလည်း မပေးဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဒီကောင့်အကြောင်းကို ခေါင်းထဲက ထုတ်ထားပြီးပြီ၊ သူ့စကားတွေကိုလည်း ဘာတစ်ခုမှ အယုံအကြည်မရှိနိုင်ဘူး”

“သူက ဘာတွေပြောခဲ့လို့လဲ ပန်းနုသွေး”

“ဘာလို့ သိချင်တာလဲ မမေးနဲ့၊ မပြောပြဘူး”

“ထားပါတော့လေ . . . ပန်းနုသွေးက မင်းသုတကို မုန်းပေမယ့် ကိုယ်ကမမုန်းဘူး၊ ကျေးဇူးတောင် တင်နေသေးတယ်၊ ပန်းနုသွေးကို မြန်မြန်ဆန်ဆန် လက်ထပ်ခွင့်ရမှာရယ်၊ ပြီးတော့ ဒီလိုရင်းရင်းနှီးနှီး နေခွင့်ရလာတဲ့အတွက်ပေါ့”

အတင့်ရဲစွာဖြင့် သူမကိုယ်လေးကို ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်၏။ ရုတ်တရက်ကြီးမို့ ဘာလုပ်ရမှန်းမသိ။ ခဏကြာမှ အတင်းရုန်းဖယ်မိသည်။ မရုန်းဖယ်ခင်လေးမှာပင် သူမနဖူးစပ်ကို ခပ်ဖွဖွလေး ကိုဗညားဇော်နမ်းလိုက်သေး၏။

“နောက်တစ်ခါ ဒါမျိုးအခွင့်အရေး မယူရဘူးနော်၊ ကိုဗညားဇော်နဲ့ ပန်းနုသွေးက ဘာမှဖြစ်ကြသေးတာ မဟုတ်ဘူး”

“ကဲပါကွာ . . . ကပ်စေးနှဲတဲ့ ချာတိတ်မလေးရယ် . . . မင်္ဂလာဦးည မတိုင်ခင်အထိ ကိုယ်စောင့်စည်းပေးပါ့မယ်”

ကိုဗညားဇော်စကားသည် အဓိပ္ပာယ်များစွာပါပြီး သူမရင်ကိုလည်း လှုပ်ကိုင်သွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ခိုင်ဝါနှင့်တွေ့ဖြစ်ရင်တော့ ဒီအကြောင်းကို အမိကထား ပြီး ဆွေးနွေးဖြစ်ကြမှာ သေချာနေသည်ပဲလေ။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# (၆)

သူ့ခြေထောက်တွေက လမ်းများစွာကို လျှောက်ထားရတဲ့အတွက် ညောင်းချိချိ ဖြစ်ချင်နေတယ်။ အရင်ရက်တွေတုန်းက ညအမှောင်ကို ဒီလောက်ဂရုမထားဖြစ်ခဲ့ . . .။ ညက မှောင်သထက် မှောင်လာလေ နှင်းနဲ့အတူပဲ အေးစိမ့်လာတယ်၊ အဝတ်တစ်ထည် ကိုယ်တစ်ခု၊ ခြေဦးတည့်ရာဆိုတဲ့ စကားလုံးတွေက အခုမှ ပိုပီပြင်လာတယ်။

ဒီတစ်ညတာ နားခိုဖို့ကိစ္စက အရေးမကြီး။

လျှောက်သွားရင်းက အိပ်ချင်လာတဲ့အဆုံး . . . တည်းခိုခန်းမှာ ဝင်လိုက်ရင် ပြီးသွားမယ်။ သူမှာကျန်တဲ့ ငွေသားအချို့နဲ့

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆက်ဖို့ခရီး . . .။

လမ်းမပေါ်မှာ လျှောက်သွားနေရင်းမှာပဲ ဂျင်မီတို့အုပ်စုနဲ့ တည့်တည့်သွားတိုးတယ်။

"ဟေ့ကောင် . . . စီးတော်ယာဉ်မပါဘဲ တစ်ပွေတည်းတိုင်းခန်းလှည့်လည်နေတာလား"

ဂျင်မီတို့ကားပေါ်မှာတော့ မျက်နှာသိ သုံးလေးယောက်တွေ့ရတယ်။

"အေးကွာ. . . အိမ်မပြန်ချင်တာနဲ့ လျှောက်သွားနေတာ"

"လုပ်မနေပါနဲ့ကွာ . . . မင်းအိမ်နဲ့ အဆင်မပြေဖြစ်တာရော၊ အမွေဖြတ်ထားတာရော ငါတို့သိပြီးသားပါ။ ဒီညတော့ ငါတို့နဲ့လိုက်ခဲ့စမ်းပါ"

ဂျင်မီတို့ ကာရာအိုကေခန်းကို သွားမှာသူသိတယ်။ မလိုက်ချင်ပေမယ့် စိတ်သက်သာလို သက်သာငြား လိုက်သွားမိတယ်။

"မင်းက ဘာတွေလုပ်လို့ အမွေဖြတ်ခံရတာလဲ၊ ကားအက်ဆီးဒင့်လည်း ဖြစ်သေးတယ်ဆို၊ မင်းက ငါတို့နဲ့ အပေါင်းအသင်း မလုပ်ဘဲ ကျော်ဇော်ဝင်းနဲ့ သွားပေါင်းတာကိုး၊ ကျော်ဇော်ဝင်းလည်း အထဲမှာ မဟုတ်လား"

ဂျင်မီတို့က ကျော်ဇော်ဝင်းကိစ္စကို သိနေကြတယ်။ သူနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပန်းနုသွေးကိစ္စကိုတော့ သိပုံမပေါ်ကြဘူး။ အမွေဖြတ်တာကို ကျော်ဇော်ဝင်းကိစ္စနဲ့ ပတ်သက်တယ်လို့ပဲ အောက်မေ့နေကြပုံရတယ်။

ဟိုရောက်သွားတော့ ထုံးစံအတိုင်းပါပဲ . . . သူတို့ ငါးယောက် အခန်းထဲရောက်ပြီး မကြာခင်မှာပဲ ကောင်မလေးတွေ ရောက်လာကြတယ်။

မီးမှိန်မှိန်အောက်မှာပဲ ဆိုကြ၊ ပြောကြနဲ့ သီချင်းသံတွေ ရော၊ တီးတိုးသံတွေပါ ပျံ့လွင့်လို့နေတယ်။

"ကဲ . . . နွယ်လေးရေ . . . ငါတို့သူငယ်ချင်းကို ပျော် အောင် လုပ်ပေးပါဦး၊ စကားလေး ဘာလေး ပြောပါဦး"

သူ့အနားမှာလာထိုင်တဲ့ ကောင်မလေးက သူ့ရဲ့အေးစက် တဲ့ အပြုအမူကိုကြည့်ပြီး ဘာလုပ်ရမှန်းမသိဘူး။ သူကလည်း ထိုင်ခုံ ဆိုဖာကိုမှီပြီး မှေးနေမိတယ်။ ဂျင်မီတို့ ဘီယာသောက်ကြပေမယ့် သူကတော့ လုံးဝမသောက်ဖြစ်ဘူး။

ဂျင်မီရဲ့ ပွဲပိုးမှုကြောင့်ပဲ နွယ်လေးရဲ့ ဆည်းလည်းသံကို သူ ကြားရတော့တယ်။

"ကိုကြီး ဘီယာသောက်မလား"

"မသောက်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် သီချင်းဆိုလေ၊ နွယ်လေး ထည့်ပေးထားမယ်"

သီချင်းအယ်လ်ဘမ်ကိုယူပြီး နွယ်လေး သီချင်းရွေးတယ်။

"မင်း ဆိုချင်ရင်ဆိုပါ၊ ငါ ဘာမှ လုပ်ချင်ကိုင်ချင်စိတ်ကို မရှိဘူးဖြစ်နေတယ်"

"ပျော်ချင်လို့ ဒီကိုလာတာ မဟုတ်လား၊ ညှော့သည်ကို တာဝန်ကျေတဲ့အနေနဲ့တော့ နွယ်လေး တတ်သမျှမှတ်သမျှနဲ့ ပျော်အောင်ကူညီပေးမယ်နော်"

သူ့ကိုနွယ်လေးက ငတုံးအေလို့ ထင်မှာသေချာတယ်၊ တကယ်တော့ သူက ကျားနာတစ်ကောင်ဖြစ်နေမှန်း နွယ်လေး မသိရှာဘူး။

"ငါ ပျော်လို့မရတာတော့ သေချာတယ်၊ ဒီတော့ မင်း ဘာမှ မကြိုးစားနဲ့၊ မင်းပင်ပန်းမှာစိုးလို့ ငါပြောတာ"

သူမျှားတကာတွေကတော့ သူ့ဟာနဲ့သူ သဟဇာတ တည့်ပြီး အဆင်ပြေနေကြ၏။ ဘီယာတွေ မှာလိုက်၊ စားသောက်စရာတွေ မှာလိုက်နဲ့ ပျော်ရွှင်မှုဘုံလေးတစ်ခုကို တစ်ခဏ ဖန်ဆင်းနေကြတယ်။

"အစ်ကိုက တော်တော်စိတ်ညစ်နေပုံရတယ်၊ တိုက်တိုက်ဆိုင်ဆိုင်ပဲ အလုပ်သာ လုပ်နေရတာ . . . နွယ်လေးပြည်း



www.burmeseclassic.com

www.burmeseclassic.com



မပျော်ဘူး အစ်ကို”

နွယ်လေးဆီက ဒီစကားကြားတော့ ထူးဆန်းသွားတယ်။ အရင်တုန်းက ဒီလိုနေရာမျိုးတွေကို သူရောက်ဖူးနေတာပဲ။ ဒီအခန်းထဲ မီးမှိန်မှိန်အောက်မှာ ဘီယာသောက်ရင်း သီချင်းတွေဆိုရင်း၊ သာယာမှုအတုတွေကို နှစ်ဦးနှစ်ဖက် ဖန်တီးနေကျ . . .။

“ကဲ ဒါဆိုရင် . . . မင်းလည်း ပြောစရာဖြစ်သွားအောင် မင်းစိတ်ညစ်နေတဲ့အကြောင်းကို ပြောပြ၊ ငါ နားထောင်ပေးမယ်၊ ငါက နားထောင်ရုံသက်သက်ပဲနော် . . . ဘာထင်မြင်ချက်မှ မပေးသလိုပဲ ဘာမှပြန်ပြောမှာ မဟုတ်ဘူး၊ တကယ်လို့ နားထောင်နေရင်းက ငါအိပ်ပျော်သွားရင်လည်း မင်း ငါ့ကိုမနှိုးနဲ့၊ ဒီအတိုင်းပဲ ကြည့်နေလိုက်”

“ဒါဆိုရင် အတော်ပဲပေါ့ . . . ဒီအတိုင်း ငုတ်တုတ်ကြီး ထိုင်နေရတာထက်စာရင်တော့ တစ်မျိုးဖြစ်သွားတာပေါ့”

နိဒါန်းချီပြီး နွယ်လေးပြောပြတယ်။ နွယ်လေးက သမုဒ္ဒရာဝမ်းတစ်ထွာနဲ့ လူနေမှုအဆင့်အတန်းကို လိုက်မီဖို့ ကြိုးစားနေတဲ့ မိန်းကလေး။ နေမကောင်းဖြစ်နေရှာတဲ့ မိခင်ကို ရှာကျွေးနေသူ။ တကယ်တော့ နွယ်လေးက ညပျော်ငှက်ကလေးထက်စာရင်တော့ သိက္ခာရှိသောသူ . . .။



www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေရင်းကပဲ ဘာကိုမှ သူ မကြားသလိုဖြစ်သွားတယ်။ နွယ်လေးရဲ့ ဝမ်းတစ်ထွာ လူမှုဒုက္ခညည်းချင်းကပဲ သူ့ကို ချော့သိပ်သွားသလို ဖြစ်ခဲ့တော့တယ်။

ဂျင်မီ့ကျေးဇူးကြောင့်ပဲ တစ်ညတာကိစ္စကတော့ အလိုလိုပြီးဆုံးသွားခဲ့တယ်။ ဂျင်မီ့အိမ်မှာပဲ သူ လိုက်အိပ်ဖြစ်တယ်။ ဂျင်မီက သူနဲ့ အထက်တန်းကျောင်းတုန်းက အတူတူနေခဲ့ဖူးကြတာ။ ပန်းနုသွေးကိုလည်း ဂျင်မီသိတယ်၊ မနက်လင်းတော့ ဂျင်မီ့အဝတ်အစားတစ်စုံကို သူလဲလိုက်တယ်။

"ငါ မင်းကို ဆရာလုပ်တာတော့ မဟုတ်ဘူး မင်းသုတ၊ မင်းကလည်း အခြေအနေမရှိတဲ့ အသိုင်းအဝိုင်းမဟုတ်ဘူး၊ ငါလည်း ငါ့ကိုယ်ငါကောင်းတယ်လို့ မဆိုလိုဘူး၊ ဒါပေမဲ့ ငါကတော့ ငါ့မိဘအလုပ်ကို လုပ်တယ်၊ လွတ်လွတ်လပ်လပ် နေတယ်၊ မင်းလည်း မိဘစကားကို နားထောင်စမ်းပါ။ ပေါက်ကရတွေ မလုပ်နဲ့၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကိစ္စက ဘယ်သူမှ ကယ်လို့မရသလိုပဲ၊ ကိုယ့်ကိုယ်ကိုယ် ပြုပြင်မှ ရတာ၊ အဲဒီကိစ္စနဲ့ပဲ မင်း အချုပ်ထဲရောက်မှာ ထောင်ကျမှာကို ငါ စိုးရိမ်တယ်၊ ငါပြောတာကို နားလည်လား . . . အရက်သောက် တာ ကိစ္စမရှိဘူး၊ အဲဒီကိစ္စက လူ့ဘဝကိုရော လူ့အသက်ကိုပါ ဝါးမျိုမှာ၊ မင်း နားလည်မှာပါ . . . အခုချိန်မျိုးမှာ အဲဒါတွေ မလုပ် မိဖို့ အရေးကြီးတယ်၊ စိတ်ညစ်ပြီး အဲဒါတွေသုံးမိရင် ပိုဆိုးမယ်၊ ကျော်ဇော်ဝင်းက နမူနာပြသွားပြီပဲကွာ”

အပြင်ထွက်ခါနီးမှာ ဂျင်မီရဲ့အဆုံးအမတွေကို သူ နာခံ လိုက်ရသေးတယ်။ သူကတော့ ဘာဆိုဘာမှ ဖြေရှင်းချက် မပေးပါ ဘူး။ ဂျင်မီကတော့ ကျော်ဇော်ဝင်းရဲ့အဖြစ်အပျက်တွေကြောင့်ပဲ သူ့ကိုပါ သုံးစွဲနေသူလို့ ထင်နေတယ်။

မနေ့ကတည်းက သူ စဉ်းစားနေခဲ့တာ . . . တင်မေထွန်း ကို ပြောမယ့်စကားက အခုထိ အဆင်မပြေသေး။

မပြောလို့ကလည်း မဖြစ်။ အခြေအနေတွေက ဆိုးဝါးနေ တယ်။ ကြားရတဲ့သတင်းတွေအရ ကျော်ဇော်ဝင်း နှစ်ရှည်လများ ထောင်နန်းစံဖို့ ရှိနေတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျော်ဇော်ဝင်းအိမ် ကလည်း လိုက်မယ့်ပုံမပေါ်ဘူး။

တင်မေထွန်းအလုပ်ကို အရင်သွားမယ်။



www.burmeseclassic.com

www.burmeseclassic.com



တင်မေထွန်းကို အပြင်ခေါ် ထုတ်ပြီး တစ်ဆိုင်ဆိုင်ထိုင်ရင်း နားဝင်အောင် ပြောပြရမယ်။

ဒီသတင်းဆိုးကိုကြားရင်တော့ တင်မေထွန်းတစ်ယောက် ချုံးပွဲချငိုမှာ သေချာနေတယ်။

“တင်မေထွန်း အလုပ်မဆင်းဘူးရှင့်”

“ခင်ဗျာ . . . ဘာများဖြစ်လို့လဲ”

မနေ့ကတည်းက အသေအချာချိန်းထားတာ . . . မနေ့က မတွေ့ဖြစ်ရင် ဒီနေ့တွေ့မယ်ဆိုတာ အသေအချာပြောထားပြီးသား။

“သူ နေမကောင်းဖြစ်လို့ပါ”

“မနေ့ကရော အလုပ်ဆင်းလား”

“ဆင်းပါတယ်၊ မနေ့က အလုပ်ထဲမှာ မူးလဲကျသွားလို့ ကျွန်မတို့ပဲ ဆေးခန်းလိုက်ပို့ပေးလိုက်ရတာ၊ ရှင်က ကိုမင်းသုတ လား”

“ဟုတ်ပါတယ်ခင်ဗျာ”

“ရှင် ဒီနေ့ လာရင် . . . သူ့ကို ဆက်သွယ်ဖို့ ဖုန်းနံပါတ်နဲ့ လိပ်စာပေးထားခဲ့တယ်၊ ဖုန်းက တစ်ဆင့်ဖုန်းနော် . . . ဖုန်း အရင် ဆက်ပြီးမှ လာခဲ့ဖို့ မှာထားခဲ့လို့”

“ကျေးဇူးပါပဲဗျာ”



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ထဲက မိန်းကလေးတွေ သူ့ကို ကွက်ကြည့်ကွက်ကြည့် လုပ်နေကြတယ်။ ပေးလိုက်တဲ့ စာရွက်လေးကို အိတ်ထဲထည့်ပြီး သူထွက်လာခဲ့တယ်။ တင်မေထွန်းတစ်ယောက်တော့ နေထိုင်မကောင်းဖြစ်နေရတဲ့ကြားထဲ ကျော်ဇော်ဝင်းရဲ့သတင်းဆိုးကို ကြားရဦးမှာပဲ . . . ဟု စိတ်မကောင်းဖြစ်မိတယ်။

လမ်းဘေးဖုန်းကပဲ တင်မေထွန်းဆီ အရင်ဆုံး အဆက်အသွယ်လုပ်တယ်။ တင်မေထွန်းရဲ့လိပ်စာအတိုင်း သူ မသွားတတ်ဘူး၊ ဖုန်းထဲကနေပဲ လမ်းကြောင်းကို မေးပြီး ကားငှားသွားရမယ်။

ဖုန်းခေါ်လို့ရတော့လည်း ငါးမိနစ်လောက်တော့ ကိုင်ထားရတယ်။ ဖုန်းရှိတဲ့နေရာနဲ့ ဝေးသလား နီးသလား သူ မသိ။ ငါးမိနစ်လောက်ကြာမှ တင်မေထွန်းက ကိုင်တယ်။ နေမကောင်းဘူးဆိုပေမယ့် တင်မေထွန်းအသံက လူမမာသံ ပေါက်မနေဘူး။

"ကိုမင်းသုတလား"

"ဟုတ်တယ် တင်မေထွန်း"

"ကိုဇော့်ကို ရှာတွေ့ပြီလား"

"အေး . . . နင်နဲ့တွေ့ပြီးမှ ပြောမယ်လေ"

"ဒါဆိုရင် ကိုမင်းသုတနဲ့အတူတူ ကိုဇော်ရှိမနေဘူးပေါ့"

စကားပြောနေရင်းကပင် တင်မေထွန်း ရှိုက်သံပါလာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဖုန်းထဲကနေပဲ သူ ချော့လိုက်ရတယ်။

"နင့်အိမ်ကိုတော့ ငါမလာချင်ဘူး၊ ငါ လာလို့လွယ်မယ့် နေရာမှာပဲ ဆုံကြရအောင်၊ ငါ ဘယ်ကိုကားငှားလာရင် အဆင်ပြေမလဲ"

ကျော်ဇော်ဝင်း ပါမလာမှန်းသိတော့ တင်မေထွန်းလေသံက သိသိသာသာကို ပြောင်းသွားတယ်။ တင်မေထွန်းပြောတဲ့ အတိုင်းပဲ . . . စိတ်ထဲကနေ လိုက်မှတ်လိုက်တယ်။ ကျော်ဇော်ဝင်း အကြောင်းကို တင်မေထွန်းသိရင်တော့ ပိုပြီး ရင်ကွဲပက်လက်ဖြစ်မှာ သေချာတယ်။

"ကိုဇော် ကျွန်မကို တမင်ရှောင်သွားပြီ မဟုတ်လား ဟင်၊ ကိုမင်းသုတ အမှန်အတိုင်း ပြောစမ်းပါ"

သူတို့ထိုင်တဲ့ဆိုင်က လူရှင်းလို့ တော်သေးတယ်။ ထိုင်မယ်မှ မကြာသေးဘူး. . တင်မေထွန်းက မျက်ရည်တွေနဲ့ သူ့ကိုမေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို မဟုတ်ဘူး . . . ငါ ဘယ်လိုပြောရမှန်း မသိဘူးဟာ၊ နင့်ကိုသစ္စာမဲ့ပြီး ရှောင်တာမဟုတ်ဘူး၊ သူ့ပြဿနာနဲ့သူ နင့်ဆီကို လာလို့မရတာ၊ အဲဒီအတွက် ငါလည်း ဘာလုပ်ရမှန်း မသိဘူးဟာ"

"ကိုဇော် ဘာဖြစ်လို့လဲ ကိုမင်းသုတ၊ သူ ဘယ်လို ပြဿနာဖြစ်တာလဲ၊ ကျွန်မကို မကွယ်မဝှက်စတမ်း ပြောပြစမ်းပါ"

"နောက်ကြောင်းနည်းနည်းပြန်ကောက်မှ ရမယ် တင်မေထွန်း၊ ငါနဲ့ မတွဲဖြစ်ခင်တုန်းက ကိစ္စပဲ၊ ငါနဲ့တွဲနေတဲ့ ကာလတွေမှာတော့ လုံးဝကင်းရှင်းတယ်လို့ ငါထင်တယ်လေ၊ သူ့ကိုလည်း အဲဒါတွေ ပြန်မသုံးမိဖို့ ငါ အမြဲပြောတယ်၊ အဲဒီမှာပဲ နင်နဲ့သူ တွေ့တယ်၊ နင့်ကိုလည်း သူ တကယ်ချစ်တာပါ၊ သူ့ဘဝထဲမှာ နင် ပတ်သက်လာပြီဆိုတော့ သူ လုံးဝ မသုံးတော့ဘူးလို့ ငါထင်နေခဲ့တာ . . .၊ အခုတော့ဟာ နိုင်နိုင်တို့အုပ်စုနဲ့ ပြန်တွေ့ပြီး ဘယ်ကနေဘယ်လို ပြန်သုံးဖြစ်လဲ မသိဘူး၊ နိုင်နိုင်တို့အုပ်စုနဲ့အတူ ပစ္စည်းလက်ဝယ်မိပြီး သူ ထောင်ထဲရောက်နေပြီ၊ ဒါကြောင့် ငါ့သတင်းကို သူ မကြားနိုင်သလို . . နင့်ဆီလည်းရောက်အောင် မလာနိုင်ခဲ့တာပေါ့"

"ဒုက္ခပါပဲ ကိုမင်းသုတရယ် . . . သူ ဘယ်လောက်တောင် နှစ်တွေအများကြီး ကျမှာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အိမ်ကလည်း လိုက်မှာမဟုတ်ဘူး၊ အနည်းဆုံး ခုနစ်နှစ်ပဲ တင်မေထွန်း"

စောစောက မျက်ရည်ကျလွန်းတဲ့ တင်မေထွန်းဟာ အငိုရပ်ပြီး တွေတွေကြီးဖြစ်သွားတယ်။ တင်မေထွန်း နေမကောင်းဘူး ဆိုတာကို သတိရသွားတယ်။ မတော်တဆများ . . .။

"တင်မေထွန်း . . . သတိထားဦးလေ"

"ကျွန်မ ဘာဆက်လုပ်ရမလဲ ကိုမင်းသုတ"

"ဘာအတွက်လဲ . . . နင်တို့ လက်ထပ်ဖို့ကိစ္စလား"

"လက်မထပ်ဖြစ်တာထက် ဆိုးတဲ့အခြေအနေလေ . . . အခု ကျွန်မ အလုပ်ကထွက်ဖို့တောင် စဉ်းစားနေတာ၊ မနေ့က အလုပ်မှာ မူးလဲတယ်"

"နေမကောင်းတာလောက်နဲ့ ဘာလို့ အလုပ်က ထွက်စရာရှိလဲဟာ . . . ခုနစ်နှစ်ဆိုပေမယ့် ကျော်ဇော်ဝင်း ကံကောင်းရင် ကောင်းဦးမှာပါ"

"ဘယ်လိုလုပ် ကံကောင်းနိုင်မှာလဲ ကိုမင်းသုတရယ်၊ မနေ့က ဆေးခန်းရောက်သွားတဲ့ကိစ္စနဲ့ပတ်သက်ပြီး အလုပ်ထဲကလူတွေ သိကုန်ကြပြီ၊ ဒီနေ့ဆို အဲဒီအကြောင်းကို အားလုံးနီးပါး သိသွားကြတော့မယ်၊ အိမ်က ညီအစ်ကိုမောင်နှမတွေ မေမေတို့ဖေဖေတို့များ



www.burmeseclassic.com

www.burmeseclassic.com



သိရင် ဘယ်လိုလုပ်ရမလဲ မသိဘူး”

“ဘာဖြစ်လို့လဲ တင်မေထွန်း”

“ကျွန်မလည်း ရိုးရိုးနေမကောင်းတာလို့ ထင်တာ၊ ဆရာဝန်က ပြောတယ် . . . ကျွန်မမှာ ကိုယ်ဝန်နှစ်လ ရှိနေပြီတဲ့ ကိုမင်းသုတ”

“ဘုရား . . . ”

ယောင်ယမ်းပြီး သူ ‘ဘုရား’ တမိတယ်။ သူ့ဦးနှောက် တွေ တကယ့်ကို ခဏအတွင်းမှာ ခန်းခြောက်သွားတယ်။ သူ တင်မေထွန်းကို ဖျောင်းဖျမှုဖြစ်မယ်။ မဟုတ်ရင် လုပ်ချင်ရာတွေ လျှောက်လုပ်ပြီး တစ်ပူပေါ်နှစ်ပူဆင့် ဖြစ်ကုန်မယ်။

“ကျွန်မတော့ သေချင်တာပဲ သိတယ်၊ ကျွန်မအတွက်နဲ့ ရိုးသားကြတဲ့ ညီအစ်ကိုမောင်နှမတွေ မျက်နှာထားစရာ ရှိတော့မှာ မဟုတ်ဘူး”

“နင် ပေါက်ကရတွေတွေးပြီး လျှောက်မလုပ်ဘူးလို့ ငါ့ကို ကတိပေးစမ်း . . . တင်မေထွန်း”

“ကိုမင်းသုတက ဘာများတတ်နိုင်မှာမို့လဲ”

“ခေါင်းအေးအေး ထားစမ်းပါ တင်မေထွန်းရာ၊ ငါတစ်ယောက်လုံး ရှိနေတယ်၊ နင်နဲ့ကျော်ဇော်ဝင်းက တကယ်လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ကြတော့မယ့်လူတွေ၊ လက်ထပ်ကြဖို့ ရက်ပိုင်းအလိုမှာ ဒီပြဿနာက ရုတ်တရက်ဖြစ်ရတာ၊ ငါ့ကို ကတိပေးစမ်း . . . နင်တစ်ယောက် တည်းစိတ်ကူးနဲ့ ပေါက်ကရတွေ မလုပ်ဘူးဆိုတာကို"

"ကျွန်မကို ဘယ်သူမှ မကူညီနိုင်ပါဘူး၊ ပတ်ဝန်းကျင်ကို ဘယ်လိုရင်ဆိုင်ရမှာလဲ ကိုမင်းသုတရယ်"

"ငါ. . နင့်ကို နေ့တိုင်းလာတွေ့မယ်၊ ဒီကြားထဲ ကျော်ဇော် ဝင်းနဲ့ စကားပြောခွင့်ရအောင် ငါကြိုးစားမယ်၊ ငါတို့သုံးယောက် တိုင်ပင်ပြီး အကောင်းဆုံးဖြစ်အောင် တစ်ခုခုလုပ်ကြတာပေါ့၊ နင်သာ ပေါက်ကရတွေ လုပ်ပစ်လိုက်ရင် ငါတို့ တစ်သက်လုံး ဖြေလို့ရမှာ မဟုတ်ဘူး၊ နင် ငါ့ကို ကတိပေးစမ်းပါ"

"ကျွန်မအနေနဲ့ ဘာလုပ်လို့ဘာကိုင်ရမှန်း မသိလောက် အောင်ပါပဲ ကိုမင်းသုတရယ်"

"နင်ဘာမှ မစဉ်းစားနဲ့ နေမြဲအတိုင်းနေ၊ အလုပ်မဆင်း ချင်ဘူးဆိုလည်း အိမ်မှာပဲနေ၊ ငါ နင့်ကို နေ့တိုင်းလာတွေ့မယ်၊ ဒီရက်ပိုင်းမှာပဲ ဒီပြဿနာကို ငါ ရအောင်ဖြေရှင်းပေးမယ်၊ တင်မေ ထွန်း . . . နင့်ဆီက ကတိတောင်းခဲ့သလိုပဲ ဒီစကားတွေက နင့်ကို ငါ ကတိပြန်ပေးတာပဲ"

အခုအချိန်မှာတော့ ညကကြုံခဲ့သော မနွယ်၏ ဝမ်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ထွာလူမှုဒုက္ခက သေးသေးလေးဖြစ်သွားသလို . . . သူနဲ့ ပန်းနုသွေးတို့ ပြဿနာ၊ သူ့အိမ်မှ အမွေဖြတ်ခြင်းတို့က ခေါင်းထဲ ထည့်စရာအကြောင်း မဟုတ်တော့ . . .။



www.burmeseclassic.com

www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com

# (၇)

"ခိုင်ဝါဖြစ်စေချင်တာတွေ အခု တကယ်ဖြစ်ပြီပေါ့နော် မမ၊ မမနဲ့ ဦးဗညားဇော်က တကယ့်ကို ရှေ့သွားနောက်လိုက် ညီ တယ်"

မင်္ဂလာဆောင်မှာဝတ်ဖို့ အဆင်တွေရွေးရင်းကပင် ခိုင်ဝါပြော၏။

မှန်ရာပြောကြေးဆိုရင် . . . သူမနှင့် ကိုဗညားဇော်တို့အတွက်တော့ ခိုင်ဝါက အပစ်တော်သော ကျူးဗစ်မယ်လေးပင် ဖြစ်၏။

"မမတစ်ယောက်တည်းစိတ်နဲ့ဆို . . . အခုလောက် မြန်



www.burmeseclassic.com

www.burmeseclassic.com



မြန်ကြီး လက်ထပ်ဖြစ်မယ် မထင်ဘူးခိုင်ဝါ၊ ဒီစကားကို ကိုဗညား ဇော်ရှေ့မှာလည်း မမ ပြောဖြစ်သေးတယ်"

"မမကျေးဇူးတင်ရမှာ နောက်တစ်ယောက် ရှိသေးတယ်"

"ဘယ်သူများလဲ ခိုင်ဝါ"

"မင်းသုတ . . . လေ"

ခိုင်ဝါပြောတာ ဟုတ်သလိုလိုရှိသော်လည်း ဦးနှောက်က လက်မခံချင်ပေ။

"မဆိုင်ဘူး ခိုင်ဝါ . . . သူ့အကြောင်း မပြောနဲ့ကွာ၊ အခု အချိန်မျိုးမှာ မင်္ဂလာမဲ့တယ်"

"မင်းသုတမွှေလို့လည်း ဒီဇာတ်လမ်းက မြန်မြန်ဆန်ဆန် ဖြစ်လာခဲ့တာ၊ မင်းသုတနောက်ကို ပါသွားတုန်းက မပြောကောင်း မဆိုကောင်း အနိုင်ကျင့်ရင်တော့ ဘာတွေဆက်ဖြစ်မလဲ မသိဘူး နော် မမ"

"ဘာဖြစ်ရမှာလဲ ခိုင်ဝါ . . . အခုလို လမ်းပေါ်တောင် ရောက်ခွင့်ရှိမှာ မဟုတ်ဘူး၊ မင်းသုတ ကြိုးစင်ပေါ် တက်ရမှာပေါ့"

"အိမ်က အမွှေဖြတ်ထားတယ်ဆိုတော့ . . . မင်းသုတ ဘယ်မှာနေလို့ ဘာတွေလုပ်နေလဲ မသိဘူးနော်"

ဒီသတင်းကို မစုံစမ်းချင်သလို ကြားချင်စိတ်လည်း မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောကမှာ မင်းသုတ ရှိမနေတာ အကောင်းဆုံးဖြစ်၏။

မမြင်ရခြင်း၊ မတွေ့ရခြင်း၊ မကြားရခြင်းကပင် အပူအပင် ဒေါသတို့ ငြိမ်းနေရသည်ပဲ။

"သူ့အပြစ်နဲ့သူပဲ ခိုင်ဝါ၊ ဒီကိစ္စတွေအားလုံးကို သူကိုယ်တိုင် လုပ်ခဲ့တာပဲ"

"မမတို့မင်္ဂလာဆောင်ကို သူ တက်ဦးမှာလား မသိဘူးနော်"

"ဒီကောင်က အရှက်ရှိချင်မှ ရှိတာ၊ မျက်နှာပြောင်တိုက်ပြီး စိတ်ဒုက္ခပေးရင် ပေးနေဦးမှာ"

"အင်းလေ . . . သူ့တစ်ယောက်တည်းကို ရွေးပြီး မလာနဲ့လို့ တားလို့မှမရဘဲ၊ အခုလောက်ဆို နောင်တတွေဘာတွေ အကြီးအကျယ် ရနေလောက်မှာပဲနော်"

ဒီရက်ပိုင်းတွေမှာတော့ သူမဆီကို အဆက်အသွယ် မလုပ်ပေ။

မင်းသုတရန်ကတော့ အေးချမ်းသလောက် ရှိသွားခဲ့ပြီ။

မင်္ဂလာပွဲကိုတော့ မင်းသုတ . . . အနှောင့်အယှက်ပေးမည် မဟုတ်။

သူမကိုတော့ နောက်ဆုံးအချိန်ထိ စိတ်ဒုက္ခပေးရင် ပေး



www.burmeseclassic.com

www.burmeseclassic.com



နေမည်လေ။

သူမအတွက်အကြိုအပို့ကို ကိုဗညားဇော်ကပင် တာဝန်ယူထားသည်။ သူမနှင့်လည်း နေ့တိုင်းလိုလို တွေ့ဖြစ်ကြသည်။

ညနေအပြန်မှာ တစ်ဆိုင်ဆိုင်ထိုင်ရင်း အမြဲတမ်း စကားလက်ဆုံကျဖြစ်၏။

"ဒီနေ့ကို ထည့်မတွက်ရင် မင်္ဂလာဆောင်ဖို့ ကြား နှစ်ရက်ပဲလိုတော့တာပေါ့နော်"

အအေးသောက်ရင်းကပင် ပြောလိုက်သည်။

ကိုဗညားဇော်ကတော့ သူမကို သေသေချာချာကြည့်ပြီး

"အပျိုဘဝ ကုန်ဆုံးတော့မယ်ဆိုတာကို တွေးပြီး နှမြောနေလို့လား ပန်းနုသွေး"

"မဆိုင်ပါဘူး ပန်းနုသွေးမှာ လွမ်းရမယ့်သူလည်း မရှိဘူး။ ကိုဗညားဇော်သာ အဆက်ဟောင်းအတွက် တွေးတွေးပြီး စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဖြစ်နေတာ မဟုတ်လား”

သူမစကားကြောင့်ပင် ကိုဗညားဇော် ပြုံးသည်။

“ဘာပြုံးတာလဲ”

“တခြားမဟုတ်ပါဘူး၊ ပန်းနုသွေးပြောတာကို သဘောကျလို့ပါ။ ကိုယ့်မှာ ဘာအဆက်ပောင်းမှ မရှိဘူး၊ ကိုယ့်ရင်ထဲမှာ ကိုယ့်အတွေးထဲမှာ ပန်းနုသွေးတစ်ယောက်ပဲ ရှိတယ်၊ အခုရော နောက်နောင်တွေမှာရော ကိုယ့်ဘဝလေးမှာ ပန်းနုသွေးပဲရှိနေမှာ သေချာတယ်”

“ယုံအောင်ပြောနေမှတော့ ယုံရတော့မှာပေါ့ရှင်”

အခုချိန်ရောက်မှတော့ မယုံလို့လည်း မရတော့ဘူးလေ”

“ရဲရဲကြီး ယုံလိုက်စမ်းပါ ပန်းနုသွေးရာ၊ ပန်းနုသွေးကို လွယ်လွယ်နဲ့ ကိုယ်ရခဲ့တာမှ မဟုတ်ဘဲ”

“ဘာလဲ . . . မင်းသုတနဲ့ကိစ္စကို အမြဲအမှတ်ရနေမယ် ဆိုတဲ့ သဘောလားဟင်”

“မင်းသုတဆိုလို့ ပြောရဦးမယ်၊ ပန်းနုသွေးရော ကြားပြီး ပြီလား . . .”

သတင်းထူးဆိုတာတော့ ချက်ချင်းသိလိုက်၏။ မင်းသုတ ဘာတွေများ လုပ်ကြံဇာတ်လမ်းတွေ ထွင်ပြန်ပြီ မသိ။



www.burmeseclassic.com

www.burmeseclassic.com



"ထွေထွေထူးထူးတော့ ပန်းနုသွေး ဘာမှ မကြားမိပါဘူး၊ အကြောင်းထူးလို့လား . . ."

"ထူးတယ် ပန်းနုသွေးရဲ့၊ ပန်းနုသွေး မသိသေးတာတော့ သေချာတယ်၊ ဒီနေ့နေ့လယ်က မင်းသုတဖေဖေနဲ့ စကားပြောဖြစ်တယ်၊ အဖြစ်အပျက်က ပူပူနွေးနွေးဆိုတော့ ကိုယ့်ကိုတွေ့တာနဲ့ ရင်ဖွင့်တော့တာပဲ"

"ဘာလဲ . . . အမွေဖြတ်ထားတာတောင် အိမ်ပေါ်ပြန်ရောက်နေလို့လား"

"အိမ်ပေါ်ပြန်ရောက်တာထက် ဆိုးတာပေါ့ ပန်းနုသွေး၊ သူတို့ကို လာပြီး မိန်းမတောင်းခိုင်းလို့တဲ့"

"မိန်းမ တောင်းခိုင်းတယ်"

"ဟုတ်တယ် . . . ကိုယ်တို့ထက်ဦးအောင်များ တမင်လုပ်တာလား မသိဘူး၊ မင်းသုတ မိန်းမယူတော့မလို့တဲ့၊ အဲဒီအကြောင်း အသိပေးရင်း မိဘဝတ္တရားတွေ ဘာတွေပြောပြီး မိန်းမလိုက်တောင်းခိုင်းတာတဲ့"

"ဦးကတော့ အရမ်းဒေါသထွက်မှာပဲနော်၊ မင်းသုတကို ယူတဲ့ မိန်းကလေးကတော့ ကံဆိုးမိုးမှောင်ကျမှာ သေချာတယ်"

"ဒေါသဖြစ်ရုံ ဘယ်ကမလဲ၊ သားအဖြစ် အသိအမှတ်မပြု



www.burmeseclassic.com

www.burmeseclassic.com



တဲ့အတွက် တောင်းပေးစရာ မလိုဘူး၊ ဘယ်တော့မှလဲ အိမ်ကို မလာနဲ့လို့ မောင်းထုတ်လိုက်တယ်တဲ့ ပန်းနုသွေး”

“ကောင်းတယ် . . . ပန်းနုသွေးစဉ်းစားမိတာက အိမ်ပေါ် ပြန်တက်ချင်လို့ ဇာတ်လမ်းထွင်တာပဲနေမှာပါ ကိုဗညားဇော်ရာ၊ ဒုက္ခရောက်နေပြီဆိုတော့ အဲဒီကောင် ဉာဏ်နီဉာဏ်နက်သုံးတာပဲ နေမှာပါ”

“ကိုယ်ကတော့ တကယ်ဖြစ်ပါစေလို့ပဲဆုတောင်းတယ်”

ကိုဗညားဇော်ပြောလိုက်သော စကားကို ကောင်းကောင်း သဘောပေါက်လိုက်၏။

မင်းသုတ မိန်းမယူမည်ဆိုသောသတင်းကို အတည်ဖြစ် စေချင်ပုံရသည်။

ကိုဗညားဇော်နှင့် လမ်းခွဲပြီး အိမ်ပြန်ရောက်တော့လည်း မင်းသုတအကြောင်းကိုပင် အဖေနှင့်အမေတို့ ပြောနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့အဖို့တော့ မင်းသုတမိန်းမယူတော့မည့် သတင်းမှာ သူမတို့အသိုင်းဝိုင်းကြား၌ ပြောစရာစကားတစ်ခု ဖြစ်နေခဲ့၏။

ဒီအကြောင်းတွေကို ခိုင်ဝါကတော့ မသိသေး။ ခိုင်ဝါ သိရင်တော့ ထပင်ခုန်မည်လား။

ကိုဗညားဇော်ပြောသလိုပင် ဒီသတင်း အတည်ဖြစ်ပါစေ . . . ဟု သူမလည်း ဆုတောင်းဖြစ်ပြန်၏။

ထမင်းစားသောက်ပြီး အနားယူချင်လာသောကြောင့်ပင် အိပ်ခန်းဆီကို လာခဲ့သည်။

မေမေတို့ကတော့ မင်းသုတအကြောင်းကို ပြောနေကြ တုန်းပင် . . .

အိပ်ရာပေါ် လှဲမည်အပြုမှာ . . . စားပွဲပေါ်တင်ထား သော ဟန်းဖုန်းက မြည်လာ၏။

စိတ်အနှောင့်အယှက်ကင်းစွာဖြင့် ကောက်ကိုင်လိုက် သည်။ အရင်ရက်များကတော့ ဖုန်းမြည်တိုင်း ကောက်မကိုင်ဖြစ်ခဲ့။ မင်းသုတဖြစ်နေရင်ဆိုသောဒုက္ခဖြင့် တစ်ယောက်ယောက်ကို ကိုင စေပြီးမှ သူမ ကိုင်ဖြစ်ခဲ့သည်။

"အမိန့်ရှိပါရှင်"

"ပန်းနုသွေး"

www.burmeseclassic.com

www.burmeseclassic.com



နားထဲသို့ သံပူရည်လောင်းချလိုက်သလို ခံစားလိုက်ရ၏။

"ဘာကိစ္စရှိလို့ ဖုန်းဆက်တာလဲ မင်းသုတ"

"ဖုန်းမပိတ်ပစ်ဖို့ ငါ တောင်းပန်ပါတယ်၊ ဒီတစ်ခါ နောက်ဆုံးအနေနဲ့ နင့်ကို နှုတ်ဆက်တာပါ၊ နောက်နောင် ဘယ်တော့မှ ငါ အဆက်သွယ်မလုပ်ပါဘူး"

"ကောင်းပြီ . . . ပြောစရာရှိတာ ပြော"

"ငါ လက်ထပ်တော့မယ် ပန်းနုသွေး၊ နင်နဲ့ ကိုဗညားဇော်လို ဖိတ်စာတွေဘာတွေဝေပြီး တခမ်းတနား လက်ထပ်ဖြစ်တာ မဟုတ်တော့ နင့်ကို မဖိတ်တော့ပါဘူး၊ ဖေဖေတို့ကို အသိပေးပေမယ့် လုံးဝ အသိအမှတ်မပြုဘူးလေ၊ မနက်ဖြန် ရုံးတက် လက်မှတ်ထိုးပြီးတာနဲ့ ငါ . . . အိမ်ထောင်သည်တစ်ယောက် ဖြစ်သွားပြီ"

"ကောင်းတာပေါ့ . . . နင့်မိဘတွေ အသိအမှတ် မပြုပေမယ့် ငါတော့ ဝမ်းသာအားရနဲ့ အသိအမှတ်ပြုတယ် မင်းသုတ"

လှိုက်လှိုက်လှဲလှဲပြောသည်ကို ရွဲ့သည်ဟု မင်းသုတ ထင်လေသည်လား မသိ။

"မရွဲ့ပါနဲ့ ပန်းနုသွေး . . . ငါ့ရင်ထဲမှာ ဘာတွေဖြစ်နေလဲ ဆိုတာ ငါပဲ အသိဆုံးဟာ . . . ဒီဘဝမှာတော့ နင်နဲ့ငါ တကယ်ပဲ ဝေးသွားပြီ၊ နင်တို့မင်္ဂလာဆောင်ကိုတော့ ငါ မလာတော့ပါဘူးဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့ . . နင်လာခဲ့ရင် ကိုဗညားဖော်အတွက် စိတ်အနှောင့်အယှက် ကင်းသွားတာပေါ့"

"နင်တို့နှစ်ယောက်ဘဝ သာယာပါစေလို့ ငါဆုတောင်းတယ် ပန်းနုသွေး"

"နင်ဆုတောင်းကြောင့်တော့ မဟုတ်ဘူး၊ ငါ့ကို ကိုဗညားဖော်က ချစ်ပြီးအလိုလိုက်မှာဆိုတော့ ဒီဘဝတင်မကဘူး . . . နောင်သံသရာအတွက်ပါ ငါ စိတ်ချမ်းမြေ့ပြီးသားပဲ၊ ကိုယ် ချစ်ရတဲ့သူနဲ့ ပေါင်းဖော်ရခြင်းလောက် စိတ်ချမ်းသာတာ မရှိတော့ဘူး မင်းသုတ"

"တော်ပါတော့ဟာ . . . ငါ့အတွက်ကတော့ နင်ခံစားနေရတာနဲ့ အားလုံးဆန့်ကျင်ဘက်ပဲ၊ ငါ့အဖြစ်က ချစ်သူနဲ့ ထာဝရ ကွေကွင်းရခြင်းမျိုးလေ"

"နင်က မနက်ဖြန် လက်ထပ်တော့မယ်သာ ပြောနေတာ၊ ဘာလဲ . . . ငါ့ကို လွမ်းပြနေတာလား"

"ငါ . . . ဘာကိုမှ မရှင်းပြချင်တော့ဘူး ပန်းနုသွေး၊ နင်သေတဲ့အထိ ဒီစကားကို မှတ်ထား . . . ငါ နင့်ကို ဘယ်တော့မှ မေ့လို့ရမှာ မဟုတ်ဘူး"

ကြေကွဲဝမ်းနည်းစွာ အသံဖြင့် သရုပ်ဆောင်သွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေရင်းမှာပင် ဖုန်းလိုင်းက ပြတ်တောက်သွား၏။ ပြောချင်ရာပြောပြီး တမင်ပဲ ဖုန်းချလိုက်တာလား။ မတော်တဆ ပြတ်တောက်သွားတာလားတော့ ဝေခွဲမရပေ။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [ သုံး ]

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ရင်ကမ်းပြိုလို့ …

မျက်ရည်သောင်ထွန်း …။

အချိန်, ရက်, နှစ် …ကော

အိပ်မက်မြစ်ကြောမှာ

အချစ်မော အလွမ်းများရဲ့

နားခိုရာကျွန်း …။ ။

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# (၁)

ကိုဗညားဇော်နှင့်လက်ထပ်ပြီး ငါးလလောက်မှာ ကိုယ်ဝန်ရှိချင်သလိုလို တစ်ခါဖြစ်ဖူးသေး၏။ သေသေချာချာ စစ်ကြည့်မှ ကိုယ်ဝန်မဟုတ်မှန်း သိရသည်။

ကလေးလိုချင်သည်မှာ သူမတို့လင်မယားနှစ်ယောက် တင်မဟုတ်။ အမေနှင့်အဖေတို့ကလည်း မြေးချီချင်နေကြပြီ။

သားသမီးရရန်အတွက် သားဖွားမီးယပ်အထူးကုနှင့် ပြဖို့ အားလုံးက တိုက်တွန်းကြသည်။ ကိုဗညားဇော်ကလည်း အထူးကုနှင့် ပြဖို့စီစဉ်သည်။

ဆေးခန်းသွားပြသည့်နေ့မှာတော့ ခိုင်ဝါ့ကို အဖော်ခေါ် ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

“ဒီဆရာဝန်မကြီးက နာမည်ကြီးပဲ၊ လူနာလည်း များတယ်၊ ကိုယ်စာရင်းပေးတဲ့အချိန်မှာ အယောက်သုံးဆယ် ရှိနေပြီ”

“ဒါဆိုရင်တော့ ခိုင်ဝါ အကြာကြီးစောင့်ရမှာပေါ့”

“ဒါပေါ့ ခိုင်ဝါ၊ အဖော်ရအောင်ဆိုပြီး ခိုင်ဝါ့ကို တမင် ခေါ်လာခဲ့တာပေါ့”

ဆေးခန်းရောက်တော့ ဆေးခန်းအပြင်မှာ ကိုဗညားဇော် ကို စောင့်ခိုင်းရ၏။ ဆေးခန်းထဲမှာ ရှိနေကြသူများက မိန်းမတွေ ချည်းပင်။

“ကိုယ်ပါ လိုက်မှဖြစ်မယ်ထင်တယ်၊ နှစ်ယောက်စလုံးကို မေးတာမြန်းတာတွေ လုပ်ရဦးမှာ”

“အထဲ ဝင်မလိုက်ပါနဲ့ ကိုဗညားဇော်ရယ်၊ ပန်းနုသွေး အလှည့် ရောက်ခါနီးမှ ခိုင့်ဝါ့ကို ခေါ်ခိုင်းလိုက်မယ်လေ”

ကိုဗညားဇော်က စိတ်မချချင်။ တကယ်တမ်းကျတော့ သူမ က ကိုယ်ဝန်ဆောင်မဟုတ်။ ဆေးခန်းထဲမှာရှိနေကြသူများက ကိုယ်ဝန်ဆောင်သည်တွေ များ၏။

“ဟုတ်တယ် ဦးဗညားဇော် . . . ဒီနားကပဲ စောင့်နေ၊ ဝင်ခါနီးမှ ခိုင်ဝါ လာခေါ်ပါ့မယ်”



www.burmeseclassic.com

www.burmeseclassic.com



ခိုင်ဝါကပါ ဝင်ပြောတော့မှ ကိုဗညားဇော် ကျန်ရစ်နေခဲ့၏။

ခိုင်ဝါ့လက်ကိုတွဲရင်း ဆေးခန်းထဲသို့ဝင်ရန် ပြင်လိုက်သည်။

"ဟိုမှာ မင်းသုတ"

မင်းသုတကို မမြင်တာ မှတ်မှတ်ရရ သူမနှင့် ကိုဗညားဇော်တို့ အိမ်ထောင်သက်ပင် ဖြစ်၏။ မင်္ဂလာမဆောင်ခင်မှာ မင်းသုတနှင့် ဖုန်းပြောဖြစ်တာ နောက်ဆုံးဖြစ်သည်။ ခိုင်ဝါ့မျက်စိက လျှင်သည်ပဲ ပြောရမည်လား မသိ။ သူမတစ်ယောက်တည်း မျက်စိနှင့်ဆို မြင်မိမှာမဟုတ်ပေ။

"ဟုတ်ပါရဲ့ . . . သူ့အမျိုးသမီးကို ဆေးခန်းလာပြတာ ထင်တယ်"

"သေချာတာပေါ့ မမ၊ သူ့အမျိုးသမီးက အချောသားပဲ၊ ဒီလိုကျပြန်တော့လည်း မင်းသုတက ကြင်ကြင်နာနာရှိသားပဲ၊ အမျိုးသမီးကို အသေအချာတွဲပြီး ဂရုစိုက်နေလိုက်တာ၊ ပတ်ဝန်းကျင်မှာ သူတို့နှစ်ယောက်တည်းပဲ ရှိနေတယ်လို့ ထင်လားမသိဘူး"

ခိုင်ဝါ့စကားကို နားထောင်နေရင်းကပင် မင်းသုတနှင့် မျက်နှာချင်းဆိုင်လုနီးပါးဖြစ်လာ၏။ အသေအချာကြည့်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



မင်းသုတတစ်ယောက် အသားတွေညိုသွားပြီး နည်းနည်းလည်း ပိန်နေ၏။

"မျက်နှာချင်းဆိုင်ခါနီးတာတောင် ပတ်ဝန်းကျင်ကို ဂရုမထားဘူး၊ ဒီအတိုင်းဆက်သွား မမ . . . သူတို့ဘာသာ မိုးမမြင်လေမမြင်ဖြစ်ပြီး ကျွန်မတို့ကို ကျော်သွားလိမ့်မယ်၊ အထွေအထူး ရှောင်စရာတောင် မလိုဘူး"

ခိုင်ဝါပြောသလိုပင် မင်းသုတက ဘယ်သူ့ကိုမှ ဂရုမစိုက်။ ကိုယ်ဝန်ဆောင်အမျိုးသမီးဖြစ်သူကိုသာ ဂရုစိုက်လွန်းနေ၏။

လနှင့်ချီကြာပြီး မမြင်မတွေ့ဖြစ်ဘဲ ရုတ်တရက်တွေ့လိုက်ရတော့ ဒေါသတရားတွေကပဲ လွင့်ပါးသွားသည်လား . . . ဒါမှမဟုတ် အရင်အခြေအနေနှင့်မတူသော မင်းသုတရုပ်ရည်ကြောင့်ပင် ကရုဏာဖြစ်သွားမိသည်။ အိမ်နှင့်လည်း အဆက်အသွယ်မလုပ်။ အခုလိုအခြေအနေမှာ မင်းသုတတို့ ချို့တဲ့နေမှာ သေချာ၏။

"မင်းသုတ"

ခြေစုံရပ်ပြီး သူမ နှုတ်ဆက်လိုက်ခြင်းကြောင့် ခိုင်ဝါ အံ့သြသွားပုံရသည်။ သူမ နှုတ်ဆက်မှပင် မင်းသုတကလည်း အံ့အားသင့်သွား၏။

"ပန်းနုသွေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မင်းသုတ၊ ငါလည်း ဒီဆေးခန်းလာပြတာ၊ နင့်အမျိုးသမီးလိုတော့ ကိုယ်ဝန်လွယ်ထားရလို့ မဟုတ်ဘူး၊ ငါရော ကိုဗညားဇော်ရော ကလေးလိုချင်လွန်းလို့ လာပြတာလေ"

"ငါ့အမျိုးသမီးကတော့ မွေးခါနီးနေပြီ၊ ဆေးခန်းကို တစ်ပတ်တစ်ခါ လာပြရတယ် ပန်းနုသွေး၊ ငါတို့ သွားလိုက်ဦးမယ်"

"အေး"

သူမကိုမြင်ခဲ့ရင်လည်း မင်းသုတက ခေါ်မှာမဟုတ် . . .။ အခုလိုအခြေအနေမျိုးဖြင့် မင်းသုတ နှုတ်ဆက်ဝံ့မည် မထင်။ အခုတောင်မှ မိန်းဖြစ်သူနှင့် အသေအချာ မိတ်ဆက်မပေးဘဲ မျက်နှာငယ်လေးဖြင့် ထွက်သွားရှာ၏။

အခုချိန်မှာတော့ မင်းသုတတစ်ယောက် အစွယ်ကျိုးပြီး သနားဖွယ် သတ္တဝါလေး ဖြစ်နေပြန်သည်ပဲ။

မင်းသုတကို နှုတ်ဆက်လိုက်၍ ခိုင်ဝါက အပြစ်တင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ အသေအချာရှင်းပြတော့မှ ခိုင်ဝါ သဘောပေါက်သွား၏။ အခုလိုအချိန်မျိုးမှာတော့ အရင်တုန်းက အာဃာတတွေဖြင့် မင်းသုတအပေါ် မဆက်ဆံချင်ပေ။

ခိုင်ဝါကို ပြန်ပို့ပေးပြီး . . . အပြန်လမ်းမှာပင် မင်းသုတ အကြောင်းကို ပြောပြဖြစ်၏။

"ကိုယ်က ချက်ချင်းသိရမယ် ထင်တာ . . . ဒီပုံစံအတိုင်း ဆိုရင်တော့ သူစစ်ခိုင်းတာတွေစစ်ပြီး နောက်တစ်ပတ် လာပြရဦး မှာပေါ့နော်"

"အဲဒါတွေကြည့်ပြီး သိပ်မထူးခြားရင် ပိုသေချာအောင် အသားစကို စစ်ရမှာတဲ့၊ အဲဒီအခါကျမှ ကလေးရနိုင်မရနိုင်ဆိုတာ အဖြေပေါ်မှာလေ . . .၊ ဒါနဲ့ ကိုဗညားဇော်ကို သတင်းထူးတစ်ခု ပြောစရာရှိတယ်"

"ဘာများလဲ ပန်းနုသွေး"

"ကိုဗညားဇော်ကို ထားခဲ့ပြီး ဆေးခန်းထဲဝင်တော့ မင်း သုတကို တွေ့လိုက်တယ်"

"ဟုတ်လား . . . ကိုယ်လည်း ဖျတ်ခနဲ မြင်လိုက်သလိုလို ပဲ၊ လူများ တူတာလားလို့ ထင်နေတာ"

"တူတာ မဟုတ်ဘူး၊ အရင်ပုံစံအတိုင်း မဟုတ်တော့



www.burmeseclassic.com

www.burmeseclassic.com



တူတယ်လို့ ထင်လိုက်တာပါ၊ သူ့ကိုတွေ့တွေ့ချင်းမှာပဲ သနားသွားပြီး နှုတ်ဆက်လိုက်မိတယ်၊ သူတို့လင်မယား တော်တော်လေး ချို့တဲ့တဲ့ပုံပဲ”

“ပန်းနုသွေး စိတ်လျှော့လိုက်တာ တစ်မျိုးတော့ ကောင်းပါတယ်၊ နှုတ်ဆက်လိုက်တာလည်း သဘောထားကြီးကြောင်း ပြလိုက်ရာ ရောက်ပါတယ်”

ကိုဗညားဇော်စကားက သူမကို လှောင်လိုက်သလို ဖြစ်သွား၏။ အရင်တုန်းက အခြေအနေတွေကို ပြေးမြင်မိပြီး လိပ်ပြာမလုံချင်ပေ။

“ဒီပုံစံမျိုးနဲ့ ရုတ်တရက်တွေ့လိုက်ရတော့ သူငယ်ချင်းဆိုတဲ့အသိက ချက်ချင်းပြန်ပေါ်လာတာ၊ သူလုပ်ခဲ့တာတွေကို တကယ်ပဲ သတိမရနိုင်တော့ဘူး၊ အခုစကားပြောနေရင်းကပဲ စိတ်ကူးတစ်ခုတောင် ပေါ်လာတယ်”

“ဘယ်လိုစိတ်ကူးမျိုးလဲ ပန်းနုသွေး”

“တခြားမဟုတ်ပါဘူး မိန်းမချင်း ကိုယ်ချင်းစာတာရော၊ လွယ်ထားတဲ့ ကလေးအတွက်ပါ စေတနာထားမိတာလေ၊ မွေးခါနီးဖွားခါနီးဆိုတော့ သူတို့လိုတာတွေ အများကြီးရှိမယ်၊ မင်းသုတကလည်း ဒီနေ့အထိ သူ့အိမ်နဲ့ အဆက်အသွယ်လုပ်တာ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လေ၊ မင်းသုတဖေဖေက သဘောထားတင်းပေမယ့် မင်းသုတမေမေကတော့ သူ့သားနဲ့ ဆက်သွယ်ချင်တာ၊ မြေးရတော့မယ်ဆိုတာသိရင် မင်းသုတဖေဖေလည်း စိတ်ပြောင်းသွားနိုင်တယ်၊ မင်းသုတနဲ့ သူ့အိမ်နဲ့ ပြန်အဆင်ပြေဖို့ ငြိမ်းချမ်းရေးတမန် လုပ်ပေးမလားလို့လေ”

“ပန်းနုသွေးစိတ်ကူးက သာစုခေါ်ချင်စရာပါပဲ၊ ဒါပေမဲ့ ခဏာလေးပဲ စကားပြောလိုက်ရတာဆို သူတို့ဘယ်မှာနေလဲဆိုတာကို ပန်းနုသွေးက သိလိုက်ရလို့လား”

“သိတော့ဘယ်သိပါ့မလဲ . . . မွေးခါနီးဆိုတော့ တစ်ပတ်တစ်ခါ ဆေးခန်းပြရတာတဲ့၊ နောက်တစ်ပတ်ကျရင် တွေ့ရမယ် လေ . . . အဲဒီအခါကျရင် သေသေချာချာ မေးထားမှာပေါ့”

“ကိုယ် တစ်ခုပြောရဦးမယ်”

“ဘာများလဲ”

“ဟိုတစ်ချိန်တုန်းက မင်းသုတကို တရားစွဲမယ်လို့ ဒေါ်သနဲ့ အစီစဉ်တွေလုပ်တာ မှတ်မိသေးလား၊ အဲဒီတုန်းက ကိုယ်သာ နားမချနိုင်ခဲ့ရင် မလွယ်ဘူး၊ ထူပူနေတုန်းသာ မသိသာတာ၊ ပန်းနုသွေးတို့ချင်းက သံယောဇဉ်ရှိကြပြီးသားတွေပဲလေ”

“အဲဒီတုန်းက ပန်းနုသွေးကို ဖျောင်းဖျပေးတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



အများကြီး ကျေးဇူးတင်ပါတယ်ရှင်”

အပြောင်အနောက်သဘောဖြင့် ခပ်ပေါ့ပေါ့သာ ပြောလိုက်မိသည်။

မင်းသုတနှင့်ပတ်သက်ပြီး မြင်ရတွေ့ရပြန်တော့ အတားအဆီးမဲ့စွာပင် ကရုဏာစိတ်က အလိုလိုဖြစ်ပေါ်ခဲ့ရသည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# (၂)

ပန်းနုသွေးကို မမြင်မတွေ့ရတာ အတော်ကြာခဲ့တယ်။

ရက်တွေ လတွေ များခဲ့တယ်။

ရုတ်တရက်ကြီး တွေ့လိုက်ရတာရယ်၊ ပြီးတော့ ပန်းနုသွေးက စပြီး နှုတ်ဆက်လိုက်တာတွေကြောင့် ရင်ထဲမှာ ဘာဖြစ်သွားမှန်း မသိဘူး။

စကားတွေ အများကြီးပြောချင်ပေမယ့် ပြောမထွက်ဖြစ်ခဲ့ဘူး . . . ။

သူ့အနေနဲ့ လိပ်ပြာမလုံသလို . . . မရိုးသားတဲ့စိတ်တွေကြောင့်ပဲ နှုတ်တွေ ဆွံ့အနေခဲ့မှန်း သိသာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တင်မေထွန်းကို ပြန်ပို့ပြီး . . . ကားဆွဲရပေမယ့် စိတ်က မဖြောင့်ဘူး။ လမ်းကြောင်းတွေက တစ်ခုပြီးတစ်ခု ဆက်နေလို့ တော်သေးတယ်။ အငှားကားကို ပိုင်ရှင်အိမ်မှာ ပြန်ထားပြီး အိမ်အပြန်လမ်းမှာတော့ တစ်ခုခုကို လုပ်ချင်နေမိတယ်။

စိတ်တွေထွေပြီး . . . ဘီယာဆိုင် ထိုင်ဖြစ်ခဲ့တယ်။

"ဘယ်လိုလဲ မင်းသုတ . . . ငါ မင်းနဲ့သိတာ လေးငါးခြောက်လ မကတော့ဘူး၊ မင်း ကားစမောင်းကတည်းက ငါသိတာ အရက်တွေ ဘာတွေ မင်းမသောက်တတ်ပါဘူး"

ဘီယာဆိုင်ထဲကို ဝင်ကတည်းက ကိုထွန်းဦးက လှမ်းခေါ်တယ် . . . တစ်ဝိုင်းတည်းမှာ အတူထိုင်ပြီး သူ့ကိုမေးတယ်။

"ဟုတ်တယ် ကိုထွန်းဦး . . . ဒီနေ့တော့ ပင်ပန်းလွန်းလို့ နည်းနည်းချမလားလို့"

"မင်းမိန်းမက မွေးခါနီးပြီ မဟုတ်လား"

"အေးဗျာ . . . အဲဒီအတွက်ပဲ ကျွန်တော်အပင်ပန်းခံပြီ ပိုက်ဆံရှာနေတာ၊ ဗိုက်ခွဲမွေးရမှာဆိုတော့ ပိုက်ဆံကုန်မှာလေ . . .၊ ကလေးကတော့ အကျိုးပေးပါတယ်၊ ကားမောင်းပြီး စုတာရော၊ ကြိုကြား ပွဲစားလုပ်တာရော . . . ပိုက်ဆံစုမိပါတယ်"

"မင်းက အရင်တုန်းက သူဌေးသားဆို၊ မင်းမိန်းမကို ယူလို့



www.burmeseclassic.com

www.burmeseclassic.com



အိမ်က အမွေဖြတ်ထားတာဆို”

ကိုထွန်းဦးကတော့ သူ့ထက် အရင်ထိုင်လို့ ရေချိန်မှန်နေတယ်။ ကြားဖူးနားဝရှိထားတာတွေကြောင့်ပဲ မေးတယ်။

သူကလည်း ခပ်ဝါးဝါးနဲ့ လုံးထွေးပြီး ပြန်ဖြေဖြစ်တယ်။

“ဟိုတုန်းက ရွှေထီးဆောင်းခဲ့တာ အတိတ်မှာ ကျန်ခဲ့ပါပြီဗျာ . . .၊ ကျွန်တော်အာရုံက အတိတ်မှာ မရှိဘူး၊ အခု ပစ္စုပ္ပန်မှာပဲ ရှိနေတယ်ဗျာ၊ လူ့ဘဝဆိုတာ မမြင်နိုင်တာတွေ ဖြစ်တတ်သလို ဖြစ်နိုင်တာတွေလည်း ဖြစ်ချင်မှဖြစ်တာလေဗျာ”

သိပ်များများစားစားမူးအောင်တော့ မသောက်ဖြစ်ပါဘူး။

တင်မေထွန်းကလည်း နေ့စေ့လစေ့ကြီး။

သူ့အပြန်ကို တင်မေထွန်းက အမြဲမျှော်ပြီး ထမင်းစားစောင့်နေကျ။

တင်မေထွန်းကို သတိရသွားတယ်။

ရီဝေဝေဖြစ်ဆဲမှာပဲ . . . ကိုထွန်းဦးကို နှုတ်ဆက်ပြီး ပြန်ဖြစ်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘီယာသောက်ခဲ့တာကို တင်မေထွန်း မသိစေချင်ဘူး။ လမ်းထိပ်ကွမ်းယာဆိုင်မှာ ကွမ်းတစ်ယာကို အနံ့ပျောက်အောင် ဆိုပြီး မစားတတ်စားတတ်နဲ့ ဝင်စားလိုက်သေးတယ်။

တင်မေထွန်းကတော့ ဗိုက်တကားကားနဲ့ အိမ်အဝင်ကနေ ဆီးကြိုနေရှာတယ်။

“ကိုမင်းသုတ . . . ဒီနေ့ နောက်ကျသလိုပဲ၊ မေမေနဲ့ ညီမ လေးတောင် စောစောကမှ ပြန်သွားတာ”

“ကားသိမ်းခါနီးမှ ပွဲတစ်ပွဲဖြစ်နေလို့ပါ . . . ငါ ရေအမြန် ချိုးလိုက်ဦးမယ်”

စကားအမြန်ဖြတ်ပြီး အဝတ်အစားလဲ ရေချိုးလိုက်တယ်။ ထမင်းဝိုင်းထိုင်တော့ တင်မေထွန်းအသံ တိတ်နေတယ်။ သူ သောက်လာတာကို ရိပ်မိသွားသလား မပြောတတ်ဘူး။

ဗိုက်ထဲမှာ ပြည့်နေတော့ ထမင်းကလည်း အစားနည်း သွားတယ်။ ထမင်းစားပြီးတော့ မဂ္ဂဇင်းတစ်စောင်ကို မဖတ်ချင် ဖတ်ချင်နဲ့ လှန်ဖတ်နေမိတယ်။ ဘီယာတန်ခိုးကြောင့်ပဲ လူကတော့ မျက်ကြောစင်းချင်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းသုတ"

"ဘာလဲ တင်မေထွန်း"

"ဒီနေ့ မသောက်စဖူး သောက်လာတယ်မဟုတ်လား"

တင်မေထွန်းရဲ့ အကင်းပါးမှုကို သိချင်လို့မေးလိုက်မိတယ်။ သိသွားမှတော့ အမှန်အတိုင်းပဲ ဝန်ခံမိတယ်။

"နည်းနည်းပါးပါးပါ၊ နေပါဦး တင်မေထွန်း . . . ငါ သောက်လာတာကို နင် ဘယ်လိုလုပ်ပြီး သိလဲ"

"သိတာပေါ့ . . . ကွမ်းယာကို ဘယ်တုန်းက စားဖူးလို့လဲ၊ မစားတတ်စားတတ်နဲ့ စားထားတယ်၊ ပြီးတော့ အိမ်ပြန်ရောက် တိုင်း . . . ဒီနေ့ ဘယ်လိုနေသေးလဲ နေသာထိုင်သာရောရှိလား ဘာထူးခြားလဲ . . . အဲဒီအမေးစကားတွေကို လုံးဝ ကိုမင်းသုတ မပြောဘူးလေ၊ ထမင်းစားတာလည်း နည်းတယ်"

"အေးဟာ . . . ကိုထွန်းဦးတို့အုပ်စုက အတင်းတိုက်တာလေ၊ မငြင်းချင်တာနဲ့ နည်းနည်းပါးပါး လုပ်မိတာ"

"ကားသမားတော်တော်များများ သောက်တတ်စားတတ်တာကို သိပါတယ်၊ ဒါပေမဲ့ တင်မေထွန်းနဲ့ အတူနေကတည်းက ကိုမင်းသုတ တစ်ခါမှ မသောက်ဘဲ၊ ဒီနေ့ သောက်တာကလည်း သူများဆွယ်တာ မဖြစ်နိုင်ပါဘူး၊ ဘာကြောင့်သောက်ဖြစ်တာလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို တင်မေထွန်း သိပါတယ်”

တင်မေထွန်းက တကယ့်ကို ပါးပါးလှပ်လှပ်လေး . . .။

ပန်းနုသွေးနဲ့ပတ်သက်ပြီး သောက်တယ်ဆိုတာကို ပြောနေတယ်။

သူ မငြင်းချင်တော့ပါဘူး။

“ဆေးခန်းအထွက်မှာ ရုတ်တရက်ကြီး တွေ့လိုက်တာရယ်၊ မပန်းနုသွေးက စပြီး နှုတ်ဆက်တာတွေကို မခံစားနိုင်လို့ သောက်ဖြစ်တာ မဟုတ်လား၊ ကိုမင်းသုတတို့နှစ်ယောက်စလုံးရဲ့ မျက်နှာတွေကို ကျွန်မ အသေအချာ အကဲခတ်ကြည့်နေတာ၊ သံယောဇဉ်တွေကို တစ်ယောက်တစ်မျိုးစီနဲ့ မဖုံးနိုင်မဖိနိုင်ခဲ့ကြတာ မဟုတ်လား”

“နင်ပြောတဲ့စကားက ငါ့အတွက်ပဲ မှန်ပါလိမ့်မယ်ဟာ . . . ပန်းနုသွေးအတွက်တော့ မှန်မယ်မထင်ဘူး၊ ရုတ်တရက် နှုတ်

www.burmeseclassic.com

www.burmeseclassic.com



ဆက်မိပြီးမှ အခုချိန်လောက်ဆို မှားသွားပြီဆိုတာ နောင်တရရင် ရနေမှာ”

“မပန်းနုသွေးက ယဉ်ယဉ်လေးနဲ့ ချစ်စရာလေးနော်”

“ဒီစကားဘာလို့ ပြောရတာလဲ၊ သူလည်း သူ့ဘဝနဲ့သူ ဖြစ်နေပြီ၊ အဲဒါတွေအားလုံးဟာ အိပ်မက်တွေပဲ ဥစ္စာ”

ပြောရင်းကကိုပဲ ရင်ထဲမှာ ဆွေးဆွေးမြေ့မြေ့ဖြစ်သွားတယ်။ တင်မေထွန်းကတော့ သူ့အဖြစ်ကို အတော်လေး နားလည်ထားသူ။

ပြန်မြင်တွေ့ရပြန်တော့လည်း အားလုံးဟာ အသစ်တွေလိုပဲ ခံစားနေရပြန်တယ်။

“မပန်းနုသွေးကတော့ အဲဒီအိပ်မက်က နိုးထနိုင်ရင် နိုင်ပေမယ့် ကိုမင်းသုတကတော့ ဒီနေ့ဒီအချိန်ထိ ဆက်မက်နေတာ မဟုတ်လား၊ မပန်းနုသွေးကို ဘယ်လောက်ချစ်တယ်ဆိုတာ ကျွန်မအသိဆုံးပါ၊ တကယ်ပြောတာ . . . ပြောခွင့်ရရင်တော့ ကိုမင်းသုတကိုယ်စား မပန်းနုသွေးကို ကျွန်မပြောပြပေးမှာ”

“နင် နားလည်ပေးတဲ့အတွက် ငါ ကျေးဇူးတင်တယ် တင်မေထွန်း၊ ဘာပြောရမလဲဟာ . . . ဘဝတွေက ခြားပြီး လုံးဝ မဖြစ်နိုင်တဲ့ အခြေအနေမှာ ငါ မေ့မေ့ပျောက်ပျောက် ဖြစ်သင့်နေပြီ”



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းသုတက မပန်းနုသွေးကို မေ့မှာမဟုတ်ပါဘူး"

"မေ့လို့မရပေမယ့် မေ့ဖြစ်အောင်တော့ ငါကြိုးစားနေပါတယ်ဟာ၊ ဒါကို နင်အသိဆုံးပါ။ အခုဆိုရင် သိပ်မကြာတော့တဲ့ ကာလမှာ သားလေးတစ်ယောက်ကို ငါကောက်ရသလို ဖြစ်တော့မှာပဲဟာ"

သူ့ကိုကြည့်ရင်းကပဲ တင်မေထွန်း မျက်နှာလေးငယ်သွားတယ်။ တင်မေထွန်းတစ်ယောက် သတိရသွားပြီထင်ရဲ့။

"ဘာလဲ တင်မေထွန်း . . . နင် ကျော်ဇော်ဝင်းကို သတိရသွားပြီ မဟုတ်လား၊ အခုချိန်မှာ စိတ်မကောင်းစရာတွေကို နင်တွေးမနေနဲ့ . . . နင် ကျန်းမာမှ ဗိုက်ထဲက, ကလေးကို ချောချောမောမော မွေးနိုင်မှာ"

"ကိုဇော့်ကို သတိရတာထက် ကိုမင်းသုတအကြောင်းကို တွေးမိလို့ပါ"

"ဘာများလဲ ပြောစမ်းပါဦး"

"တခြား ထွေထွေထူးထူးတော့ မဟုတ်ပါဘူး . . ကိုဇော်နဲ့ ပတ်သက်ပြီး ကိုမင်းသုတကို သိခဲ့ရတယ်၊ နေပုံထိုင်ပုံ ပြောပုံဆိုပုံတွေကြောင့် အထင်မကြီးခဲ့တာတော့ သေချာတယ်၊ မထင်မှတ်ဘဲ ကျွန်မနဲ့အတူ နေဖြစ်ခဲ့ကြတယ်၊ တစ်နေ့ထက်တစ်နေ့ ကိုမင်းသုတ



www.burmeseclassic.com

www.burmeseclassic.com



ကို လေးစားလာသလို အရမ်းလည်း အားကိုးမိတယ်၊ ကျွန်မလေ အရင်တုန်းက ညအိပ်ရာဝင်တိုင်း ဘုရားရှိခိုးပြီးတာနဲ့ မိဘတွေကို ရှိခိုးတတ်တယ်၊ အခုဆိုရင် ကိုမင်းသုတကိုပါ ရှိခိုးပြီးမှ ကျွန်မ အိပ်ရာဝင်တာ”

သံယောဇဉ်တင်းစရာစကားတွေနဲ့ သူ့ရင်ကို တင်မေထွန်း ထိပါးလာပြန်တယ်။ သူ မနေတတ်မထိုင်တတ် ဖြစ်နေတယ်။

“ကဲပါ တင်မေထွန်းရယ် အိပ်တော့နော်၊ အိပ်ရေးဝ အောင် အိပ်တော့”

“ကျွန်မက အမြဲတမ်းနောက်မှအိပ်ရာဝင်နေကျပါ၊ ကိုမင်း သုတသာ အိပ်တော့လေ၊ မျက်ကြောတွေတောင် စင်းနေပြီပဲဥစ္စာ”

တင်မေထွန်းစကားကို ဆင်ခြေမပေးဖြစ်တော့ဘူး။

ဘီယာရှိန်ကြောင့်ပဲ သူ အိပ်ရာဝင်ဖြစ်ခဲ့တယ်။

တင်မေထွန်းပြင်ပေးထားတဲ့ အိမ်ရှေ့ခန်းမှာပဲ သူ အိပ်ပစ်လိုက်တယ်။ တင်မေထွန်းတစ်ယောက် အတွင်းခန်းထဲ ဝင်ပြီး ဘယ်အချိန်အိပ်သွားသလဲဆိုတာတောင် သတိမထားဖြစ် တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# (၃)

ဆရာဝန်စစ်ခိုင်းလိုက်သော ဆေးစစ်ချက်များကို ကိုဗညားဇော်က ဂရုတစိုက်ယူဖို့ ပြောသည်။ ခိုင်ဝါ့ကိုတော့ အဖော်အဖြစ် မခေါ်တော့ပေ။ ကိုဗညားဇော်နှင့် နှစ်ယောက်တည်း ထွက်လာဖြစ်၏။

"မင်းသုတတို့နဲ့ ဆေးခန်းမှာ ဆုံပါ့မလား ပန်းနုသွေး"

"ဆုံမှာပါ။ ပန်းနုသွေးတို့က နံပါတ်ရှစ်ပဲဥစ္စာ၊ ဒီထက်တော့ သူတို့ မစောနိုင်ပါဘူး"

"သူတို့နေတဲ့ နေရာကို မေးလိုက်ဦးနော်၊ တော်ကြာ . . . မင်းသုတမေမေ မေးရင် အသေအချာမပြောနိုင်ဘဲ နေဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့တွေ ဘာတွေလုပ်ကိုင်စားသောက်နေလဲ မသိဘူး နော် ကိုဗညားဇော် . . . မင်းသုတကလည်း အတော် ခေါင်းမာတာပဲ၊ အခုချိန်ထိ အိမ်နဲ့လုံးဝ အဆက်အသွယ် မလုပ်ဘူး၊ သူတို့ကြည့်ရတာ ချို့ချို့တဲ့တဲ့ပုံပဲ"

"အိမ်နဲ့ပြန်ပြီး အဆင်မပြေခင်မှာ . . . ပန်းနုသွေးအနေနဲ့ တစ်ခုခု ကူညီလိုက်ပါလား"

"မင်းသုတက အလွယ်တကူတော့ လက်ခံမယ့်ပုံ မပေါ်ဘူး ကိုဗညားဇော်"

"ပန်းနုသွေးတို့ မိန်းမချင်းနားလည်အောင်ပြောပြီး အကူအညီ ပေးလိုက်ပါ၊ အခုချိန်မှာ သူတို့အတွက် ငွေရေးကြေးရေး လိုအပ်နေမှာ သေချာတယ်"

ကိုဗညားဇော်ကတော့ အလိုက်သိလွန်းသူ ဖြစ်၏။ သူမ တစ်ခုခုလုပ်ပေးချင်သည်ကို သိနေပုံရ၏။ ကိုဗညားဇော်ကိုယ်တိုင် ကပင် လမ်းခင်းပြနေ၏။

"ဆေးခန်းမှာတွေ့ပြီးလို့ ကိစ္စပြီးရင် သူတို့နဲ့ တစ်နေရာရာမှာ သွားစကားပြောကြရင် ကောင်းမယ်နော်"

"ကောင်းတာပေါ့ . . . သူတို့အိမ်ထောင်ရေးအခြေအနေရော မင်းသုတရဲ့အခြေအနေပါ ကိုယ်တို့ သိရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူမတို့လင်မယားကတော့ မင်းသုတတို့နှင့် ပတ်သက်ပြီး အစီအစဉ်တွေ ဆွဲနေကြ၏။ ဟိုတစ်ပတ်က တွေ့တုန်းကတော့ ပြေပြေလည်လည်ပင် မင်းသုတ ဆက်ဆံခဲ့၏။ မင်းသုတစိတ်က လည်း အသိရ ခက်သည်ပဲ။

သူမ . . . ဆရာဝန်နှင့်ပြသည့်အချိန်အထိ မင်းသုတတို့ ရောက်မလာသေးပေ။ လူနာစာရင်းကိုကြည့်ရအောင်လည်း မင်း သုတ၏ မိန်းမနာမည်ကို မသိပြန်။ စာရွက်များကို ကြည့်ရင်းကပင် ဆရာဝန်မကြီးက မှတ်ချက်ပေး၏။

"နှစ်ယောက်စလုံးရဲ့ အနေအထားကတော့ ဘာမှချို့ယွင်း တာ မရှိဘူး၊ ဒီအတိုင်းဆိုရင်တော့ အသားစထုတ်ပြီး စစ်ကြည့်ရ တော့မှာပဲ"

တစ်ပတ်ခွာချိန်းပြီး အသေအချာစစ်ဆေးဖို့ ပြော၏။ ဆရာဝန်မကြီး၏ ပြောစကားကို သူမရော ကိုဗညားရော ပါ

www.burmeseclassic.com

www.burmeseclassic.com



သဘောတူခဲ့ကြသည်။

အခန်းထဲမှ ပြန်အထွက်မှာပင် ကိုယ်ဝန်ဆောင်သည်တွေကြားမှာ ထိုင်နေသော မင်းသုတအမျိုးသမီးကို တွေ့လိုက်ရ၏။

"ကိုဗညားဇော် . . . ဟိုမှာထိုင်နေတာ မင်းသုတရဲ့အမျိုးသမီး မဟုတ်လား"

"ကိုယ်တော့ အသေအချာ မမှတ်မိလိုက်ဘူး၊ ဟုတ်မယ်ထင်တယ် . . . ထိုင်ရာက ထလာပြီး ကိုယ်တို့ကို ပြုံးပြနေတယ်"

မင်းသုတအမျိုးသမီးက သူမတို့ရှိရာသို့ ထ,လာ၏။ ပိုသေချာသွားပြီမို့ လူမှားစရာအကြောင်း မရှိနိုင်တော့ပေ။

"ဒီနေ့တော့ မမပန်းနုသွေးက စောသွားတယ်နော်"

"ဟုတ်တယ် ညီမလေး၊ မင်းသုတရော အပြင်မှာ စောင့်နေလား"

"ဒီနေ့တော့ သူ မလိုက်လာဖြစ်ဘူး . . . မမပန်းနုသွေး"

"ဒီကောင်ကတော့ လုပ်လိုက်ရင် ဒီအတိုင်းပဲ၊ ဒါနဲ့ ညီမလေးဆေးခန်းပြပြီးရင် မမနဲ့စကားပြောဖို့ အချိန်ရတယ် မဟုတ်လား"

"ရတာပေါ့ . . . ညီမလေးကလည်း မမပန်းနုသွေးနဲ့ စကားတွေ ပြောချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ . . . မင်းသုတအကြောင်းတွေ မဟုတ်လား"

မိန်းမချင်း ကိုယ်ချင်းစာတာရော၊ ညီမလေးတစ်ယောက် အနေနှင့်ပါ သနားသွားမိသည်။

မင်းသုတ၏ အဆိုးအပေတွေကို ဘယ်လောက်တောင် ခံစားနေရသည် မသိပေ။

"ဟုတ်တယ် မမ၊ ဒါပေမဲ့ မမအမျိုးသားနဲ့ဆိုတော့ အကုန် လုံးပြောတောင် ပြောဖြစ်ပါ့မလား မသိဘူး"

သူမတို့နှစ်ယောက် စကားပြောနေစဉ်မှာပင် ကိုဗညား ဇော်က ဆေးခန်းအပြင်သို့ ထွက်သွား၏။ ကိုဗညားဇော်ကို အားနာနေပုံရသည်။

"ပြောလို့ရပါတယ် ညီမလေးရဲ့"

"မဟုတ်ဘူး မမ . . . မမအမျိုးသားရှိနေရင်တော့ ညီမ လေး ပြောထွက်မှာမဟုတ်ဘူး"

ကိုဗညားဇော်ရှိနေတာထက် မိန်းမချင်း ပြောကြဆိုကြ တာက ပိုလွတ်လပ်မည်ဟု အထင်ရှိပုံရသည်။

"ကောင်းပြီလေ . . . ကိုဗညားဇော်ကို မမဘာသာ ရှောင် ခိုင်းလိုက်ပါ့မယ်"

မင်းသုတမိန်းမ ကျေနပ်သွားပုံရသည်။ ကိုဗညားဇော်

www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ ဆေးခန်းအပြင်မှာ စောင့်နေမည်။ ပြီးမှ တစ်နေရာရာ သွားဖို့ပြောရင်း အပြင်ထွက်လာ၏။

မင်းသုတမိန်းမ မရောက်လာခင်မှာပင် ကိုဗညားဇော် ကို အကျိုးအကြောင်း ပြောပြထားလိုက်၏။

မင်းသုတမိန်းမရောက်လာတော့ ကိုဗညားဇော်ကို ပြော လိုက်သည်။

"ကိုဗညားဇော် . . . သွားစရာရှိတာ သွားလေ၊ ပန်းနုသွေး တို့ကို တစ်ဆိုင်ဆိုင် ပို့ပေးထားခဲ့၊ အေးအေးဆေးဆေးမှ ပြန်လာ ခဲ့ပေါ့"

သူမစကားအတိုင်းပင် ကိုဗညားဇော်က ယုတ္တိရှိအောင် လုပ်ပြပေးသည်။ တကယ်ဆို ကိုဗညားဇော်က တမင် ရှောင်ပေးရ ခြင်း ဖြစ်၏။ စကားပြောချိန်ကို တစ်နာရီခွဲလောက်ရအောင် ကြိုတင်ညှိပြီးသား ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး . . . အားရပါးရ စားနော်၊ မိန်းမတစ်ယောက်အတွက် ဒီအချိန်ဟာ အရေးကြီးဆုံးပဲ၊ အစစအရာရာ ဂရုစိုက်ရတာ၊ မမတို့တွေက အခုအချိန်ထိ ကလေးမရလို့ ကြိုးစားနေကြတုန်းပဲ ရှိသေးတာ"

"ဆရာမကြီးက ဘာပြောလိုက်လဲဟင်"

"အသားစထုတ်ပြီ စစ်မယ်လို့ ပြောတာပဲ၊ အဲဒီကျမှ ကလေးရနိုင်မရနိုင်ဆိုတာ သိရမှာလေ ညီမလေး၊ ညီမလေးကိုရော မင်းသုတက ဂရုစိုက်ရဲ့လား၊ ဒီလိုနေ့မျိုးမှာ သူ ပါလာသင့်တာပေါ့၊ အရမ်းဂရုစိုက်နေရမှာ . . . ဒီကောင် ဒီအတိုင်းပါပဲ"

"ဂရုစိုက်ပါတယ် မမ၊ ဒီနေ့ မလိုက်လာဖြစ်တာကလည်း မမတို့နဲ့ ဆုံမှာစိုးလို့ သူရှောင်တာပါ"

"ဘာရယ်"

ကြားရသောစကားကြောင့်ပင် အံ့သြသွားမိသည်။ သူမတို့ကို ဘာကြောင့်များ မင်းသုတ ရှောင်တိမ်းရပါလိမ့်။

"ဒီအကြောင်းတွေကိုပြောပြချင်လွန်းလို့ မမနဲ့နှစ်ယောက်တည်းတွေ့ဖို့ တောင်းဆိုရတာပေါ့၊ ကိုမင်းသုတနဲ့ပတ်သက်ပြီး ညီမလေး ပြောပြချင်လို့ပါ"

"ဘာတွေများလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဓိကအကြောင်းကတော့ ဒီနေ့အထိ မမပန်းနုသွေးကို သူ မမေ့နိုင်ဘူးဆိုတဲ့အကြောင်းနဲ့ သိပ်ချစ်ခဲ့တဲ့အကြောင်းပါ၊ ပြီးတော့ မမပန်းနုသွေး မသိနိုင်သေးတဲ့ ညီမလေးနဲ့ ကိုမင်းသုတ တို့ရဲ့ အကြောင်းတွေပါပဲ"

သူမရှေ့မှာ ရှိနေသော မင်းသုတ၏မိန်းမတစ်ယောက်က မထင်ထားသော စကားတွေကို ပြောပြနေ၏။

တစ်ခုခု မှားယွင်းနေတာတော့ သေချာနေပြီ။

"ညီမလေးပြောတဲ့ စကားတွေကို မမ နားမရှင်းသလို အရမ်းလည်း အံ့သြတာပဲ၊ ဒီစကားတွေကို ဘာအတွက် ပြောရတာလဲ"

"ဒီလိုပါ မမ . . . တကယ်တော့ အခုလွယ်ထားရတဲ့ ကိုယ်ဝန်က ကိုမင်းသုတနဲ့ရတဲ့ ကိုယ်ဝန်မဟုတ်ပါဘူး၊ ကိုမင်းသုတက ညီမလေးရဲ့ အရှက်နဲ့ဘဝကို ဘယ်သူမှ မသိလိုက်ဘဲ ကယ်တင်ခဲ့တာပါ"

"ဘာတွေလဲကွယ် . . . အခုကိုယ်ဝန်က . . . ပြီးတော့ ညီမလေးနဲ့ ပတ်သက်ခဲ့တဲ့သူက ဘယ်ရောက်နေလို့လဲ၊ မင်းနဲ့ မင်းသုတတို့ ဘယ်လိုဆက်သွယ် ပတ်သက်ခဲ့ကြတာလဲ"

"ဒီကိုယ်ဝန်ပိုင်ရှင်ဖြစ်တဲ့ ကိုကျော်ဇော်ဝင်းက ကိုမင်း



www.burmeseclassic.com

www.burmeseclassic.com



သုတ ရဲ့ သူငယ်ချင်းပါ၊ အခုချိန်မှာ သူက ထောင်ထဲမှာပါ မမ”

ကျော်ဇော်ဝင်းဆိုသော အမည်နာမကြောင့်ပင် မှတ်မိနေသော နောက်ထပ်နာမည်တစ်ခုကို လွှတ်ခနဲ မေးလိုက်မိသည်။

“ဒါဆို ညီမလေးက တင်မေထွန်းပေါ့နော်”

“ဟုတ်ပါတယ် မမ . . . မမကို၊ ကိုမင်းသုတ ကားတင်ပြေးတဲ့နေ့မှာ လူကြီးတွေဆီ ဖုန်းဆက်ခဲ့တာ ညီမလေးပါပဲ၊ ကိုမင်းသုတက တကယ်သနားဖို့ကောင်းတဲ့ စိတ်ကောင်းနှလုံးကောင်းရှိတဲ့ ယောကျ်ားတစ်ယောက်ပါ မမရာ”

အိပ်မက်တွေလား . . . ဟု ဝေခွဲမရနိုင်။

ကြားရသော စကားများ၊ အဖြစ်အပျက်များက ပုံပြင်တွေလိုပင် . . . ။

တင်မေထွန်း ပြောပြနေသော ဖြစ်ရပ်တွေကြောင့်ပင် စိတ်တွေ လှုပ်ရှားနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးပြောပြခဲ့တဲ့စကားတွေကို နားထောင်ပြီးတော့ ဟုတ်မှဟုတ်ပါ့မလားလို့ မထင်လိုက်ပါနဲ့၊ တကယ်ဖြစ်ရပ်တွေပဲ မမ၊ ဒီအကြောင်းတွေကို ညီမလေးရဲ့မိဘတွေ မောင်နှမတွေတောင် သိကြတာ မဟုတ်ပါဘူး၊ ကိုမင်းသုတက ညီမလေးအပေါ်မှာ လိုအပ်တာထက် တာဝန်ကျေလှပါတယ်၊ ဂရုလည်း စိုက်ပါတယ်၊ အဲဒီကျေးဇူးတွေကြောင့်ပဲ မမကို ညီမလေးပြောပြရတာပါ၊ အခုချိန်မှာ ဒီစကားတွေကြားရလို့ ဘာမှ အကျိုးမရှိပေမယ့် ကိုမင်းသုတအပေါ် မြင်နေတဲ့အမြင်တွေကိုတော့ ချေဖျက်နိုင်မယ်လို့ ထင်ပါတယ်၊ ဒီနေ့အထိ မမအပေါ် သံယောဇဉ်မကုန်သလို မေ့လို့လည်း မရဘူး၊ မမကို တကယ်ချစ်ခဲ့တာပါ . . . ယုံပါ မမရယ်၊ ဒီစကားတွေကို မပြောသင့်ဘူးဆိုတာသိပေမယ့် မမကိုသိစေချင်လို့ပါ”

တင်မေထွန်း၏ စကားတွေက သူမကို တိတ်ဆိတ်ငြိမ်သက်စေခဲ့၏။

သူမတို့သိသော မင်းသုတကို ပြန်လည်တွေ့လိုက်ရခြင်းမှ ဟုတ်ပါလေ . . . စ . . . ဟု တွေးမိပြန်၏။

ရင်ထဲမှာ တစ်မျိုးကြီးဖြစ်နေပေမယ့် စကားကိုတော့ ကြည့်ကောင်းအောင် ပြန်ပြောလိုက်ရ၏။

“ကဲ . . . ပြီးတာတွေကို ထားလိုက်ကြပါစို့ကွယ်၊ အခု



www.burmeseclassic.com

www.burmeseclassic.com



မွေးဖို့ဖွားဖို့ရော ညီမလေးတို့ အဆင်ပြေရဲ့လား”

“ညီမလေးကို ကိုမင်းသုတ လက်ထပ်လိုက်တော့ ကိုယ်ဝန် နှစ်လ စွန်းနေပြီလေ၊ ကိုဇော်ကလည်း ခုနစ်နှစ်ကျသွားတယ်၊ အဲဒီ ကတည်းက အငှားကားမောင်းပြီး ကိုမင်းသုတ ပိုက်ဆံစုခဲ့တာ၊ မမတို့နဲ့ ပြန်တွေ့ဖြစ်တဲ့နေ့ကပဲ သူ စိတ်မကောင်းတွေဖြစ်ပြီး ဘီယာ တစ်ခါသောက်တယ်”

“ကဲပါလေ . . . အခုချိန်မှာ မမကတော့ မင်းသုတမိဘ တွေ ပြန်အဆင်ပြေဖို့ ကြိုးစားထားပြီးသား ဖြစ်နေပြီ၊ ဒီအကြောင်း တွေကို မမမှ မသိဘဲကိုး၊ မင်းသုတမေမေကလည်း သူ့ယောက်ျားကို နားချနေတယ်၊ ဘာပဲဖြစ်ဖြစ် မွေးတဲ့ဖွားတဲ့ အချိန်မှာတော့ ညီမ လေးတို့ကို ဒီအတိုင်းပစ်ထားကြမှာ မဟုတ်ဘူး၊ အခုလည်း မမ ပိုက်ဆံပေးထားမယ်။ ငြင်းဖို့ မကြိုးစားနဲ့၊ မမပေးတာကို လက်ခံ ထားပါ၊ မမရဲ့ဖုန်းနံပါတ်ကိုလည်း ပေးထားခဲ့မယ်၊ အရေး အကြောင်းဆို ညီမလေး ချက်ချင်းဆက်သွယ်နော်”

“ဟုတ်ကဲ့ပါ မမ . . . ဘာမှမဖြစ်နိုင်တော့တဲ့ အခြေအ နေမျိုးဆိုပေမယ့် ကိုမင်းသုတကိုတော့ မမ နားလည်ပေးလိုက်ပါ နော်၊ ကိုမင်းသုတ တကယ်သနားဖို့ကောင်းပါတယ်”

ခေါင်းညိတ် ခေါင်းခါဖို့ အင်အားတွေ သူမမှာ မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



ပြီပဲ . . . ။

တင်မေထွန်းတစ်ယောက် နားလည်လေမည်လား မသိ။

www.burmeseclassic.com

www.burmeseclassic.com

# (၄)

တင်မေထွန်းစကားတွေကို ကြားရတာ ကျောချမ်းသွားတယ်။

ပန်းနုသွေးနဲ့တွေ့ပြီး ဒီစကားတွေ ပြောဖြစ်လိမ့်မယ်လို့လည်း မထင်ထားတာအမှန်ပဲ။

တင်မေထွန်းကတော့ တစ်ဖက်သတ် မှတ်ချက်တွေတောင် ချနေလိုက်သေးတယ်။

"ကျွန်မတို့နှစ်ယောက်အကြောင်းတွေကို ပြောပြလိုက်တယ်၊ ပြီးတော့ ကိုမင်းသုတရဲ့ခံစားချက်တွေကိုလည်း ပြောပြတယ်၊ မပန်းနုသွေးတော့ တစ်ချက်တည်း ငိုင်ကျသွားတာပဲ၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားရကျိုး နပ်ပါတယ်၊ ကိုမင်းသုတရဲ့ ချစ်ခြင်းတရားကို သူ ကောင်းကောင်း သဘောပေါက်သွားပါပြီ"

"မဖြစ်နိုင်တာဘဲ တင်မေထွန်း၊ သူလည်း သူ့ဘဝနဲ့သူ ဖြစ်နေပြီ၊ ငါလည်း ငါ့ဘဝနဲ့ငါ ဖြစ်နေပြီ၊ ဒီစကားတွေက တကယ် တော့ နှစ်ဦးနှစ်ဘက်အတွက် ဘာမှအကျိုးရှိစေမှာ မဟုတ်ဘူး"

"အကျိုးရှိတာ မရှိတာထက် ကိုမင်းသုတအပေါ် အထင် သေးအမြင်သေးတဲ့ကိစ္စကိုတော့ ချေဖျက်သွားတာပေါ့"

"ဒီပုံစံအတိုင်းဆိုရင် . . . မေမေတို့ကတော့ ရအောင် ဆက်သွယ်မှာ သေချာနေတယ်၊ ဇာတ်တွေကတော့ ရှုပ်ဦးမှာပဲ"

"တွေးပြီး ပူမနေပါနဲ့ ကိုမင်းသုတရယ်"

"ပူရတာပေါ့ တင်မေထွန်း . . . ကျော်ဇော်ဝင်းကလည်း ထောင်ထဲမှာ၊ နင်ကလည်း မွေးခါနီးဖွားခါနီး၊ အင်း . . အခြေအနေ အားလုံးကို ပန်းနုသွေးက ရှင်းပြလိုက်တော့ မဆိုးဘူး"

"ဒီအကြောင်းတွေကို ဘယ်သူမှ မသိစေရပါဘူးလို့ ကတိ တော့ ပေးသွားတာပဲ"

"တစ်မျိုးတော့ ကောင်းပါတယ် . . . ပန်းနုသွေးသိထား တော့ အကျိုးတော့မယုတ်ဘူး၊ တစ်ချိန်ချိန်မှာတော့ ဒီအကြောင်း တွေကို လူတွေသိသွားကြမှာပဲ ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ . . . ကလေးမွေးပြီးတာနဲ့ ကိုမင်းသုတက ကျွန်မတို့သားအမိကို ပစ်သွားတော့မှာလား"

တင်မေထွန်းမေးသော စကားမျိုးကိုပင် သူ စဉ်းစားနေဖြစ်တာ ကြာပြီပဲ။

ကျော်ဇော်ဝင်းထောင်ကျတာ တကယ်တော့ ခုနစ်နှစ်မဟုတ် . . ဆယ့်နှစ်နှစ်ကျခံနေရတာ။ တင်မေထွန်း စိတ်မကောင်းမှာစိုးလို့ ငါးနှစ်ကို လျှော့ပြောဖြစ်ခဲ့တယ်။

"ငါနဲ့ ကျော်ဇော်ဝင်းတို့ ကတိတစ်ခုထားခဲ့ကြပြီးမှ ငါ နင့်ကို လက်ထပ်ခဲ့တာ"

"ဘာကိစ္စမျိုးလဲ ကိုမင်းသုတ"

"ကျော်ဇော်ဝင်း မလွတ်မချင်း နင်နဲ့ကလေးကို စောင့်ရှောက်ဖို့ ငါ ကတိပေးခဲ့ပြီးသားပါ"

"တကယ်တွေးကြည့်ရင်တော့ ကိုမင်းသုတအတွက် ဘာတစ်ခုမှ အကောင်းမရှိဘူးနော်"

"ဒီလိုပြောလို့လည်း ဘယ်ဖြစ်မလဲ . . . မမြင်ရသေးတဲ့ သားလေးက ဘယ်ဘဝအထုံရေစက်နဲ့ လာတွေ့ရတာလဲမှ မသိတာ၊ ဒီဘဝမှာ ကိုယ်ဖြစ်တာတွေ ကိုယ့်ဆန္ဒတွေ ဆုံးရှုံးရမှတော့ နင်တို့ မိသားစုဘဝကိုပဲ ငါတတ်နိုင်သမျှ ဖြည့်ဆည်းပေးနေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအနေနဲ့ မပန်းနုသွေးကို ဒီစကားမျိုးတွေ ပြောဖြစ်ခဲ့လို့ ကိုမင်းသုတ စိတ်မဆိုးနဲ့နော်၊ ကျွန်မအနေနဲ့ ကျေးဇူးဆပ်ခွင့်တစ်ခုကို ခရီးသွားဟန်လွဲသဘောမျိုးနဲ့ လုပ်လိုက်မိတာ၊ ကိုမင်းသုတရဲ့ ကျေးဇူးတွေက တကယ်ဆိုရင် ဆပ်လို့မကုန်နိုင်အောင်ပါပဲ"

ဘာပဲပြောပြော ကျော်ဇော်ဝင်းကတော့ ဆယ်နှစ်ကျော်ကျော်လောက် ထောင်ထဲမှာ နေ, နေရမှာ။ အခုတောင်မှ ကျန်းမာရေးမကောင်းလို့ ထောင်ဆေးရုံ တက်နေရတယ်။ ဒီအကြောင်းကိုတော့ တင်မေထွန်း စိတ်ညစ်မှာစိုးလို့ မပြောပြဖြစ်ဘူး . . .။

"ငါကလည်း စဉ်းစားပြီးသားပါ၊ အဲဒီကျေးဇူးတွေ ကျေအောင် တစ်ခုခုကို ငါပြန်တောင်းမှာ"

"ဘာများလဲဟင်"

"တခြားတော့မဟုတ်ဘူး တင်မေထွန်း . . . ဒီဘဝမှာ ငါအိမ်ထောင်ပြုချင်မှ ပြုတော့မှာ၊ နင်မွေးမယ့်သားလေးကို ငါတကယ်ပဲ အပိုင်မွေးစားမယ်၊ ကျော်ဇော်ဝင်းကတော့ သဘောတူမှာ၊ နင်ကရော ငါ့ကို ပေးနိုင်ပါ့မလား"

တကယ့်ကို လိုလိုလားလားနဲ့ တောင်းဆိုလိုက်တာ တင်မေထွန်း ငိုင်သွားလိမ့်မယ်လို့ ထင်ထားခဲ့တယ်။ လက်တွေ့မှာတော့



www.burmeseclassic.com

www.burmeseclassic.com



ပြုံးရွှင်စွာနဲ့ တင်မေထွန်း ချက်ချင်း ပြောတယ်။

"ပေးရမှာပေါ့ အပိုင်ကိုပေးမှာ၊ ဒီကလေးက ကိုမင်းသုတနဲ့ အများကြီးဆိုင်နေတာပဲ၊ သူ့ကို လွယ်ထားကတည်းက ဒုက္ခတွေကို, ကိုမင်းသုတပဲ ခံခဲ့တာ၊ ကျွန်မကလည်း ကြည်ကြည်ဖြူဖြူနဲ့ ပေးမှာပါနော်"

မကြာမီ လူ့လောကထဲရောက်လာတော့မယ့် ကလေးနဲ့ ပတ်သက်ပြီး သူတောင် ဒီလောက်ဖြစ်နေရင် ဖခင်ဖြစ်သူကတော့ ဆိုဖွယ်ရာ မရှိ။

ဆေးရုံပေါ်ရောက်နေတဲ့ ကျော်ဇော်ဝင်းဘဝကတော့ ဘာတွေ ဖြစ်လာမလဲလို့ မတွေးရဲ . . .။

တကယ်ဆို ဒီရက်မှာ သူ ခရီးမသွားသင့်မှန်း သိတယ်။ မသွားလို့လည်း မဖြစ်ဘူး။ တစ်လတစ်ခေါက်တော့ ကျော်ဇော်ဝင်းဆီ ရောက်အောင်သွားရတယ်။ အရင်တစ်ခေါက်တုန်းက ကျော်



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဝင်း မကျန်းမာလို့ ဆေးရုံတင်ဖို့ စီစဉ်နေမှန်း သူ သိခဲ့ရတယ်။

"တိုက်ဆိုင်မှုဆိုတာ ဖြစ်တတ်တယ် တင်မေထွန်း၊ မသွားလို့ကလည်း မဖြစ်ဘူး၊ ငါ ကျော်ဇော်ဝင်းဆီသွားတုန်း နင် မွေးရင်တော့ ဒုက္ခပါပဲ"

"စိတ်ဖြောင့်ဖြောင့် သွားပါ ကိုမင်းသုတရယ်၊ ကိုဇော့်ကိုလည်း ပြောလိုက်ဦး . . . ကျန်းမာရေး ဂရုစိုက်ဖို့နဲ့ လိမ်လိမ်မာမာနေလို့"

"ဆရာဝန်ပေးထားတဲ့ရက်က နီးနေပြီ၊ သွားသာသွားရမှာ ငါ စိတ်မချချင်ဘူး"

"စိတ်ချပါ . . . ကျွန်မမိဘတွေရော၊ ပြီးတော့ မပန်းနုသွေးတို့ရော ရှိနေကြတာပဲ၊ ပြီးတော့ ဒီလောက်မြန်မြန်ဆန်ဆန်ကြီး မမွေးလောက်သေးပါဘူး"

ကျော်ဇော်ဝင်းဆီသွားဖို့ ဒီတစ်ခေါက် စိတ်အတော် လေးနေမိတယ်။ တင်မေထွန်းကိုတော့ စိတ်လေးနေတဲ့အကြောင်း မပြောဖြစ်ဘူး။

ဒီတစ်ခေါက်ရောက်သွားရင်တော့ ကျော်ဇော်ဝင်း ဆေးရုံကနေ ဆင်းရင်တောင် ဆင်းဖြစ်မယ်ထင်တာပဲ။

ကျော်ဇော်ဝင်းအတွက် ပူရတာတစ်မျိုး၊ တင်မေထွန်း မွေး



www.burmeseclassic.com

www.burmeseclassic.com



မှာဖွားမှာကို ပူရတာတစ်မျိုးကြောင့် စိတ်လေးနေတာ ဖြစ်မှာပါလို့ ဖြေလိုက်ရတယ်။

ကျော်ဇော်ဝင်းက ရန်ကုန်မှာမရှိတော့ သွားရလာရတာ အတော်ခရီးထောက်တယ်။ ကျော်ဇော်ဝင်းကတော့ လတိုင်းမလာဖို့ ပြောပါတယ်။ တကယ်တမ်းကျတော့ ကျော်ဇော်ဝင်းစကားကို နားထောင်ဖို့ ခက်နေပြန်ရော၊ ဒီကြားထဲ ကျန်းမာရေးမကောင်းတော့ ပိုစိတ်ပူရတယ်။

ဒီတစ်ခေါက်တော့ ကျော်ဇော်ဝင်းအတွက် စားစရာ သောက်စရာတွေ သိပ်များများစားစား မပါလာခဲ့ဘူး။ တင်မေထွန်းကလည်း နေ့စေ့လစေ့ကြီးဆိုတော့ အရင်လို ဖွယ်ဖွယ်ရာရာတွေ မလုပ်ပေးနိုင်ပါဘူး။

အကျဉ်းခန်းကို လှမ်းမြင်လိုက်ရရင်ပဲ ရင်ဆို့သွားတယ်။ တွေ့နေမြင်နေရတဲ့ အကျဉ်းသားတွေကိုကြည့်ပြီး စိတ်မကောင်းဖြစ်ရတယ်။ မိုက်ပြစ်ကို ချွေးကြွေးဆပ်ရတယ် ဆိုပေမယ့် အဲဒီမိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြစ်က ဘာရယ်မဟုတ်တဲ့ လွဲချော်မှုတစ်ခုလေ . . ။ ဟိုရောက်ရင်ပဲ သူ့လုပ်နေကျ ကိစ္စတွေကို လုပ်ဖို့ပြင်ဆင်လိုက်တယ်။

"ခင်ဗျား ကျော်ဇော်ဝင်းဆီလာတာ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆိုရင်တော့ ခင်ဗျားယူလာတဲ့ ပစ္စည်းတွေကိုပြန်ယူရင် ယူသွား . . . ၊ ဒါမှမဟုတ် . . . ဒီက အကျဉ်းသားတစ်ယောက် ယောက်ကို ပေးရင်ပေးထားခဲ့တော့"

ကြားရတဲ့စကားကြောင့် ဘာပြောရမှန်းမသိ ဖြစ်သွားတယ်။

ကျော်ဇော်ဝင်း ဒီနေရာမှာ မရှိတော့တဲ့သဘော . . . ၊ ရောဂါအခြေအနေဆိုးလို့ တခြားတစ်နေရာကို ရွှေ့လိုက်ခြင်းများလား . . . ။

"နေပါဦး . . . ကျော်ဇော်ဝင်းကို တခြားဆေးရုံတစ်ခုခုဆီ ရွှေ့လိုက်လို့လား . . . ဒီမှာ ကျော်ဇော်ဝင်းမရှိတော့ဘူးလား"

"စိတ်မကောင်းစရာပါပဲဗျာ . . ဒီကောင်လေးက ဒီနေရာမှာပဲ ခေါင်းချဖို့ ကံပါလာတယ်ထင်ပါရဲ့ဗျာ"

ခေါင်းနားပန်း ချက်ချင်းကြီးသွားရတယ်။ အသံတွေတုန်နေသလို တစ်ခဏချင်းမှာ ပုံပျက်သွားရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါဦးဗျာ . . . ကျော်ဇော်ဝင်း ဘာဖြစ်လို့လဲ"

"ပြီးခဲ့တဲ့သုံးရက်လောက်မှာပဲ ကျော်ဇော်ဝင်း ဆုံးသွားရှာတာ၊ သူ့မိဘတွေဆီ ဆက်သွယ်တော့လည်း သိတဲ့အတိုင်းပဲ . . . အမွေဖြတ်ထားတာဆိုတော့ ဘာတာဝန်မှ မယူကြဘူး၊ ဒါကြောင့်ပဲ မနေ့ကမှ ဒီက အစီအစဉ်နဲ့ သူ့ကို သင်္ဂြိုဟ်လိုက်ကြရတယ်"

"သွားပါပြီ ကျော်ဇော်ဝင်းရေ . . . ငါ ဘာတွေ ဆက်လုပ်ရမှာလဲ သူငယ်ချင်း"

အရူးတစ်ယောက်လိုပဲ သူ အော်ဟစ်လိုက်မိတယ်။ စိတ်ကို တင်းထားတဲ့ကြားကပဲ မျက်ရည်တွေကျမိတယ်။

သေခြင်းမကောင်းတဲ့ သူငယ်ချင်းအတွက် ယူကြုံးမရ ဖြစ်မိတယ်။ ဒီအတွက် ဘယ်သူ့ကို အပြစ်တင်ရမလဲ။

ကံကြမ္မာကို ပုံချတာထက် ကျော်ဇော်ဝင်းကို ဘဝပျက်အောင် လုပ်တာ၊ အသက်ဆုံးရှုံးအောင်လုပ်တာ မူးယစ်ဆေးပါပဲ။

ဒီကိစ္စ ဒီအဖြစ်အပျက်ကို တင်မေထွန်းသိအောင် သူ ဘယ်လိုပြောရမှန်း မသိသလောက်ပဲ . . .။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# (၅)

ဝင်းမင်းဇော်လေး၏ တစ်နှစ်မြောက်မွေးနေ့ပွဲကတော့ အတော်လေးခမ်းနားခဲ့၏။

မွေးနေ့ပွဲကို ကိုဗညားဇော်နှင့်အတူတူ တက်ရောက်ခဲ့သလို . . . သားလေးအတွက်လည်း သူမတို့ အမှတ်တရပစ္စည်းတွေ ပေးဖြစ်ခဲ့သည်။

မွေးနေ့ပွဲမှာတော့ မင်းသုတနှင့် တင်မေထွန်းတို့က . . . "ဝင်းမင်းဇော်" လေးကို ချီပိုးရင်း အပျော်ကြီးပျော်နေကြ၏။

သူမတို့ပြန်ခါနီးမှာပင် မင်းသုတပြော၏။

"တကယ်တော့ ဒီနေ့ဟာ သားလေးရဲ့မွေးနေ့ပွဲဖြစ်သလို



www.burmeseclassic.com

www.burmeseclassic.com



ငါတို့မိသားစုလေးရဲ့ မင်္ဂလာနေ့လည်း ဖြစ်တယ်၊ ဒီပွဲကို လာတဲ့အတွက် နင့်ကိုရော ကိုဗညားဇော်ကိုပါ ငါ အရမ်း ကျေးဇူးတင်တယ်”

မင်းသုတစကားကို သူမ အပြည့်အဝ နားလည်လိုက်သည်။

တင်မေထွန်းကလည်း တပြုံးပြုံး . . .။

ဘယ်သူမှ မသိလိုက်ကြသောကိစ္စများကို သူမ, သိနေပြန်၏။

ပြီးခဲ့သည့်တစ်ပတ်လောက်ကပင် သူမကို တင်မေထွန်းက ပြောပြပြီးဖြစ်၏။

ရင်ထဲမှာ မျိုသိပ်ရခြင်းတွေက လေးလံလွန်းလှပြီ။

အပြန်လမ်းတစ်လျှောက်လုံးမှာ ငြိမ်သက်နေရ၏။

“ပန်းနုသွေးကိုကြည့်ရတာ မွေးနေ့ပွဲကပြန်လာတာနဲ့ မတူဘူး . . . ဘာလဲ ဝင်းမင်းဇော်လေးကို မွေးစားခွင့်မရတဲ့အတွက် စိတ်မကောင်းဖြစ်နေတာလား”

ဝင်းမင်းဇော်လေးမွေးပြီး ခြောက်လပြည့်သော မွေးနေ့မှာပင် တရားဝင်မွေးစားဖို့ တောင်းရမ်းဖူး၏။

သူမတို့က သားသမီးရဖို့အခွင့်အရေး လုံးဝမရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



တင်မေထွန်းက သဘောတူသော်လည်း မင်းသုတ လက်မခံခဲ့သောကြောင့် မွေးစားဖို့အစီအစဉ် ပျက်စီးသွားရသည်။

"မဟုတ်ဘူး ကိုဗညားဇော်"

"ဒါဆို ဘာအတွက် စိတ်မကောင်းဖြစ်ရတာလဲ"

"သူတို့သုံးယောက် ဘဝပေါင်းဆုံရတဲ့အပေါ်မှာ စိတ်မကောင်းဖြစ်မိတာ"

မင်းသုတနှင့် ပတ်သက်သည်ဟု မပြောဝံ့သော အခြေအနေ . . .။

မျိုသိပ်ထားသော ကိစ္စတွေကိုတော့ ကိုဗညားဇော် သိအောင် ပြောပြလိုက်ချင်၏။

"ဒီစကားက အထူးအဆန်းပဲ၊ သူတို့မိသားစုအတွက် ဘာစိတ်မကောင်းဖြစ်ရမှာလဲ . . . အခုဆိုရင် မင်းသုတအနေနဲ့ သားနဲ့မယားနဲ့ ဖြစ်ရုံတင်မကဘူး . . . အရင်လိုလည်း ချို့ချို့တဲ့တဲ့ မနေရတော့ဘူး၊ မင်းသုတအတွက်ရော၊ သူတို့မိသားစုဘဝလေးအတွက်ပါ ဘယ်လောက်တောင် ပီတိဖြစ်ဖို့ ကောင်းနေလိုက်လဲ"

"ကိုဗညားဇော် မသိသေးတဲ့ကိစ္စတွေ ရှိပါသေးတယ်။

ဒီနေ့ဟာ သားလေးရဲ့မွေးနေ့ပွဲဖြစ်သလို မင်းသုတနဲ့ တင်မေထွန်းတို့ရဲ့ မင်္ဂလာနေ့တစ်နေ့လည်း ဖြစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြန်ခါနီး မင်းသုတပြောခဲ့သော စကားကိုပင် အစဖော်ပေးလိုက်မိသည် သူမတို့အိမ်ဝင်းထဲကို ဝင်ရောက်လာခဲ့ကြ၏။

ကိုဗညားဇော်ကတော့ သူမပြောမည့်စကားကို အရမ်းသိချင်နေပြန်သည်လေ . . .။

မင်းသုတနှင့် တင်မေထွန်းနှင့် ကျော်ဇော်ဝင်းတို့အကြောင်းကို အစမှအဆုံးတိုင် ပြောပြပြီးမှ အိပ်ရာဝင်ဖြစ်ကြသည်။

တင်မေထွန်းနှင့် ဆိုင်မှာဆုံပြီး ပြောဖြစ်ခဲ့သော စကား များ၊ ကျော်ဇော်ဝင်း ဆုံးသွားခဲ့သည့်အကြောင်းများကို အစီအစဉ် တကျပြောပြခဲ့သည်။

သူမနှင့်ပတ်သက်ခဲ့သည်များကိုတော့ လိပ်ပြာလုံစွာဖြင့် ထိမ်ချန်ထားဖြစ်ခဲ့သည်။

"အိပ်မပျော်သေးဘူးလား . . . ကိုဗညားဇော်"

"ဟုတ်တယ် ပန်းနုသွေး . . . ဒီညတော့ တော်တော်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် အိပ်ပျော်မှာ မဟုတ်ဘူး၊ ဝင်းမင်းဇော်လေး အိပ်ပျော်နေသလိုပဲ မင်းသုတနဲ့ တင်မေထွန်းလည်း အိပ်နေကြမှာ၊ ဒီအကြောင်းတွေကို သိရတော့ မင်းသုတကို လေးစားအံ့ဩမိတယ်၊ ဒီစကားက တကယ့်ကို ရိုးသားစွာ ပြောတဲ့စကားပါ ပန်းနုသွေး"

"လျှို့ဝှက်အပ်တဲ့စကားကို ဘယ်သူ့ကိုမှ မပြောရဘူးလို့ ကြားဖူးနားဝရှိတယ်၊ ဝင်းမင်းဇော်လေးအတွက်ပဲ ဒီစကားတွေကို ပန်းနုသွေးအနေနဲ့ လျှို့ဝှက်ရမှာ . . . ဒီအကြောင်းကို တစ်ယောက်ယောက်သိအောင် ပြောပြချင်တယ်၊ ပန်းနုသွေးအနေနဲ့ လျှို့ဝှက်မှု ပျက်စီးသွားတယ်၊ ကိုဗညားဇော်ကတော့ အဲဒီလျှို့ဝှက်မှုကို တခြားလူတွေကို မသိစေရပါဘူးလို့ ကတိပေးနော်"

"ကိုယ်နားလည်ပါတယ် . . . လူတွေအားလုံးက ဝင်းမင်းဇော်လေးဟာ မင်းသုတရဲ့သားအရင်းလေးလို့ ထင်ကြမှာပဲ . . .၊ ဒီနေ့အခမ်းအနားကိုလည်း ဝင်းမင်းဇော်လေးရဲ့ မွေးနေ့ပွဲလို့ ယူဆကြမှာပဲ . . . ဘယ်သူမှ မင်းသုတနဲ့တင်မေထွန်းတို့ရဲ့ မင်္ဂလာပွဲနေ့လို့ ထင်ကြမှာမဟုတ်ဘူး"

"မင်းသုတအနေနဲ့ ဒီသားအမိနှစ်ယောက်ကို တစ်သက်လုံး စောင့်ရှောက်ခွင့်ရဖို့ ရွေးချယ်စရာနည်းလမ်းဟာ ဒီတစ်ခုပဲရှိတော့တာလေ၊ တင်မေထွန်းအနေနဲ့ကလည်း မင်းသုတကို လေး



www.burmeseclassic.com

www.burmeseclassic.com



စားရင်းကပဲ သံယောဇဉ်ကြီးခဲ့တာလေ”

တစ်ချိန်တုန်းကတော့ . . မင်းသုတအပေါ် အထင်မကြီး သလို ဂရုလည်းမထားခဲ့။

မင်းသုတနှင့်ပတ်သက်ပြီး သူမအဖို့ အကြွေးတွေ တင်ကျန်ရစ်ခဲ့ပြီလေ . . . ။

ဒီအကြွေးတွေကို ပြန်ဆပ်ခွင့်မရှိတော့။

ဒီဘဝမက . . . နောက်နောင်ဘဝများစွာအထိ ဆပ်နိုင်ဦးမည် မထင်ပေ . . . ။

ဒီဘဝမှာတော့ . . . မင်းသုတ၏ မောပန်းနေသော ရင်အစုံကို တင်မေထွန်းက ငြိမ်းအေးစေမည်ပဲ။

########## မောင်ညိုအေး (ပန်းတော)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com